
www.burmeseclassic.com

# ရွှေမန်းသား နှင့်

# လှတောသား

သိမ့်သိမ့်နွေး



www.burmeseclassic.com

www.burmeseclassic.com

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး

★ မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ ကြခင်းသားစကားပဒေသာ | ..... | ၃၃ |
| ကစားတာပါ | ..... | ၃၆ |
| ကာလထောင်တာ ဥပမာ | ..... | ၃၇ |
| ကြည့်လိုက်တော့ | ..... | ၃၈ |
| ချစ်တီးဦးခေါင်း | ..... | ၄၀ |
| ခွေးတူငက်တူ | ..... | ၄၂ |
| ညင်သာပုံ | ..... | ၄၃ |
| နားပေါက်မပါ၍ | ..... | ၄၄ |
| နိမိတ်မကောင်း | ..... | ၄၅ |
| နှိုင်းပုံကြီးက | ..... | ၄၇ |
| ပါးစပ်မျဉ်းကြောင်း | ..... | ၄၈ |
| ပုံကြီးတချဲ့ချဲ့ | ..... | ၄၉ |
| ပြုံးပုံ ဥပမာ | ..... | ၅၁ |
| မေတ္တာ အသခ်ျေ | ..... | ၅၂ |
| မျက်နှာ ဥပမာ | ..... | ၅၃ |
| သွားရည်တများများ | ..... | ၅၄ |
| အနက်တွင် အမှောင်ဆင့် | ..... | ၅၅ |
| အလင်းဥပမာ | ..... | ၅၇ |
| အသံတစာစာနှင့် | ..... | ၅၈ |
| အဦးအစ | ..... | ၅၉ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၂။ | နတ်မောက်သားစကားပဒေသာ | ၆၁ |
| | ကလေးကလား | ၆၄ |
| | ခလောက်က ဂျောင်ဂျင် | ၆၅ |
| | ငွေ ဘာငွေလဲ | ၆၆ |
| | ထွန်တော့ တစ်နံနက် | ၆၇ |
| | နှာရောင်ကွယ်စကား | ၆၈ |
| | ပလုတ်ပလော်င်း | ၆၉ |
| | ဖလားလား အင်တုံလား | ၇၁ |
| | မိန်းမကြမ်း | ၇၁ |
| | ယားရာ ယားရာ | ၇၃ |
| | အိုးက မပူ | ၇၄ |
| ၃။ | ရွှေမန်းသားစကားပဒေသာ | ၇၇ |
| | ကိုယ့်မျက်ချေးကိုယ်မမြင် | ၈၀ |
| | ကိုယ့်အတောင်နှင့်ကိုယ် | ၈၂ |
| | ကြည့်ဦးမှပေါ့လူရာ | ၈၄ |
| | ကျွဲမှန်သမျှ မည်း | ၈၆ |
| | ခြေရင်းကတော့မနေ | ၈၉ |
| | ငစ်မိုက်ကြောင့် | ၉၁ |
| | စေ့စပ်ပါပေ့ဗျာ | ၉၄ |
| | တစ်မျိုးပြီးတစ်မျိုး | ၉၇ |
| | တွေးမှတွေးတတ်ပလေ | ၉၉ |


# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| | ထိန်းပါ ထိန်းပါ | ၁၀၂ |
| | ဒါပေမယ့်ပေါ့လေ | ၁၀၃ |
| | ဒီလိုတော့ဟုတ်သား | ၁၀၇ |
| | ပေါ်လာနိုးမျှော်ကိုး | ၁၀၉ |
| | ပုံသာကောမှာ | ၁၁၁ |
| | ပိန္နဲပင် မပါစေနဲ့ | ၁၁၂ |
| | ဘက်ဆိုတာ လိုက်စမြဲ | ၁၁၆ |
| | မင်းအဖြစ်ကဆိုး | ၁၁၉ |
| | ရောတစ်ခါ ပေးငါးခါ | ၁၂၃ |
| | ရှိလျက် အသုံးမတတ် | ၁၂၄ |
| | လွဲမှ လွဲတတ်ပလေ | ၁၂၆ |
| | လှေနံထိုးတို့ | ၁၂၈ |
| | လုပ်လိုက်မှဖြင့် | ၁၃၂ |
| | သူကမဲ တစ်ပြန်စီး | ၁၃၄ |
| | ဟန်ပန်နှင့်လာခါမှ | ၁၃၇ |
| | အဲဒါပဲ ကျန်သဗျို့ | ၁၄၀ |
| | ဤသည်ကား ထိုသည်ကား | ၁၄၂ |
| ၄။ | လယ်ကိုင်းသား စကားပဒေသာ | ၁၄၉ |
| | ကျောက်သစ်ကျောက်ဆန်း | ၁၅၂ |
| | ကြဲကြဲဖန်ဖန်ကန် | ၁၅၃ |
| | ကြိုက်သလို ရစေ့မယ် | ၁၅၅ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ငါ့ မြွေမကျန်တော့ဘူး | ..... | ၁၅၆ |
| စေးလိုက်ပုံရယ် | ..... | ၁၅၈ |
| စိတ်ကူးလေးတရင့်ရင့် | ..... | ၁၅၉ |
| ဆင်ဖြူတော်ပြုတ်စားခြင်း | ..... | ၁၆၀ |
| တွေးတတ်ပုံမှာ | ..... | ၁၆၂ |
| နှမြောလိုက်တာ | ..... | ၁၆၃ |
| ပိုချင်လဲပိုပါစေ | ..... | ၁၆၅ |
| ဖြစ်ရမယ်လေ | ..... | ၁၆၇ |
| ဘူးဆိုမှ ဘူး | ..... | ၁၆၈ |
| မယုံလည်းယုံ ယုံလည်းယုံ | ..... | ၁၇၀ |
| မီးသတိထား | ..... | ၁၇၁ |
| ရောဘောကိုလုပ်ထား | ..... | ၁၇၂ |
| ရိုက်တာပဲကောင်းတယ် | ..... | ၁၇၃ |
| လွန်ချင်လဲ လွန်ပါစေ | ..... | ၁၇၅ |
| ဝေပုံခြမ်းပုံ | ..... | ၁၇၅ |
| သိကြားအိမ်နှင့် မှား | ..... | ၁၇၆ |
| အလင်းထက် မြန် | ..... | ၁၇၇ |
| အသံထက် မြန် | ..... | ၁၇၈ |
| အားမနာနဲ့နော် | ..... | ၁၇၉ |
| အိုးမြှောင်ကောင် | ..... | ၁၈၀ |
| အိပ်ပျော်နေသူ | ..... | ၁၈၁ |


## မာတိကာ


| | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅။ | လှတောသားစကားပဒေသာ | .... | ၁၈၃ |
| | ကာကမောင်နှံ | ..... | ၁၈၆ |
| | ကုလားအုတ်ညည်းချင်း | ..... | ၁၈၇ |
| | ကျားသမ္မထိပ်ခေါင် | ..... | ၁၈၈ |
| | ကျေးတောခွေး | ..... | ၁၉၀ |
| | ကြီးကျယ်ပုံအနှိုင်း | ..... | ၁၉၂ |
| | ခန့်ညားပါဘိ | ..... | ၁၉၃ |
| | ချစ်ပုံချစ်ပုံ | ..... | ၁၉၄ |
| | ချမ်းသာမပေး | ..... | ၁၉၆ |
| | ဂျာကင်အဆန်း | ..... | ၁၉၈ |
| | ဂျက်စကား ဖော်ကာစကား | ..... | ၁၉၉ |
| | ငါးပိထဲက ဝက် | ..... | ၂၀၀ |
| | ငါးခူရှားပုံ | ..... | ၂၀၂ |
| | စူဠသုဘဒ္ဒါ | ..... | ၂၀၄ |
| | စည်းကားပါပေ့ | ..... | ၂၀၅ |
| | ဆော့လိုက်တာကွယ် | ..... | ၂၀၇ |
| ၆။ | နိဂုံး | | |


www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

နိဒါန်းအနေနှင့် ဤစာအုပ်အမည်ကို ရှေးဦးစွာ တင်ပြလိုပါသည်။ စာအုပ်အမည်မှာ ရွှေမန်းသားနှင့် လှတောသားဖြစ်၍ ကြံခင်းသား၊ နက်မောက်သား၊ ရေနံချောင်းသား၊ ရန်ကုန်သား၊ လယ်ကိုင်းသား၊ လှတောသားနှင့် ရွှေမန်းသားတို့ရဲ့ စကားလက်ာ၊ စကားပဒေသာများပါရှိပါ၏။ သင့်လျော်မည်ထင်သောစကားများနှင့် စကားပဒေသာ စကား တောင်စားနှင့် စကားဝိဇ္ဇာစာအုပ်များမှာ မပါသေးတဲ့စကားများကို ရွေးချယ်တင်ဆက်ထားပါသည်။

ဤ' ရွှေမန်းသားနှင့် လှတောသား' စာအုပ်ကိုတင်ဆက်ရခြင်းအကြောင်းကား ဆက်လက်အစီရင်ခံလျက် စာဖတ်ပရိသတ်ကြီးမှာ စကားနှင့်ဆိုင်သော ဗဟုသုတများရရှိစေချင်သော စေတနာကြောင့် ဖြစ်ပေသည်။ စကားပြော ဗဟုသုတရှိသူအနေနှင့် စကားကို ဆီလျော်အောင် ပြောတတ် လာပါမည်။ ရှေ့နောက်အဆီအငေါ် တည့်လာပါမည်။

ဤသို့ဆိုလျှင် ကြားနာရသူတွေ စိတ်ချမ်းသာပါသည်။ ရွှင်လန်းဝမ်းမြောက်ပါသည်။ ပြောဆိုဆက်ဆံမှုတွေ အဆင်ပြေသည့်အတွက် လူမှုကိစ္စများ ချောမွေ့နိုင်ပေသည်။

ပညာကိုလိုလျှင် ပညာရှိကိုဆည်းကပ်ပြီး ပညာရနိုင်သောစာအုပ်စာတမ်းများကို စိတ်ပါဝင်စားစွာဖတ်ရှုလေ့လာရသည်။



ရေးမှုတတ်သော်လည်း ဖတ်မှုတည့် မကျွမ်းလျှင်၊ မြေခ ယောင်းလှည်းမောင်းပုံ စာအသွား၊ နားဝတံကျင်၊ ဖတ်မှုကျွမ်း လျှင်ဖြင့်၊ မစွမ်းသူ ရေးစာဖြစ်သော်လည်း၊ နှစ်သာရရှိသည်ပင်၊ နားအဝင်ချိုမြ၊ သို့၍ပါ၊ လွတ်ရုံးပညာဝါတို့၊ ရေးရာမှာ အမှန်ရှု ရမည်တဲ့၊ ဖတ်ရှုရာတွင် အသံဟုရယ်လို့ သုံးပြုကြပေ။

ဆိုလိုသည်မှာ အဖတ်အရွတ် အဆိုနှင့် သံနေသံထားကျနခြင်းတို့ အရေးကြီးသည့်အချက်ဖြစ်ပါသည်။

'အစိတ်အဖြာ အင်္ဂါဆယ်ခု ဖတ်မှုမကျွမ်း' ဆိုရာ၌ အင်္ဂါဆယ်ခုဆိုတာကတော့ . . .

| | | |
|---|---|---|
| မနိတ | - | တင်းတင်းရွတ်ဖတ်ခြင်း၊ |
| သိထိလ | - | လျော့လျော့ရွတ်ဖတ်ခြင်း၊ |
| ဒီဃ | - | ရှည်ရှည်ရွတ်ဖတ်ခြင်း၊ |
| ရဿ | - | တိုတိုရွတ်ဖတ်ခြင်း၊ |
| ဂရု | - | လေးလေးရွတ်ဖတ်ခြင်း၊ |
| လဟု | - | ပေါ့ပေါ့ရွတ်ဖတ်ခြင်း၊ |
| သမ္ဗန္ဓ | - | စပ်၍စပ်၍ ရွတ်ဖတ်ခြင်း၊ |
| ဝဝတ္ထိတ | - | ခြား၍ ဖြတ်၍ ရွတ်ဖတ်ခြင်း၊ |
| ဝိမုတ္တ | - | နှုတ်ခမ်းကို ဖွင့်၍ ရွတ်ဖတ်ခြင်း၊ |
| နိဂ္ဂဟိတ | - | နှုတ်ခမ်းကို ပိတ်ပြီး ရွတ်ဖတ်ခြင်း။ |

www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက် အသံ (၁၂)ပါးဆိုဟာ ရှိပါသေးသည်။ အသံ (၁၂)ပါး ကို ဖွဲ့ဆိုထားသော လင်္ကာသွားမှာ . . .

စာဖတ်စာရွတ်　　သံလွတ်သံလွင့်
သံရင့်သံညှင်း　　သံပြင်းသံဖြတ်
သံရပ်သံငုပ်　　သွား နှုတ်ခမ်း လျှာ
အသာ အသင့်　　အဖွင့် အပိတ်
အလိပ်အဖြန့်　　သီးသန့်ချောမော
လျှောလျှောပြေပြစ်　　ထွေးရစ်မရှုပ်
မင်သုပ်ချုပ်သို့　　အားထုတ်လုံ့လ
ဆောက်ကုန်ကြမှု　　ထိုသသူအား
ပွဲများသဘင်　　အံ့ရာထင်လိမ့်
လူတွင် လူများ တန်ဆောင်တည်း။

ဖြစ်သလို အသံထွက်လျှင် တဖြည်းဖြည်းနှင့် ဘယ်ဟာ အမှန်မှုရင်း အစဘာဆိုတာ ခြေရာကောက် မရအောင် ဖြစ်သွားတတ်သည်။ လေးလေးရွတ်ရမည့်အသံကို ပေါ့ပေါ့ရွတ်လျှင်လည်း တစ်စတစ်စနှင့် အမှန်ရှာမရဘဲ ဖြစ်သွားနိုင်သည်။ ဤသည့်အတွက် လွတ်စာရေးတော်ကြီး ဦးစံဘဆိုသူက စာဖတ်စာရွတ်ရာမှာ သတိပြုနိုင်ကြဖို့ လေးဆစ်သဖြန့်တစ်ပုဒ် စပ်ဆိုထားပေသည်။

## နိဒါန်း

သို့ဖြစ်၍ စကားပြောသည်ဖြစ်စေ၊ စာဖတ်သည်ဖြစ်စေ၊ နှုတ်ဖျားက အသံထွက်ရုံနဲ့မပြီးဘူးဆိုတာ သိသာလောက်ပေပြီ။ ဒါက စကားပြောရာမှာ၊ စာကို အသံထွက်ရာမှာ ဘယ်လောက် အရေးကြီးပုံကို တင်ပြခြင်းဖြစ်ပါသည်။ ဒါပေမယ့် ပျို့၊ ကဗျာ၊ လင်္ကာအပိုင်းတွေကို အသံထွက်ပြီး မရွတ်ကြ မဖတ်ကြတော့တဲ့အတွက် စကားပြောရာမှာသာ အကျုံးဝင်တော့မည်ဆိုလျှင် မှားမည်မထင်ပေ။

မြန်မာစာ မြန်မာစကားမှာ အသံများကို သူ့နေရာနှင့်သူ စည်းကမ်းကျနစွာ သတ်မှတ်ထားပါသည်။

အ - ကို သံငုပ် (ငုပ်သွားသောအသံ)ဟုခေါ်ပေသည်။
အာ - ကိုတော့ကွဲသံပါသည့်အတွက် သံလွင့်ဟုလည်းခေါ်သည်၊
ဣ - သံငုပ်။
ဤ - သံလေးဖြစ်သည်။
ဥ - သံငုပ်ပင့်ဖြစ်ပေသည်။
ဦ - လွင့်သံထွက်သော သံတန်းဖြစ်သည်။
ဧ - ချိုလေးသော အသံ။
အဲ - မှာလည်း သံကွဲသံတန်းပင်ဖြစ်၏။
ဩ - သံမောင်း။
ဪ - အလွန်မြည်သောသံလွင်။
အိုင် - သည်လည်း သံမောင်းဖင်။

www.burmeseclassic.com

www.burmeseclassic.com

စကားပြောကောင်းသူ ဖြစ်ချင်လျှင်လည်း စကားနှင့်ဆိုင်သော စာပေ လက်ာနှင့်ဆိုင်သော စာပေများကိုလေ့လာရပါမည်။

မြန်မာစာ မြန်မာစကားတွင် အသံ (၁၂)ပါးရှိ၏။ နှုတ်အမ်း အနေအထား၊ လျှာအနေအထားနဲ့ဆိုင်တဲ့ အာထားလျှာ ထား (၁၂)ပါးလည်း ရှိပါသေး၏။

ပုဒ်စပ်ချောမွေ့
သံလွတ်ဖွင့်ဆို
တင်းလျှော့နိဂ္ဂဟိတ်
အင်္ဂါဆယ်ခု
နားမချမ်းမြ
မကောက်မငင်
မဖင့်နွဲ့နှင့်။
စနောင့်စနင်
ဇာမကျလည်း
ရိပ်ခြည်မပြ
အဝပြင်ဖွယ်
အစွန်ပြင်ရေး
တက်သွားပြောင်းသွား
မများအက္ခရာ
နှုတ်လျှာမဖုန်
သန္ဓေခြားဖြတ်
ရှည်လေးပေါ့
အစိတ်အဖြာ
ဖတ်မှုမကျွမ်း
တတ်စွမ်းသောလျှောက်
မသည်ပြင်ဘဲ
မရဲမရောင့်
နာချင်နာရ
ရှုတ်ချပြည်သည်။
ရွံ့ပြေကြ၍
အလယ်ပြင်ကန်
အသင့်ဆေးလျှက်
စိန်တပ်မြားသို့
မြက်မြက်မာသည်
ပါလင့်ကုန်။

## နိဒါန်း

ရေစစ်ကရားမှာ အမှန်အားဖြင့် 'ဓမ္မကရိုဏ်' ရေစစ် ကိရိယာကို ကြည့်ပြီး ပြောသော စကားဖြစ်ပေသည်။

ရဟန်းသာမဏေများ သုံးစွဲတော်မူကြဟဲ့ ပရိက္ခရာ ရှစ်ပါးထဲမှာ ဓမ္မကရိုဏ်လို့ခေါ်သည့် ရေစစ်ကိရိယာ ရေစစ် ကရားလည်းတစ်ပါးအဖြစ် ပါဝင်ပေသည်။

ဓမ္မကရိုဏ်အနေနှင့် မျက်နှာပြင့်ဝိုင်းပါသည်။ ထိုဝိုင်းသောနေရာတွင် အပေါက်မှာအပြည့်ဖြစ်ပြီး ပိတ်သားကို ဖုံးအုပ်ချည်နှောင်ထားသည်။ ထိုနေရာမှ အပေါ်သို့တက် သွားသောအခါ ပုံသဏ္ဌာန်သည် မသိမသာခုံး၍သွားကာ ထိပ်တွင် အညှာကလေးတစ်ခုရှိလေသည်။ ၎င်းအညှာကလေး မှာ လက်ညှိုးလက်ခလယ်တို့ ညှပ်၍ကောင်းသော အနေအထား ရှိသည်။ အညှာ၏ထိပ်မှာလည်း လက်မနှင့်ပိတ်၍ ကောင်း အောင် အခွက်ကလေး တစ်ခုနှင့် အပေါက်ကလေး တစ်ခုရှိ၏။

ရေကို စစ်လိုသူအနေနှင့် ရေစစ်ကို အညှာကလေးမှ ကိုင် ပြီး ရေမျက်နှာပြင်ထဲသို့ နှစ်ရ၏။ နှစ်သောအခါ အညှာမှ အပေါက်ကလေးကိုဖွင့်ထား၏။ ရေသည်ပိတ်ဖျင်ကို ဖြတ်သန်း ပြီးဝင်လာ၏။ ရေစစ်ကရားထဲ၌ လိုအပ်သောရေများရောက် လာသောအခါ အညှာပေါက်ကို လက်မဖြင့်လုံအောင် ပိတ်ပြီး ဆွဲယူလိုက်ရလေ သည်။ ရေစစ်ကရားထဲမှ ရေသည်ပိတ်ဖျင်မှ ယိုကျခြင်း ပေါက်ကျ ခြင်းမရှိဘဲ ပါလာပေသည်။ လှည့်ခြင်း မည့် ခွက်အဝသို့ ရောက်လျှင်အညှာတွင် ပိတ်ထားသော လက်မကို ဖယ်လိုက်ရသ...

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

ရေစစ်ကရားတစ်ခုလုံးတွင် အညာပေါက်ကလေးသည် အဓိက မဟုတ်ပါလား။ စကားပြောရာတွင်လည်း ရေစစ်ကရားမှ အဓိက ကျသော နေရာကို ကိုင်တွယ်သည့်နည်းတူ အဓိကအချက် ကို အရအမိဖမ်းကိုင်ပြီး လိုရာရောက်အောင် ပြောဆိုခြင်းသည် ရေစစ်ကရား စကားပြောနည်းဖြစ်ပေ၏။

ဒသမမြောက်စကားမှာ ခက်တင်မောင်းနှင်း စကား ပြောနည်းဖြစ်၏။

၎င်းစကားမှာ ဆန်ဖွပ်သောခြေနင်းမောင်းဆုံ၏သဘော သဘာဝကိုကြည့်ပြီး သုံးသပ်တင်စားထားသော စကားဖြစ် ပေ၏။

ဆန်ဖွပ်သော ခြေနင်းမောင်းဆုံသည် ရှည်လျားသော သစ်တုံးကြီးဖြစ်၏။ ၎င်း၏ တစ်ဖက်ထိပ်တွင် ကျည်ပွေ့တပ် ထား၍ မောင်းဦးဟုခေါ်၏။ ထိုမောင်းဦးရှိ ကျည်ပွေ့ကြွမြောက် သွားစေရန် ဆန့်ကျင်ဘက်အဖျားဖြစ်သော မောင်းရင်းကို ခြေဖြင့်တအား နင်းရသည်။ ဤသို့မောင်းဦးကြွမြောက်နေ ချိန်သည် အခက်ခဲဆုံး အချိန်လည်း ဖြစ်၏။ တိုးလိုးတန်းလန်း အနေအထားဖြစ်၏။

စကားပြောရာမှာ ၎င်းကဲ့သို့ တိုးလိုးတန်းလန်းထားရန် လိုအပ်သောအခါ၌ ထားရ၏။ ဤသို့ တိုးလိုးတန်းလန်းထား ခြင်းဖြင့် ရည်မှန်းချက်ပြီးမြောက်သွားသော ပုံဝတ္ထုများလည်း ရှိဖူး၏။

## နိဒါန်း

သို့အတွက် ဤ'ရွှေမန်းသား'စာအုပ်သည် စကားပြော ကောင်းသူဖြစ်စေရန်၊ အလုပ်အကိုင်အောင်မြင်စေရန် မိတ်ဆွေ ပေါများသူဖြစ်စေရန် ကူညီမည့် အကျိုးဆောင်ဟု ခေါ်လျှင် လည်း မှားမည်မဟုတ်ပါ။

ကောင်းမွန်စေရေး၊ ဖတ်ရှုသူများနှစ်သက်စေရေး အတွက်တစ်အုပ်နှင့်တစ်အုပ်မထပ်အောင် ကြိုးစားစီမံထား ပါသည်။ ချွတ်ချော်တိမ်းပါးမှုများ တွေ့ရှိပါက ညွှန်ပြခြင်းဖြင့် ကူညီကြပါဟု မေတ္တာရပ်ခံပါသည်။

စာဖတ်သူများ ရွှင်လန်းချမ်းမြေ့ပါစေ။

သိမ့်သိမ့်နွေး



www.burmeseclassic.com

www.burmeseclassic.com




## ကြံခင်းသားစကားပဒေသာ

ကြံခင်းမြို့အနေနဲ့ ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်းမှာတည်ရှိပါတယ်။ အထင်ရှားဆုံး စက်ရုံကြီးတစ်ရုံရှိပါတယ်။ ဘိလပ်မြေစက်ရုံလေ။ ရခိုင်ပြည်နယ်နဲ့ နွားဝန်တင်များသွားတဲ့ ကုန်းလမ်းလည်းအဆက်အသွယ်ရှိပေတယ်။ ရာသီဥတုမှန်ကန်ကောင်းမွန်ပြီး မြေဩဇာထက်သန်တဲ့အတွက် သီးနှံသားငါးများ ပေါများပါတယ်။

ဟင်္သာတ-ပုသိမ်မီးရထားလမ်းများရဲ့ အစလည်းဖြစ်တဲ့ ကြံခင်းမြို့အနေနဲ့ ကောင်းမွန်တဲ့သင်္ဘောဆိပ်လည်းရှိတဲ့အတွက် သာယာလှပတဲ့ နေချင့်စဖွယ်မြို့ကလေးတစ်မြို့ပါပဲ။ သမိုင်းဝင်မြန်အောင်၊ ကနောင်မြို့များနှင့်လည်းနီးကပ်၊ရေမြေကလည်းကောင်းတဲ့အတွက် သတိထားပြီးမှတ်သားဖူးပါတယ်။

အခု အဲဒီကြံခင်းသားတစ်ချို့ရဲ့ မှတ်သားစရာ၊ နှစ်သက်စရာ စကားတစ်ချို့ကို ရှုစားမြုံးရွှင်ကြပါစို့လား။

www.burmeseclassic.com

www.burmeseclassic.com



## ကစားတာပါ

သင်္ဘောတစ်စင်းပေါ်မှာပါ။ ဘယ်ကနေပြီး ဘယ်သွားတဲ့ ခရီးဆိုတာတော့ မမှတ်မိတော့ပါဘူး။

သင်္ဘောလက်ရန်းကို ကျောပေးပြီး ခင်းထားတဲ့ ပက်လက်ကုလားထိုင်တွေပေါ်မှာ ခရီးသည်တွေ ငိုက်နေကြလေရဲ့။ တချို့လဲ အိပ်ပျော်နေကြမှာပေါ့လေ။ ဒီခရီးသည်တွေထဲက အသက်(၅၀)အရွယ် မျက်နှာချိုချိုနဲ့ လူတစ်ယောက်ကတော့ မအိပ်နိုင်ပါဘူး။ ငိုက်လဲ မငိုက်ရဲပါဘူး။

ဘယ်မှာ ငိုက်ရဲပါ့မလဲ။ သူ့မှာက ကလေးနှစ်ယောက်ပါလာတယ်လေ။ ကလေးနှစ်ယောက်ကို ကုလားထိုင်တစ်လုံးစီဝယ် ပေးထားတယ်။ ဒါပေမယ့်တစ်လုံးတည်းမှာပဲ နှစ်ယောက်သား လုံးထွေးနေကြတယ်။

ကလေးနှစ်ယောက်အနေနဲ့ ရုပ်ချင်းဆင်ပေမယ့် အကြီးအသက် ကတော့ (၄-၅)နှစ်လောက်ကွာ့ပုံရတယ်။ အကြီးကလေးက အငယ်ကလေးကို ညာတာ တာဟာ ထုံးစံပါပဲ။ အခုလည်း ညီက အစ်ကိုရဲ့ ရင်ဘတ်ပေါ် တက်ခွထားတယ်။ ပြီးတော့ အစ်ကိုရဲ့ နှာခေါင်းကို ပိတ်ထားတယ်။

နှာခေါင်းအပိတ်ခံရတဲ့ ကလေးကြီးအနေနဲ့ ပါးစပ်ဟပြီးအသက်ရှုရတာပေါ့။ အငယ်ကလေးက ပါးစပ်ကိုပါ ပိတ်ပြန်တယ်။ ကလေးကြီးအနေနဲ့ ခဏတော့ ငြိမ်နေတယ်။ နောက်တော့ အတင်း လွန့်လူးရုန်းကန်တယ်။ ရုန်းကန်ရမည်





လားဆိုတဲ့သဘောနဲ့ ကလေး ငယ်က အကြီးကလေးရဲ့ ရင်ဘတ်ကို ခုန်ဆွခုန်ဆွလုပ်ပြီး ဖင်နဲ့ ဆောင့်တယ်။

အဖေ မခံနနိုင်တော့ပါ။

'သားငယ် . . . သား၊ အစ်ကိုကြီးကို ဒီလိုမလုပ်ပါနဲ့ကွယ်။ နံရိုးတွေ ဘာတွေ ကျိုးကုန်မှာပေါ့'

'ဖေဖေကလဲဗျာ ကစားတာပါ'

'မင်းဟာက သားငယ့်ရယ်၊ ကစားတယ် ကစားတယ်နဲ့ အရင်းထိနေပြီကွ'

မျက်နှာချင်းဆိုင် သံဆန်ခါတန်းဘေးမှာ ထိုင်နေတဲ့ ခရီး သည်တွေက တိတ်ဆိတ်စွာ လက်ဖက်စားနေကြတယ်လေ။ ကြံခင်းသားကြီးရဲ့ စကားကိုလည်း ကြားရော ဝါးကနဲရယ်လိုက်ကြတာ တော်တော်နဲ့ မစဲဘူး။

လောင်းကစားမှုပြုရာမှာ ရှုံးလာတဲ့အခါ အရင်းငွေထဲက တစ်စတစ်စပဲ့ပြီးပါသွားတာကို ပြောဟန်တူပါရဲ့။ ။

## ကာလတော်ဝင်တာ ဥပမာ

နောက်ကြံခင်းသားတစ်ယောက်ကတော့ ရန်ကုန်ရောက် ကြံခင်းသားပါ။ အုတ်ကျင်းဘက်မှာ နေတယ်လေ။ တစ်နေ့တော့သူတို့ရပ်ကွက်ထိပ်ကလက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ မိတ်ဆွေတစ်ချို့နဲ့ ဆုံမိကြတယ်။

ကြံခင်းသား ကိုတင်အောင်ထက်ကြိုပြီး ရောက်နှင့်တဲ့ မိတ်ဆွေသုံးယောက်အနေနဲ့ ကိုတင်အောင်ကို ပှည့်ပြီး စကား မပြောနိုင်ကြသေးဘူး။ ပြောလက်စစကားက မပြတ်ဘဲကိုး



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမကြာဘူး၊ သူငယ်ချင်းရေ ငါးသောင်းတန်အိမ်တစ်လုံးနဲ့ အီဆူဇူကားတစ်စီးထဖြစ်လာတာပဲ၊ ပလက်စတစ်လုပ်ငန်းကောင်းတုန်းကလဲ ဒီလိုပဲ ကောင်းတာကွ'

'နောက်တော့ ဘာလုပ်လို့ အခုလို ဖြစ်သွားရတာလဲ'

'စီးပွားကဖြစ်တယ်ဆိုတော့ လူကလဲ မြောက်နေတာပေါ့လေ၊ အရက်သောက်တတ်လာတယ်၊ ဖဲကလေးဘာလေးလဲ ကစားတတ်လာတယ်၊ အဲ မိန်းမငယ်လဲထားရော၊ ဖွတ်လျှောလိပ်လျှောလျှောပြီး ဒုံရင်းဒုံရင်းပဲ ပြန်ဆိုက်တော့တာပါကွာ'

ထိုအချိန်တွင် ကိုတင်အောင်သည် လက်ဖက်ရည်မှာယူပြီး စတင်သောက်စပြုနေရာက စကားဝိုင်းထဲ ဝင်ပြော၏။ သူပြောလိုက်တဲ့ စကားကြောင့် ဘေးပတ်ဝန်းကျင်က စားပွဲမှာရောက်နေ တဲ့ လူတွေပါ ဟဟားဟားဖြစ်ကုန်ကြတယ်။

ကိုတင်အောင်ပြောလိုက်တဲ့ စကားကတော့ . . .

'ဖြစ်ရလေ ကိုသန်းမောင်ရယ်. . . ခင်ဗျား ကြီးပွားတဲ့အချိန်ကလဲ မီးခဲပေါ် ယင်နားသလောက်မှ မကြာပါကလားဗျာ'

ပါတဲ့ခင်ဗျာ။ ။

## ကြည့်လိုက်တော့

အဲဒီ ဦးတင်အောင်အနေနဲ့ ခင်မင်သူပေါတယ်။ အသိအကျွမ်းလဲများတယ်။ အဲဒါကြောင့် ရယ်မောသံဆုံးသွားစမှာ သူကျောဘက်စားပွဲက လူငယ်ကလေးတစ်ယောက်က စီးကရက်လာတည်တယ်လေ။





'ဦးလေး စီးကရက် သုံးဆောင်ပါဦး'

ဦးတင်အောင် စီးကရက်ယူပြီး မီးညှိနေဆဲမှာ စီးကရက်တည်တဲ့ လူငယ်ကလေးပါဝင်တဲ့ စကားဝိုင်းက အရှိန် ကောင်းလာတယ်လေ။

'မမတို့ကတော့ တကယ်ဟန်ကျတယ်ဟေ့၊ ငါဆိုရင်ဆယ်ရက်လောက်ရှိပြီ၊ မမကိုစောင့်ကြည့်နေတာ၊ တစ်နေ့နဲ့တစ်နေ့ ဆံပင်မထပ်ဘူး၊ အဝတ်မထပ်ဘူး'

'ငါ့မမကတော့ ဆင်းရဲတယ်ကွာ၊ အဝတ်တစ်စုံကိုသုံးရက်ဝတ်ရရှာတယ်၊ အို- သူကဘာပဲဝတ်ဝတ် ငါ့ရင်ထဲမှာအေးနေတာပဲ'

ဇာတ်လိုက်မမ ပါသော ရုပ်ပြပွဲလား၊ ဝတ္ထုပဲလားမသိ၊ တစ်ခုခုရဲ့လက်တလော ဖမ်းစားခံနေရဟန်တူတဲ့ လူငယ်ကလေး တွေမှာ 'ညီမ' တို့၊ 'တို' တို့၊ 'သူများ' တို့ မဟုတ်တော့ 'မမ' ဖြစ်နေကြတယ်။

သူတို့စကားမပြတ်ခင်မှာ ဦးတင်အောင်က ကျောဘက်လှည့်ပြီးပြောလိုက်ပုံက -

'မင်းတို့က မမ မမနဲ့ တမတည်းမနေကြတာ၊ ငါလဲမမတစ်ယောက်ကို သတိရတယ်'

'ဘယ်လို မမလဲ ဦးလေး'

'ငါနေတဲ့ အရင်ရပ်ကွက်မှာပေါ့ကွာ၊ လမ်းထဲက ကလေးတွေ မမ မမနဲ့ ခေါ်သံကြားတယ်ကွ၊ တစ်နေ့တလေ မဟုတ်ဘူး၊ နေ့တိုင်းကြားနေရတော့ ဩော် မမဆိုတာ လှလှပပကလေး၊ ရွှမ်းရွှမ်းစိုစို အိအိဖြိုးဖြိုး ကလေးနေမှာပဲထင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ငဲ့စောင်းကြည့်မိတယ်ကွ၊ အလိုလေးကွာ 'မမ' တဲ့၊ ဘူးသီးသာ
ဆိုရင် အဆန့် ချောင်နေပါပြီကွ၊ အိုနွာနွာပိန်ခြောက်ခြောက်
ရှုံ့တွတွနဲ့'

လူငယ်ကလေးတွေနှင့် ဦးတင်အောင်ရဲ့မိတ်ဆွေတွေပါ
တစ်အားရယ်မိကြတယ်။ ဘူးသီးဆိုတာက တော်ရုံတန်ရုံရင့်လို့
ကတော့ အဆန့်မချောင်သေးပါဘူး။ ခြောက်ခါနီးအောင်
ရင့်ရော် လာမှ အဆန့်ချောင်တာ မဟုတ်လား။ အဲဒါကြောင့်
ဦးတင်အောင်ပြောတဲ့ မမအနေနဲ့ ဘယ်လောက်အိုစာနေပြီ
ဆိုတာ စဉ်းစားလို့သာ ကြည့်ပါတော့။

□□□

## ချစ်တီးဦးခေါင်း

အထက်ပါ ဦးတင်အောင်ပင် သူ့အိမ်မှာဖြစ်ပျက်ခဲ့သည့်
အဖြစ်အပျက်တစ်ခုကို ဆက်လက်တင်ဆက်ပါဦးမယ်။

အဲဒီနေ့က နံနက်ပိုင်းမှာ ဦးတင်အောင်လည်း ကြက်ဥ
ကြော်နဲ့ လက်ဖက်ရည်သောက်ရင်း တစ်ဖက်ကသတင်းစာလဲ
ဖတ်နေတယ်။ အဲဒီအခိုက်မှာ သူ့ဇနီးက အဝတ်လျှော်ဖို့
အဝတ်တွေ ထုတ်လာတယ်။ ဦးတင်အောင်ရဲ့အပေါ် အကျီကို
လှန်လှောရင်း ဟိုနှိုက်သည်နှိုက်လုပ်ရင်းက ပြေစာတစ်ရွက်
သွားတွေ့တယ်။ ငွေတစ်ရာကျော် ရှင်းရတဲ့ဖြတ်ပိုင်း။

'ဒီဖြတ်ပိုင်းက ဘယ်မှာဘာလုပ်တာလဲ'

'အလုပ်အတွက်ပါကွာ၊ လိုက်ပြီးဆောင်ရွက်ပေးတဲ့
အတွက် ပြုစုလိုက်ရတာပါကွာ'





'ဒါပဲလား၊ အဲဒီက ပြီးတော့ ဘယ်သွားသေးလဲ'

'အိမ်ပြန်ခဲ့တာပဲ'

'ဒီဘတ်စ်ကား လက်မှတ်က ဘယ်သွားတာလဲ'

'တက္ကစီမရလို့ ဘတ်စ်ကားနဲ့သွားတာ နေမှာပေါ့'

'လက်မှတ်က နှစ်စောင်ပါလား'

ဦးတင်အောင်က သတင်းစာကို ပိတ်လိုက်ပါတယ်။ ဇနီး
ကို မော့ကြည့်ပြီး အော်ကျယ်ဟစ်ကျယ် ပြောတယ်။

'ဘယ်လိုလဲကွ၊ မင့်ဟာက ငါ့ကို အပြစ်ရှာနေလိုက်တာ
က ချစ်တီးခေါင်းသန်းရှာတာကျနေတာပဲ'

ထမင်းစားခန်းထဲမှာ လက်ဖက်ရည်သောက်နေကြတဲ့
ကလေးတွေဝိုင်းပြီး ရယ်မောကြပါတော့တယ်။

ချစ်တီးဆိုတာက တစ်ချိန်တုန်းက မြန်မာနိုင်ငံမှာ
ငွေတိုး ချေးစားသူများအဖြစ် ထင်ရှားတယ်။ ခါးမှာပိတ်ဖြူဝတ်ပြီး
ခါးအထက် မှာရှင်းနေတာကများတယ်။ ဦးခေါင်းကို ပြောင်စင်
အောင် ရိတ်ထားတဲ့အတွက် ဘယ်လိုလုပ်ပြီး 'သန်း' ရှိနိုင်ပါ့မလဲ။

အဲဒီလို သန်းမရှိတဲ့ခေါင်းမှာ အတင်းသန်းရှာသလို ဘာ
အပြစ်ဘာချွတ်ယွင်းချက်မှ မရှိတဲ့လူကို ဟိုဟာစစ်၊ ဒီဟာစစ်
ဒီဟာမေး လုပ်တဲ့အတွက် ဦးတင်အောင်က အထက်ပါအတိုင်း
ပြော လိုက်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## နွေးတူဝက်တူ

ကြံခင်းသားတစ်ယောက်ရဲ့ အိမ်ကို ရင်းနှီးခင်မင်တဲ့ ဧည့်သည်တွေရောက်လာကြတယ်။ အိမ်ရှင်မှာ ထမင်းစားပြီးသွား ပေမယ့် အိမ်ရှင်ကောင်းပီပီ မေးမြန်းရတယ်။ ထမင်းစားပြီးကြပြီ လားပေါ့။

မစားခဲ့ရသေးဘူးဆိုတော့ နွှေးသင့်တာနွှေး၊ ချက်သင့်တာချက်၊ ပြေးဝယ်ပြီး ဝယ်သင့်တာဝယ်ရတယ်။ ဒါနဲ့ခူးခပ်ပြင်ဆင်ပြီး ကျွေးမွေးတဲ့အခါ အိမ်ရှင်ယောက်ျားက ဧည့်သည်ဘေးမှာထိုင်ပြီး စကားစမြည်ပြောတယ်။ အားမနာနဲ့ စားသာစားလို့ အားပေးတယ်။

ဧည့်သည်က စတင်စားနေပေမယ့် ဟင်းမစုံသေးဘူး။ အိမ်ရှင်မက မီးဖိုခန်းနဲ့ အိမ်ရှေ့ကို ပြေးလွှားပြီး သယ်ပို့နေရတယ်။ ယောက်ျားက ကြာတယ်ထင်ပြီး . . .

' မင်းလုပ်နေပုံကွာ၊ ဒီမှာဖြင့်စားပြီးသားက ခွေးစာဖြစ်ပြီး ထမင်းဟင်းစင်စစ်ကခွေးတူဝက်တူ ခေါ် ရမလိုဖြစ်နေပြီ။ ဒီမှာစားလို့ပြီးတာတောင် မင့်ဟင်းက စုံပါ့မလား'

ဧည့်သည်တွေက 'ရပါတယ်ဗျာ၊ ဖြည်းဖြည်းစား နေတာပါလို့' အားနာသံနဲ့ ပြောတယ်။ ဒါပေမယ့် အိမ်ရှင်မကလည်း ကြံခင်းသူပီပီ နှုတ်လှန်ထိုးပုံကတော့ . . .

' မပြေးရုံတမယ် ကျန်အောင် သွက်သွက်လှမ်းနေတာ နှေးတယ်လို့ထင်ရင်တော့ ဒိုင်ဗင်ထိုးဝင် ဒိုင်ဗင်ထိုးပြီးထွက်ဖို့ပဲ ရှိတော့တယ် ရှင်ရေ့'





ဧည့်သည်တွေမှာ ပထမကတည်းက ရယ်ချင်လို့ ယားကျိ ယားကျိဖြစ်နေတာ အိမ်ရှင်မရဲ့ အဖြေလဲကြားရော တဟားဟား ရယ်မိကြတော့တယ်။

⁂ ⁂ ⁂

## ညင်သာပုံမှာ

ရွာတစ်ရွာကို ဦးတင်အောင်ရောက်သွားတုန်းကပေါ့။ အဲဒီအချိန်က ကျေးရွာတွေမှာ ဘက်ထရီနဲ့ထွန်းတဲ့ မီးချောင်း မီးလုံး တွေ မပေါ်သေးဘူးလေ။ အဲဒါကြောင့် ရွာဘုရားပွဲမှာ လျှပ်စစ် ဓာတ်အားပေးတစ်လုံးငှားရမ်းပြီး မီးထွန်းထားလေရဲ့။

မိတ်ဆွေတွေရဲ့ အိမ်တွေကို တစ်အိမ်တက်ဆင်း စားသောက် လို့တစ်မျိုး၊ အပြန်မှာ ဝယ်သွားသင့်တဲ့ ကုန်ပစ္စည်းဈေးနှုန်းစုံစမ်းလို့ တစ်နည်းနဲ့ တစ်နေ့လုံးအချိန်ဖြုန်းခဲ့တဲ့ ဦးတင်အောင် အနေနဲ့ ညပိုင်းရောက်မှပဲ ပွဲခင်းထဲကို ခြေချ မိတော့ တယ်လေ။

ငှားရမ်းအသုံးပြုတဲ့ မီးစက်အနေနဲ့ အဲဒီအချိန်မှာ ဖောက်လွဲဖောက်ပြန်ဖြစ်လာတယ်။ အသံမျိုးစုံတွေ မြည်လို မြည်၊ ပေါက်ကွဲ သံတွေ ထွက်လိုထွက်နဲ့ မီးကလည်း လင်းလာ လိုက် မှိန်သွားလိုက် ဖြစ်နေပြီ။

မီးစက်တာဝန်ခံတွေလဲ အမျိုးမျိုးပြင်ဆင်နေကြတယ်။ လူတွေအုံကြည့်နေတာလဲ မနည်းဘူး။ အဲဒီလူအုပ်ဘေးကို ဦးတင်အောင် ရောက်သွားတော့ တအံ့တဩအော်လိုက်တယ်။



www.burmeseclassic.com

'အမယ်လေး၊ မီးစက်ကို လူဝိုင်းနေပုံကလဲ လူမမာကို ဆွေမျိုးတွေ
အုံ့နေသလားမှတ်ရဟ'
လူအုပ်ကြီးအနေနဲ့ ဝါးကနဲ ပြိုင်တူရယ်ပြီး သူ့ကို
ဝိုင်းကြည့် ကြတယ်။ ဦးတင်အောင်က အပြောမရပ်သေးဘူး။
'လင်းတော့တာ ငရုတ်သီးမှည့်ဆီသုတ်ထားသလောက်
လင်းတာပဲ။ မြည်လိုက်ပုံကတော့ အဝီစိမှာ ငရဲခံနေရတဲ့
သတ္တဝါ တောင် နားကန်းမှာစိုးရတယ်ဟ'
လူအုပ်ကြီးမှာ ထပ်မံပြီး ပွဲကျသွားပြန်ပါတယ်။

## နားပေါက်မပါ၍

နာရေးဖြစ်တဲ့ အိမ်တစ်အိမ်မှာ ရပ်သူရွာသားများ ညလုံး
ပေါက်ထိုင်ပြီး စကားပြောနေကြပါတယ်။ စိုက်ပျိုးရေး၊ စီးပွား
ရေး၊ ဘာသာရေး အစရှိသဖြင့် ရောက်တတ်ရာရာ ပေါ့လေ။
ပြောစရာတွေ ကုန်လာတဲ့အခါမှာ ပုဂ္ဂိုလ်ရေးကို
ရောက်လာတယ်။ သူတို့စကားထဲမှာ ဦးတည်လာတဲ့လူက
ကြွေးတွေပြန်မ ဆပ်တဲ့ ကိုလူပု၊ သူ့အိမ်ဝင်းခြံကို သူ့ဘော်ဆေး
ရောင်စုံ လိမ်းခြယ် တဲ့အကြောင်းပဲ၊ ဒါပေမယ့် တစ်ယောက်က
ဖောက်ပြောတယ်။
'သူ့အိုးက မင်းမျိုးဆိုပါကလား၊ သူတို့ ကောင်းစား
တုန်းက ရာဇကျော်ပုဆိုးနဲ့ ရေလဲလုပ်သတဲ့၊ အမယ် ကျောင်း
သွားတဲ့ အခါမှာ ရွှေဘီးဆောင်းပြီး ဝေါစီးသွားတာဆိုပါကလား





စိန်နားတောင်းကြီး ကလဲ နားမှာတယမ်းယမ်း တလက်လက်
နဲ့ဆိုပဲ'
ကြံခင်းသားတစ်ယောက်က 'ဟုတ်လား' လို့မေးတယ်။
'ဟုတ်တယ်၊ နောက်လိုက်တွေ အခြံအရံတွေ အများ
ကြီးတဲ့'
'အင်း-ထားပါတော့ ထားပါတော့၊ဝေါကြီးနဲ့သွားတာတို့၊
ရာကျပုဆိုးကြီးတွေ ခြွေရံသင်းပင်းတွေ ဆိုတာက ကျွန်တော်တို့
မမြင်လိုက်ရလို့ ထားပါတော့ ထားပါတော့၊ သို့သော်လည်း
စိန်နား တောင်းကြီး တယမ်းယမ်း ဆိုတာတော့ မယုံဘူးဗျ၊
ဘာ့ကြောင့် လည်းဆိုတော့ သူတို့သားအဖတွေမှာ နားပေါက်မှ
မပါတာလား'
'ဟား ဟုတ်သားပဲ'
'အဲဒါကြောင့် ဆင်မြူတော် ပြုတ်စားတယ်ဆိုရင်
ပြုတ်တဲ့ အိုးကိုကြည့်ပေါ့ဗျာ၊ မဟုတ်တာပြောနေတာတောင်
ခေါင်းညိတ်ပြီး ယုံတဲ့လူတွေ ရှိနေပုံထောက်တော့ လူလိမ်တွေ
ကြီးပွားဦးမှာပဲ'
စည်ကားနေတဲ့ စကားဝိုင်းမှာ တိတ်ဆိတ်သွားပါတော့
ကလား။ ။

## နိမိတ်မကောင်း

ဦးတင်အောင်ရဲ့အဖေ ဦး[illegible] အနေနဲ့လဲ 'အယူ
သည်းတာတစ်ခုကလွဲရင် စကား[illegible]ကောင်းတဲ့ပုဂ္ဂိုလ် တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လို့ သတ်မှတ်ရမှာပဲ။ ထိမိတဲ့စကားကိုပြော တက်သလို မထိတထိလဲပြောတတ်ပါရဲ့။

ဘိုးသာဒင်ကမော်တော်ဆိုင်ကယ် အစီးကြမ်းသူတွေကို ကြည့်ပြီး နှာခေါင်းရှုံ့ပုံကတော့ . . .

'သေမင်းကို ဖင်ကြားညှပ်ပြီးသွားပါပြီဗျား၊ ဝိဋ္ဌကုဋ္ဌ တောင်ကိုတဲ့'

နောက်တစ်ခါဆိုက်ကားဆိုရင် ကုန်စည်တင်လို့ရတယ်။ လောင်စာဆီမလိုဘူး။ ချလီဂါရီစတဲ့ လက်တွန်းလှည်း၊ အဲဒါတွေကမှ လူ့အကျိုးပြုယာဉ်တွေ ဖြစ်တယ်။ မော်တော်ဆိုင်ကယ် အနေနဲ့ ကြွားစရာပစ္စည်းရယ်လို့ ပဲမြင်တယ်။

အဲဒီအတွက် မြေးများနဲ့ လူငယ်များကို ပြောပုံကတော့-'ဆိုင်ကယ်တော့ မဝယ်ကြနဲ့ကွာ၊ မြည်တဲ့အသံက ဖွတ်ဖွတ်နဲ့ နိမိတ်မရှိဘူး။ ဓာတ်ဆီကရှား၊ ဈေးကလဲကြီးတော့ ဆိုင်ကယ်က ဖွတ်ကနဲ တစ်ချက်မြည်တဲ့အသံဟာ တစ်မတ်လောက် ဘန်နေပြီကွ၊ ကြာရင် ဓာတ်ဆီဖိုးနှိပ်စက်တာနဲ့ပဲ ဖွတ်တက်သလို နေမှာပဲကွ'

ဖွတ်က ပုတ်သင်၊ ကင်းလိပ်ချော်နဲ့ ပုတက်လိုသတ္တဝါမျိုးပဲ ဖြစ်ပါတယ်။ ဖွတ်ကို မင်္ဂလာမရှိတဲ့အကောင်မျိုး စာရင်းသွင်းထားကြတယ်။ ဆင်းရဲမှုလွန်ကဲတာကို ဖွတ်တက်တယ်လို့ ဘင်စား လေ့ရှိကြတယ်။

အဲဒါကြောင့် ဘိုးသာဒင်က ဆိုင်ကယ်ကို ဖွတ်သံထွက်တယ်ဆိုပြီး မုန်းဘာပါပဲ။ သူ့စကားကို ကြားရတဲ့ မြေးတွေမှာ ပြုံးနေ ကြရတယ်။ ။





## နှိုင်းပုံကြီးက

အထက်ပါ ဘိုးသာဒင်ပါပဲ၊ ရပ်ကွက်ဈေးကိုသွားတယ်။ ဘာဝယ်မယ်ဆိုတဲ့ စိတ်ကူးလဲရှိတာ မဟုတ်ဘူး။ သက်သက်လျှောက်လည်တာ၊ ကုန်စိမ်းသည်တွေ ရွှံ့ထဲမှာ ထီးမိုးသူမိုး၊ ပလက်စတစ်ဆောင်းလို့ဆောင်း၊ ဆူညံဆူညံဖြစ်နေတဲ့ဘက်ကို ဘိုးသာဒင်ရောက်သွားတယ်။

ဘိုးသာဒင်ရပ်ကြည့်နေခိုက်မှာ အသက်နှစ်ဆယ်ရွယ် အမျိုးသမီးတစ်ယောက် ခြင်းကြီးတစ်ခြင်းကို ကားမှတ်တိုင်ကနေ သယ်လာတယ်။ အလွန်ကြီးတဲ့ခြင်းဖြစ်တယ်။ ပန်းခြင်းကြီးလေ။

သို့သော်လည်း ကားပေါ်ကချပြီးတဲ့နောက်မှာ လာရောက် ကြိုဆိုသူမရှိ ပင့်ပေးမယ့်လူတောင် တွေ့ပုံမပေါ်ပါဘူး။ ခြင်းတောင်း နုတ်ခမ်းကို လက်နှစ်ဖက်နဲ့ စုကိုင်ပြီး ဒူးနဲ့တိုက်ပြီး သယ်လာတာကို ဘိုးသာဒင်မြင်တော့ . . .

'ဟယ် မြင်မကောင်းပါဘူးဟယ်၊ ကူလိုက်ကြပါဦး။ ဆင်ခေါင်းကိုခွေးမနိုင်တာ ကျနေတာပဲ'

ပန်းသည်ရဲ့မျက်နှာပုပ်သွားတယ်။

'ဒီမှာမောရတဲ့အထဲ အဘ၇ ၊ကို ခွေးနဲ့နှိုင်းရသလား'

ဘိုးသာဒင်က ဆက်ပြောပါတယ်။ ဆက်ပြောတဲ့စကားကို ကြားတဲ့အခါမှာတော့ ပန်းသည်ဟာ တောင်းကိုပစ်ချပြီး ဟားတိုက် ရယ်ရပါတော့တယ်။ ဈေးတန်းတစ်ခုလုံးပဲ ရယ်မောသံကြီးညံစည် သွားလေရဲ့။

ဘိုးသာဒင် ပြောလိုက်တာကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



'အလိုလေး နှင်တို့စိတ်ဆိုးမှာစိုးလို့ ငါက စကားကိုပြင်ပြီး ပြောတာပါဟာ၊ ငါတကယ်ပြောချင်တာက ချေးတုံး ခွေးမနိုင် လို့ပဲ ပြောချင်တာဟ'

'ဟင်း အဘဥစ္စာကြီးက'

ဖန်းသည်ကလေးနှာခေါင်းရှုံ့လိုက်တဲ့အတွက် ရယ်မောသံကြီး ညံသွားပြန်ပါလေရော။

✣ ✣ ✣

## ပါးစပ်မျဉ်းကြောင်း

အဲဒီဘိုးသာဒင်ပဲ သားနဲ့အတူ လာမနေဘဲ ရွာမှာ လယ်လုပ်နေတဲ့အချိန်တုန်းကပေါ့။ သူ့ဇနီးသည်ကလဲ ရှိနေတာကလား။

တစ်နေ့မှာတော့ ရန်ကုန်မှာနေတဲ့ သူ့သား ဦးတင်အောင်တို့ မိသားတစ်စု တပျော်တပါး တစ်သိုက်တစ်ဝန်းကြီး ရောက်လာတယ်။ ခရီးရောက်မဆိုက်မှာပဲ ချွေးမက လုပ်ငန်းကိုင်ငန်းအခြေအနေကို စူးစမ်းတယ်။

'လွန်ခဲ့တဲ့ သုံးနှစ်တုန်းကတော့ တော်သလိုလိုရှိသား သမီးရေ ပြီးခဲ့တဲ့ နှစ်နဲ့ ဒီနှစ် (၂)နှစ်ဆက်ပြီး မိုးခေါင်လိုက်လာတယ်။ စစ်ပြေးဒုက္ခသည်စခန်းကို တိုင်ဖုန်းလေမုန်တိုင်းနဲ့ဆိုင်ကလုန်း မုန်တိုင်းပေါင်းပြီး မွှေသွားသလား မှတ်ရတယ်ဟေ့'

ချွေးမမှာ မောသွားပေမယ့် ဦးတင်အောင်ကတော့ . . .





'အဖေပါးစပ်ကို ဂရပ်ဖ်ပုံစံနဲ့ စီးပွားရေးမျဉ်းကြောင်းဆွဲလိုက်ရရင်တော့ အဝီစိနဲ့ ဗြဟ္မာ့ပြည်ကို တယ်လီဖုန်းကြိုးသွယ်ထားသလား အောက်မေ့ရမှာပဲဗျို့'

ဒီအခါမှာ ဦးတင်အောင်ရဲ့ အမေက . . .

'အေး . . . အေး၊ အဖေက စကားတောင်းစား၊ သားကချည်ပါ ပခန်းသား၊ ကျွဲမှုံ့ဆင်သစ်ထုတ်လုပ်ရေးစခန်းမှာတွေ့ကြပြီဟဲ့'

ချွေးမခမျာမှာ စိတ်ညစ်ညစ်နဲ့ပဲ ရယ်မောနေရရှာပါကလား။

◎ ◎ ◎

## ပုံကြီးတခဲ့ခဲ့

ဘိုးသာဒင်ရဲ့ သူငယ်ချင်းတွေထဲက ဘိုးမြသိန်းမှာ လျှာရှည်ပြီး ကြွားဝါတတ်တယ်။ ဘိုးသာဒင်ရှေ့မှာ ဘိုးမြသိန်းအနေနဲ့ စကားပြောဆင်ခြင်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့ သူငယ်ချင်းကို ကြောက်လို့ထင်ပါရဲ့။

ဒါပေမယ့် အလှူတစ်ခုမှာတော့ ဘိုးမြသိန်းအနေနဲ့ကျွာကို ဘရိတ်မအုပ်နိုင်တော့ဘူး။ ဘိုးသာဒင် ရောက်လာတာမြင်ပေမယ့် သူကဆက်ပြောတယ်။

'သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မှာ သွားပြီးတရားထုတ်နေရတဲ့ ဘဝဟာ အလွန်ငြိမ်းချမ်းတယ်၊ မင်းတို့ရေခဲစိမ့် ဖရဲသီးတို့ဘာတို့ ဆိုတာကပါမွှားအအေး၊ လူတန်းမစေ့တဲ့ အေးကွ'



www.burmeseclassic.com

www.burmeseclassic.com



လျှာကတော့ ရှည်ပါ့ကွာ၊ မလက်တို မိကျောင်းနဲ့
သ်သုမှာ မိကျောင်း လက်ထပ်တယ်လဲ မကြားဖူးပါကလား'
'ပရိတ်သတ်မှာ ဝါးခနဲရယ်ကြပေမယ့် ဘိုးမြသိန်း မရယ်
ၟင်ပါ။ အရှိန်ရနေပြီ မဟုတ်လား။
'သာဒင် မရှုပ်နဲ့ကွာ'လို့တောင်လှမ်းဟောက်ပါသေးတယ်၊
ပြီးတော့မှ ဆက်ပြောတယ်လေ။
'ဘာအပူအပင် ဘာသောက ဘာကြောင့်ကြမှုမှ မရှိတဲ့
အဲဒီ ဘဝကိုမက်မောလွန်းလို့ ချောင်တစ်လုံး အဆုံးခံမယ် စိတ်
ကူးပါရဲ့၊ ဒါပေမယ့် လူမမည်မြေးတွေ လူလားမြောက်အောင်
စောင့်ရှောက်ရမယ့် ဝတ္တရားကရှိနေသေးလို့ဟော့'
'အေး... အေး မင်းအဆုံးခံမယ့် ချောင်ထုံးကလည်း
ကြီးတယ်မဟုတ်လား၊ ကွမ်းသီးနုနုလောက်မှ မကြီးတဲ့ဟာကိုများ
ပုံကြီးချဲ့နေလိုက်တာ'
ဘေးကဝိုင်းနားထောင်နေကြသူတွေအနေနဲ့ ဘိုးမြသိန်း
ရဲ့ သေးငယ်တဲ့ ချောင်ကိုကြည့်ပြီး ပွဲကျသွားတယ်။ ဒါပေမယ့်
ဘိုးသာဒင် ပြောဆဲပဲ။
'မြေးတွေကိုစောင့်ရှောက်ရမယ့် ဝတ္တရားရှိလို့တဲ့၊ မြေး
တွေရဲ့ အသက်ကဖြင့် ဖင်ဆောင့်နေပြီ၊ အရိုးကိုခေါက်ကြည့်ရင်
ပတ်မသံထွက်မလားမှတ်ရ
ရယ်မောသံများ ထပ်ဆင့် ညံစာသွားပါလေရောလား။





## ပြုံးပုံ ဥပမာ

ဘိုးသာဒင် အနေနဲ့ အပြောတတ်သလို အမြင်လဲစူးရှ တယ်။ မြင်လဲမြင်တတ်ပါရဲ့။

တစ်နေ့မှာတော့ ရပ်ကွက်တွင်း သန့်ရှင်းရေးလုပ်အား ပေးပွဲမှာဘိုးသာဒင် ပါသွားတယ်။ ညီညီညာညာ 'လုပ်ကိုင် ဆောင်ရွက်ကြရင်း ရယ်စရာမောစရာတွေလဲ ပြောကြတာ ပေါ့လေ။

လုပ်အားပေးသူတွေထဲမှာ ခိုကပ်တဲ့လူငယ် တစ် ယောက်ကို ဘိုးသာဒင်သတိထားမိတယ်။ ခိုကပ်ပေမယ့် မျက်နှာ ထားကတင်းမာသေးတယ်။ မျက်လုံးရဲ့အကြည့်ကိုက လူတွေကို သူနဲ့ အဖတ်မတန်သလို၊ သူ့လက်အောက်ငယ်သားတွေလိုကြည့် နေတယ်လေ။

ဘာပညာမှပြောပလောက်အောင် မတတ်ပေမယ့် မကြာခင်ကတော့ မယုံနိုင်လောက်အောင် ကြီးပွားမြင့်တက် နေတဲ့ အဲဒီလူငယ်ဟာ သူများတွေရယ်ပေမယ့် မရယ်ဘူး။ အဲဒါကြောင့်..

'သူ့အနားမှာ ရယ်စရာတွေ မပြောကြနဲ့၊ ရာဇမာန်ရှ သွားမယ်'

တစ်ယောက်က မထိတထိ သရော်လိုက်တော့ နောက် တစ်ယောက်ကလည်း-

'အထင်မလွဲကြပါနဲ့ကွယ် ပါးစပ်မပါလို့ မပြုံးတာပါ'

တင်းမာနေသူအနေနဲ့ ကြိုးစားပြီး ဟန်လုပ် ပြုံးလိုက်ရ တော့တယ်။ အဲဒီလို ပြုံးလိုက်တော့မှပဲ-



www.burmeseclassic.com

www.burmeseclassic.com



'အလိုလေးဟဲ့၊ ပြုံးလိုက်ပုံကလေးရယ်၊ အစွယ်ထွက်နေတဲ့ မိကျောင်းပါးစပ်မှာ အနာပေါက်နေသလား မှတ်ရဟဲ့'

ရယ်မောသံကြီးညံသွားအောင် လုပ်လိုက်သူကတော့ ဘိုးသာဒင်ရယ်လေ. . .။

❖ ❖ ❖

## မေတ္တာ အသေခံ

ဘိုးသာဒင် နဲ့ တန်းတူရည်တူ လူတစ်ယောက်ကတော့ ကိုစံမတူ ဆိုသူပါ။ဘိုးသာဒင်ထက် ဆယ်နှစ်လောက်ငယ်မယ်ဝင်ရတယ်။ ဘိုးသာဒင် ငယ်စဉ် ဘိုးသာဒင်တို့လင်မယားမှာ စုခုရ သားသမီးတွေဝိုင်းရံပြီး ငိုတဲ့လူကငို၊ ပူဆာတဲ့ လူကပူဆာဆာတဲ့ ကလေးကဆော့နေတဲ့ အချိန်တစ်ချိန်မှာပါ။

ဘိုးသာဒင်ကလဲ ကိုစံမတူရှေ့မှာမှ မဆင်မခြင်သွားပြောမိတယ်။

'ဆော့လိုက်ကြတာဟယ်၊ မျက်စိကိုနောက်ရောမျောက်တွေလား၊ လူတွေလား'

'အစ်ကိုကြီးရေ၊ ဇာတိဆိုတာ ဖွန့်နိုင်ခဲ့သားပဲ၊ အစ်ကိုကြီးရဲ့သားသမီးအစစ်ဖြစ်တဲ့အတွက် မျောက်နဲ့ပဲ တူရတော့မှာပေါ့'

'ဟင်း ငါတော့ကျားရှေ့ မျောက်လျှက်လဲပြီဟေ့'

'ခါးပိုက်နှိုက်ကို လူတွေဝိုင်းရိုက်သို့ ထွက်ပြေးသွားရင်းက ဒီအုတ်တိုက်ကြီးထဲမှာတော့ လုံမှာပဲဆိုပြီး ဝင်လိုက်တာ ရဲစခန်း ထဲ ပင်ပြေးမိသလိုပေါ့ အစ်ကိုကြီးရာ ဟား ဟား ဟား'





အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင်လေ၊ ဘိုးသာဒင်ကတော်က ကလေးတွေရန်ဖြစ်တဲ့အတွက် ရိုက်မိတယ်။ တံမြက်စည်း တစ်ချောင်းလည်းကလေးရိုက်တာနဲ့ကုန်ပါလေရော။

ကိုစံမတူလှည့်ကြည့်ပြီး ပြောလိုက်ပုံကတော့ . . .

အမယ်လေး၊ ကလေးတွေကို ရိုက်နှက်နေလိုက်ပုံကလင်ပါသားသမီးကို မိထွေးက နှိပ်စက်နေတာလား မှတ်ရသဗျာ'

ဘိုးသာဒင်ကတော်မှာ တစ်ခါတည်း အရိုက်ရပ်သွားတော့ တယ်။

✿ ✿ ✿

## မျက်နှာဥပမာ

ကိုစံမတူမှာ အလွန်ရင်းနှီးချစ်ခင်တဲ့ သူငယ်ချင်းတစ်ယောက်ရှိလေရဲ့၊ ကိုယ်ကာယထွားကျိုင်းသလောက် တေတယ်။ ပေတယ်။ အရက်ရဲ့ကျေးကျွန်ကြီးလဲဖြစ်တယ်။

တစ်နေ့တော့ သူ့သူငယ်ချင်းလမ်းဘေးမှာ မူးလဲနေတာကို ကိုစံမတူနဲ့ ပက်ပင်းတိုးမိတော့တယ်။

အလိုလေး အရက်သမားရယ်၊ မူးပြီးလဲနေပုံကလဲကျွဲသေ ကို ကျီးကန်းတွေ အုံနေသလိုပါပဲလား'

သူငယ်ချင်းက အသားမည်းလွန်းလို့ ဒီလိုပြောတာဖြစ်ပါ လိမ့်မယ်။ သူ့အသံကြားတဲ့အတွက် သူငယ်ချင်းက ကုန်းပြီးထတယ်။

'ထနေပုံကလဲ တစ်ချက်တည်းနဲ့ အသက်မထွက်တဲ့ နွား အိုကြီးအသက်ငင်နေသလားမှတ်ရ'



www.burmeseclassic.com

www.burmeseclassic.com



ဒီ့ရက်သမားထရပ်တယ်၊ သနားစရာအကြည့်ကလေးနဲ့ ကြည့်နေတဲ့အတွက် . . .

'အမယ် အခုတော့လဲ သနားစရာကလေးပါလားဟေ့၊ မုဆိုးမအိမ်အောက်က ခွေးသူခိုးမျက်နှာနဲ့'

အော်ကျယ်ဟစ်ကျယ်ပြောနေတာဖြစ်တဲ့အတွက် ကြားရသူတိုင်း အူတက်မတတ် ရယ်မောနေကြရပါတကား။

❀ ❀ ❀

## သွားရည်တမျှားမျှား

ကိုစံမတူက အလွန်အလုပ်လုပ်တဲ့လူ၊ သူ့ညီတွေ သူ့တူတွေ က လုပ်အားတန်ဖိုး ချစ်မြတ်နိုးရမှန်း မသိသူတွေ။ ဦးစံမတူနဲ့ တကျက်ကျက်နဲ့ပေါ့။

သူ့တူတွေ သူ့ညီတွေအနေနဲ့ အလုပ်ကိုသာ စိတ်မဝင်စားတာ၊ ဟေးလေးဝါးလေးလုပ်ဖို့ကျတော့ ဝီရိယရှိတယ်။ မိန်းမငမ်း ဖို့ကျတော့လဲ ဝီရိယကောင်းနေပြန်ရော။

တစ်နေ့မှာတော့ ကိုစံမတူသည်းမခံနိုင်လောက်အောင် ဖြစ်လာရတယ်။ ငှက်ပျောခိုင်တွေ သဘော်ဆိပ်ကို အပို့ခိုင်းတာ အချိန်မီမရောက်လို့ အိမ်တိုင်ရာရောက် ကုန်သည်တွေ လိုက်လာ ကြပြီလေ။ အဲဒါကြောင့် အိမ်နီးချင်းလူငယ်တွေကို အကူအညီ တောင်းရတယ်။

လာရောက်ကူညီသူတွေကတော့ တက်တက်ကြွကြွ ရှိတာ မြင်ရလေလေ ကိုစံမတူစိတ်ဆိုးလေလေ၊ နောက်ဆုံးကျတော့ မျိုသိပ်မထားနိုင်တော့ဘဲ . . .





"သူတစ်ပါးသားသမီးတွေများကျတော့ လုပ်လိုက်ကိုင်လိုက်တာ အလုပ်လုပ်ဖို့ လူဖြစ်လာသလား မှတ်ရ၊ တို့ညီတို့တူများတော့ အလုပ်ဆိုရင် ကျားထက်ကြောက်သေးဆိုတဲ့ လူတွေ၊မတတ်သာလို့ လုပ်ရရင် သံပတ်ပြတ်နေတဲ့ နာရီစုတ်ကြီးသွားနေသလားမှတ်ရတယ်"

ကုန်သည်တွေနဲ့ လူငယ်ကလေးတွေ ရယ်မောနေကြပေမယ့် ကိုစံမတူမှာ အပြောမရပ်သေးဘူး။

"မိန်းမဆိုတဲ့အသံများ ကြားလိုက်ရင်တော့ အညှီနံ့ရတဲ့ ယင်စိမ်းကြီးလား၊ အီးနံ့ရတဲ့ ခွေးအိုကြီးလားမှတ်ရ သဟေ့။ အမြီးတယမ်းယမ်းနဲ့ သွားရည်တမျှားမျှားနဲ့"

ရယ်လိုက်ကြတာ ပန်းပေါ်ကတောင်းတွေ လွတ်ကျသူကျ၊ လုံချည်ကျွတ်သူကကျွတ်၊ ရေသီးသူသီးနဲ့ပေါ့။ ။

❀ ❀ ❀

## အနက်တွင်အမှောင်ဆင့်

မှောင်ခိုသမားတွေထူထပ်တဲ့ မီးရထားလမ်းတစ်လမ်းကို ကိုစံမတူရောက်သွားလေရဲ့။ သူက ရိုးရိုးသားသား ကြိုးစားတဲ့ အလုပ်သမား။ သူတွေ့နေမြင်နေတာက ပိုက်ဆံမှတစ်ပါး ဘာမှအရေးမထားဘူး။ သူတို့မှာ ပါလာတဲ့ ပစ္စည်းတွေ အဖမ်းမခံရအောင် ရထားတွဲ ဖျက်ရမလား။ လူရိုက်ရမလား၊ သတ်ရမလားဆိုတဲ့ အဖျက်သမားတွေ၊ မျက်နှာထားကိုက ရိုင်းစိုင်းကြမ်းကြုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ကိုစံမတူနဲ့ တွေ့ကြပြီပေါ့။ ရထားနဲ့ မပြန်ဘူး။ ဒူးလှုပ်လို့မရ၊ လက်လှုပ်လို့မရတဲ့ အမြန်ကားနဲ့ ပြန်လာတယ်လေ။ အိမ်လဲ ပြန်ရောက်ရော . . .

"ကားတဲ့ဗျာ . . . လူကွဲကို ကြိုးနဲ့တုပ်ပြီး ငုတ်တုတ်ထိုင်ခိုင်းထားသလားမှတ်ရဟေ့" လို့ အော်ပါတယ်။ သားသမီးတွေ၊ တူတွေနဲ့ ဆွေမျိုးတွေက အကျိုးအကြောင်းနားရလည်အောင် မေးတော့မှ ဆက်ပြောပါတယ်။

"အိမ်သာသွားဖို့ အရေးကိုက ဒုလ္လဘတရားကြီးဘဲ၊ခြေဉ စရာမရှိပါပဲကလား။ အိမ်သာကိုလဲ ရောက်သွားရောငါဖြင့် အံ့လို့မဆုံးဘူး။ ဒါလောက်နံစော်တဲ့ အိမ်သာထဲမှာ ခင်းကျင်းပြီး အိပ်နေ ကြပါကလား။ အချင်းချင်းရန်ဖြစ်ကြ၊ ခရီးသည်တွေကို ဗိုးတိုက် သွားတယ်ဆိုတာ အကင်းပဲရှိသေးတယ်။ ခေါင်းပေါ်က ပခုံးပေါ်က ကျော်သွားတယ်ဟေ့။ လူတွေမှ ဟုတ်သေးရဲ့လားမှတ်ရ"

"အဘကျွတ်လာတာပေါ့"

"ကျွတ်တာမှ ပြန်တောင်မကောက်နိုင်ဘူးဟေ့"

ဝိုင်းပြီး ရယ်မောကြပါရော။

"အမည်းမှာ အမှောင်ဆင့်၊ အမှောင်မှာ အနက်ဆောင်းဆိုတာ ဒါမျိုးထင်ပါရဲ့ဟာ၊ ငါတော့ ရထားပေါ်က ခုန်ချပြီး ခြေကျင်လျှောက်ချင်စိတ် ပေါ်လာတယ်။ ကြိုးမိန့်ကျပြီးသားလူတောင် ငါ့လောက် စိတ်ညစ်မှာမဟုတ်ဘူးဟ"

စကားအဆုံးမှာ အုန်းကနဲ ရယ်မောသံကြီး ပေါ်လာပါတော့တယ်။ ။





## အလင်းဥပမာ

ကိုစံမတူ ခရီးသွားအတွေ့အကြုံက တစ်ထိုင်တည်းနှင့် မကုန်နိုင်ပါဘူး။ လူတွေ့တိုင်းပြောတယ်။ နောက်ပိုင်းမှာ စကားစပ်မိတိုင်း ပြောတယ်။

" သူတို့က မှောင်လေ ကြိုက်လေကိုးကွ၊ အဲဒီတော့ မီးလုံးတွေကို ဖျက်ထားတယ်။ လျှင်လှုပ်နေတဲ့ အသူရကယ်တော်ကြီးထဲ ရောက်နေသလားမှတ်ရဟေ့"

ဒုစရိုက်သမားများ အုတ်အုတ်ကျက်ကျက်ဖြစ်နေတဲ့ မှောင်မည်းမည်းရထားပေါ်က မြင်ကွင်းကို အဲဒီလို သရုပ်ဖော်ပြီးတဲ့နောက် . . .

" အစွန်းမှာ ဖျက်လို့မရတဲ့ မီးကလေးတစ်ပွင့် လင်းနေတာတော့ ရှိရဲ့။ သံဆန်ခါအထူကြီးအုပ်ထားတော့ သံကွန်ချာခုနှစ်ထပ်လဲက အဿနီရသရက်သီးလား မှတ်ရ၊ ဒါပေမယ့်လင်းပုံကလဲ စာဘူးတောင်းထဲက ပိုးစုန်းကြူးလောက်မှ မလင်းဘူးဟ၊ သနား စရာကလေး"

စာဘူးတောင်းအသိုက်ထဲတွင် ညအခါ အလင်းရောင်ရစေရန် စာဘူးတောင်းများက ပိုးစုန်းကြူးကိုဖမ်းပြီး နွားချေးများ ရွှံ့များနဲ့ ကပ်ထားလေ့ရှိပါသတဲ့။ အဲဒါကို သတ္တာန်ထပ်ပြီး ပြောလိုက်တဲ့အတွက် ဝါးကနဲ ပွဲကျသွားတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## အသံတစာစာနှင့်

တစ်ခါက ကိုစံမတူခရီးသွားရင်းနဲ့ ပြောင်းဖူးသည် သား အမိကို မြင်မိပါတယ်။ ကားကိုရပ်ပြီး လေထိုးနေတုန်းမှာ ကားပြတင်းပေါက်ကနေပြီး လှမ်းမြင်ရတယ်လေ။ ပြောင်းဖူး သည် သားအမိဆိုတာကလဲ အဖူးငါးဆယ်တစ်ရာ ရောင်းနိုင် တာမဟုတ်ပါဘူး။ မီးသွေးသုံးလေးခဲပေါ်မှာ ပြောင်းဖူး သုံးလေးဖူးဖုတ်ပြီးရောင်းတဲ့ ပြောင်းဖူးသည်ပါ။

သားအမိအနေနဲ့ အသွားအရေရော၊ အဝတ်အစားပါ ညစ်နွမ်းပါတယ်။ ကိုစံမတူကြည့်နေဆဲမှာ မအေက တစ်စုံ တစ်ရာ ပြောတဲ့အတွက် . . .

" အမေ့လင်ကြီးကျတော့ တစ်ခွန်းမှ မပြောဘူး၊ ကျုပ်ပဲ လာလာပြောနေ"

မိခင်မှာ နောက်အိမ်ထောင်ထူထောင်သွားဟန်တူ ပါတယ်။ သမီးက အသံစာစာ စာစာ လက်ဟန်ခြေဟန်နဲ့ . . .

" တစ်ခါလာ ဒီကောင်မခေါင်း၊ တစ်ခါလာ ဒီကောင်မ ကိုပဲ ပြောနေတာပဲ၊ နိုင်တိုင်းဖိထောင်းနေတာပဲ၊ ပြန်မပြောတဲ့လူ ကို လာ လာပြောနေတာပဲ"

ကိုစံမတူက ပါးစပ်အငြိမ်မနေနိုင်ပါ။

" မိန်းကလေးနယ်၊ မအေကို ရန်တွေ့နေလိုက်တာ ခွေး ကိုက်တတ်ကလေး ကျနေတာပဲဟေ့"

ကာယကံရှင် ကြားမကြားတော့ မသိ။ ကားပေါ်မှာ တော့ ရယ်ပွဲကြီးတစ်ခုဖြစ်သွားလေရဲ့။

ဖိုးကျော့ဇာစာအုပ်



## အဦးအစ

" ဒီပီလောပီနံလုပ်ငန်းကို ဒီရွာမှာ ငါအလျင်ဆုံး စတင်ခဲ့ တာပါကွာ၊ အခုမှ ငါ့ကို လာပြီးဆရာမလုပ်ပါနဲ့"

ကိုစံမတူရဲ့ အိမ်နီးချင်းတစ်ယောက် အော်ကျယ်ဟစ် ကျယ်ပြောနေတဲ့အသံပါ။ ကိုစံမတူ လှမ်းကြည့်နေခိုက်မှာ ဆက်ပြီး ပြောနေပါတယ်။

"ဟော့ . . . အမှုန့်ကြိတ်တဲ့လုပ်ငန်းလဲ ငါကစတာပဲ၊ အဲဒါတွေ ပြောနေရင် မင်းမောမှာပဲ"

သားတွေကို ငေါက်ငမ်းနေတာဖြစ်မယ်။ သားတွေက ဘွဲ့ရတွေဆိုတော့ ခေတ်မီအတွေးအခေါ်တွေ ဗဟုသုတတွေနဲ့ သုံး သပ်ပြီး အကြံပေးဟန်တူပါရဲ့။

"ဒီရွာမှာ မဟုတ်ဘူး။ ဒီနယ်မှာ လိုက်ပြီး စုံစမ်းဦးမလား။ ပီလောပီနံကို အဦးအစငါကစခဲ့တာ။ အိုကွာ ဒီရွာကိုတောင် ငါ စပြီး ဘည်ခဲ့တာဟေ့"

ကိုစံမတူ နားကြားပြင်းကပ်လာရော့ထင့်။

"ဆက်ပြော ဆက်ပြော၊ အာဒိကပ္ပ ကမ္ဘာဦးအစက မြေသင်းခဲဆင်းစားတဲ့ ဗြဟ္မာကြီးတွေလဲ ငါ့ဦးရီး အရင်းတွေဂို့၊ ပြော. . . ပြော"

အဲဒီလိုလဲ လှမ်းအော်လိုက်ရော ငေါက်ငမ်းသံရပ်ပြီး ရယ်မောသံကြီး ပေါ်လာပါတော့တယ်။

ဖိုးကျော့ဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com

# နတ်မောက်သား စကားပဒေသာ

နတ်မောက်သားတချို့စကားပြောကောင်းပုံက တစ်မျိုး ပါ။ ဆက်လက်ရှုစားတဲ့အခါမှာ သိပါလိမ့်မယ်။

နတ်မောက်မြို့ကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းရဲ့ မွေးဇာတိမြို့မို့ အထူးပြောစရာမလိုပါဘူး။ လူတိုင်း သိပြီးသားပါ။ နတ်မောက်မြို့ကို သွားချင်ရင် ရထားနဲ့ သွားနိုင်တယ်။ နတ်မောက်ဘူတာမှာ ဆင်း၊ ချောင်းကိုဖြတ် လိုက်ရင် ချစ်စရာကောင်းတဲ့နတ်မောက်မြို့ကို ရောက်တာပါပဲ။

ကားနဲ့သွားချင်ရင်လဲ ရပါတယ်။ မကွေး နတ်မောက် ကားလမ်းကနေပြီး လမ်းခွဲအတိုင်း လိုက်သွားရင် သိပ်မဝေး ပါဘူး။ မြို့ကလေးက နေချင့်စဖွယ်ကောင်းသလို နတ်မောက် သားအချို့ ပြောတဲ့စကားများ၊အသုံးအနှုန်းများမှာ အံ့မခန်းပညာ သားပါပါ ပေတယ်။ တပြုံးပြုံးနဲ့ နှလုံးတွေ့စရာ ရွှင်လန်းချမ်းမြေ့ စရာများကို ဆက်လက်ရှုစားတော်မူပါ။



## ကလေးကလား

ပင်းမြို့ဟောင်းက လူတစ်ယောက်နတ်မောက်မြို့ ရောက်လာပါတယ်။ ပင်းမြို့ဟောင်းအနေနဲ့ တစ်ချိန်တုန်း ကတော့ နတ်မောက်မြို့နဲ့အပြိုင် ထင်ရှားခဲ့တဲ့ မြို့တစ်မြို့ပါ။ အခုလဲ ပင်းမဟာဗောဓိပင်ကြီးကြောင့် ပင်း ဟာထင်ရှားဆဲ ရှိပါသေးတယ်။

သူ့ကိုတွေ့ရင် မိတ်ဆွေတွေက လက်ဖက်ရည်ဆိုင်ကို ခေါ် ကြပါတယ်။ သူကွ အရေးတကြီးကိစ္စရှိလို့ မလိုက်နိုင်ဘူး။ ရုံးကိစ္စ တို့ ဘာတို့ဆိုတာတွေက သူ့အချိန်နဲ့သူ မဟုတ်လား။

အဲဒါကြောင့် မြို့ခံတစ်ယောက်က ကျီစယ်လိုက်ပုံက-

"ပင်းက လာတဲ့ ခရီးသွား၊ ငြင်းရပါတဲ့ အဆီးအတား၊ ရည်းစားနဲ့ တင်ကိန်းမမှားရအောင် ချိန်းထားလို့ဖြစ်မှာပေါ့"

ပင်းသားက မခံပါဘူး။ ချက်ချင်းပြန်လည်ချေပ ပါတယ်။

"အမယ် . . . အမယ် အတွေးမမှားပါနဲ့၊ ရဲဘော်တို့ ရယ်၊ ကလေးကလား ဈေးစကားတွေကိုအရေးထားနေရင် ဘေးပွားပြီးမအေးတရားတွေ ပွားနေရာရောက်တော့မှာပေါ့၊ ဘုန်းရှိန်ဘုန်း သခင်လေ ရုံးချိန်မကုန်ခင် ပြေးလိုက်ဦးမယ်"

ဆိုင်ရှေ့က လူတွေရော၊ ဆိုင်ထဲက လူတွေပါ တဟားဟားနဲ့ ကျန်ခဲ့ကြတယ်။ ။

ဖိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



## ခလောက်က ကျောင်ကျင်

လွန်ခဲ့တဲ့ နှစ်ပေါင်း အတော်ကြာကြာက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ဖြစ်ပါတယ်။ ရွာကတော့ ကျွဲမြီးကျွန်း ဖြစ်တယ်။ အဲဒီရွာက ရှေးဆန်တဲ့ ယာသမားကြီးတစ်ဦးမှာ သမီးတွေရှိလေရဲ့။ သမီးများအနေနဲ့ အေးအေးကုပ်ကုပ်နေကြထိုင်ကြ လုပ်ကြကိုင် ကြပေမယ့် သမီးတစ်ယောက်တော့ တစ်မူထူးခြားပါတယ်။

လူများတွေက သွားစရာလာစရာရှိမှ အလှူအတန်းရှိမှ ဖြီးလိမ်းပြင်ဆင်ပေမယ့် အဲဒီထူးခြားသော သမီးကတော့ သိပ်ပြီး အလှကြိုက်ဆိုပဲ။ ယာထဲသွားလဲ ကောင်းကောင်းဝတ်၊ လှလှ ပြင်ဆင်တယ်။ အိမ်မှာနေရင်လဲ ကြော့ကြော့ကလေးပဲတဲ့။

မအေကလဲ သူနေရာနဲ့ နေရာ ဝတ်စားပြင်ဆင်ရတယ်ဆိုတာ သွန်သင်ပါရဲ့။ ဒါပေမယ့် သမီးက မလိုက်နာပါဘူး။ မလိုက်နာ ရုံမကဘူး။ မြို့ပေါ်မှာ ခေတ်စားနေတဲ့ အမောက်ကို သူလဲ ခေါင်း မှာ တပ်တော့တာပေါ့။

အမောက်ဆိုတာ နဖူးစပ်က ဆံပင်တစ်ဆုပ်စာကို ပွမောက်နေအောင် ဖွထားတာပါပဲ။ လှတဲ့သူ လုပ်ထားရင် လှတာပေါ့။

သူ့သမီး အမောက်လုပ်ထားတာကို သူ့အမေလှမ်းမြင်ချိန် မှာ ခေတ်ဆန်တဲ့ သမီးဟာ နွားကျောင်းထွက်ခါနီးအချိန်၊ နွား ခလောက်အသံတွေ တကျောင်ကျောင်နဲ့ ခြံထဲက ထွက်လာတဲ့အချိန်။





မအေက သူ့သမီးခေါင်းက ဖောင်းဖောင်းကြီးကိုလဲ မြင်ရော "ခလောက်က ကျောင်ကျင် အမောက်ကထောင်ချင်ဟဲ့ သဘောက်မ လာခဲ့စမ်း၊ နောင်ကြည်အောင် ပေါင်ပြင်ကို ထန်းဘလက်နဲ့ အရမ်းနှက်မယ်ဟဲ့၊ လာစမ်း . . . လာစမ်း"

ထန်းဘလက်ဆိုတာ ထန်းပလပ်ကို ပြောတာပါ။

လုံချည်တိုတို့ဝတ် အင်္ကျီလက်မောင်းပင့်ပြီး ခေါ်တော့ ကျန်တဲ့ သမီးတွေက ရယ်မောပြီး ဝိုင်းဆွဲထားတဲ့အတွက် သက်သာ ရာ ရသွားရှာလေရဲ့။

* * *

## ငွေ ဘာငွေလဲ

ရန်ကုန်ကို အကြောင်းကိစ္စတစ်ခုနဲ့ ရောက်လာတဲ့ နတ်မောက်သားတစ်ယောက်အကြောင်းပါ။ ဘယ်ရွာကလဲလို့ မသိပါဘူး။ မြို့ပေါ်ကပဲ ဖြစ်ပါလိမ့်မယ်။

အဲဒီအချိန်တုန်းက ဆူးလေနဲ့ သန်လျက်စွန်းကို ဘက်စ်ကားခဟာ ဆယ်ပြားပဲကျပါတယ်။ သန်လျက်စွန်းဘက်ကို နတ်မောက်သား ကားစီးသွားချိန်က ညဦးခုနှစ်နာရီပဲ ရှိသေးတယ်။သို့သော်လည်း ကားသမားက ဒါလိုင်းကား မဟုတ်ဘူး ဆိုပြီး ပြားငါးဆယ် တောင်းတယ်။

ခရီးသည်ကဆယ်ပြားပဲပေးပြီး နီးရာမှတ်တိုင်မှာ ဆင်းတဲ့ အတွက် ကားသမားက အတင်းလိုက်တောင်းတယ်။

"ခင်ဗျားမှာ မရှိလို့လား၊ မရှိရင်မရှိဘူးပြော၊ ရတယ်" ခရီးသည်က ပိုပြီးစိတ်ဆိုးသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ငွေဆိုတာ အလကား၊ ရွှေဆိုတာ ပါးမွား၊ ဒါပေမယ့် ဗလာစကားတွေနဲ့ လာပြီး မစားနဲ့၊ ခါ့သွားမယ်၊ နားလည်လား"

ဒီအချိန်မှာ ယာဉ်မောင်းက တံခါးဆောင့်ဖွင့်ပြီး "ဘာဖြစ်တာလဲဟော့" မေးတယ်။ ဆင်းလာတယ်။

ခရီးသည် ထပ်ပြောပုံကတော့ . . .

"ဒြပ်မောက်ကြွားတဲ့ နတ်မောက်သားကို လာမစမ်းနဲ့၊ ပါးစပ်အပေါက်ပွားပြီး နှစ်ယောက်သားဖြစ်လာတော့လည်း အပြတ် မှောက်သွားချင်သလား၊ အချိန်မရွေးချဲမယ်ဟော့"

လူက အရပ်ပုပေမယ့် တုတ်တုတ်ခိုင်ခိုင် ကြီးမို့ ကားသမားနှစ်ယောက် ဆက်မပြောဘဲ ကားပေါ်တက်မောင်းသွားကြလေရဲ့။

## ထွန်တော့တစ်နံနက်

လေးအိမ်ဘုတာက လူတစ်စုရထားပေါ် တက်လာကြတယ်၊ ရထားပေါ်မှာတော့ ထုံးစံအတိုင်းပါပဲ၊ ထိုင်စရာမရှိဘူး။ ကြမ်းပေါ်မှာလည်း တောင်းပလုံးတွေ ထင်းချောင်းတွေနဲ့ ပြည့်လို့။

ရထားထွက်ပါပြီ၊ နောက်တက်လာသူ တစ်စုအနေနဲ့ ကတ်သီးကတ်သတ် ထိုင်စရာရှာပြီး ထင်းပုံပေါ်တက်ထိုင်တော့မှ မြို့သစ်သား တစ်ယောက်နဲ့ တွေ့ကြတယ်။ မြို့သစ်သားက ယာသမားပဲ ထင်ပါရဲ့။ အသီးအနှံတွေ ကောင်းမကောင်း လုပ်စာ ရ-မရ အဓိကထားပြီး မေးတယ်။

လေးအိမ်သားဖြေပုံကတော့ . . .





ထွန်တော့ တစ်မနက် ၊ စားရတော့ ကြက်သွန်ချက်၊ နွား ခမျာမှာလဲ ဘဂံရွက်မှ အနိုင်နိုင်ပါပဲ ရောင်းရင်းရယ်' တဲ့။

ဘဂံရွက်ကို ဘင့်ဂန်ရွက်လို့လည်း ခေါ်ကြပါသေးတယ်။ တစ်မနက်ဆိုတာကတော့ တစ်နံနက်ပေ့လေ။ ကြက်သွန်ချက် ဆိုတာကတော့ မိုးခေါင်ပြီး အသီးရွက်ရှားပါးလို့ ကြက်သွန်ကိုပဲ ဟင်းအဖြစ် ချက်စားရတာကို ပြောတာပါပဲ။

## နှာ့ရောင်တွယ်စကား

ဈေးနားက လက်ဖက်ရည်ဆိုင်မှာ မြို့ပေါ်က မိတ်ဆွေများနဲ့ စကားပြောကောင်းတဲ့ ကျေးရွာသားတို့ ဆုံမိကြတယ်။ မိတ်ဆွေများက အကြောင်းသိဖြစ်တဲ့အတွက် လက်ဖက်ရည်ခေါ်ပြီး တိုက်ကြတယ်။

လက်ဖက်ရည်စပြီးသောက်မိတော့မှ တစ်ယောက်က စတင်မေးတယ်။

"ခင်ဗျားတို့ လယ်သမားတွေ တကယ်ကြွားနေပြီဆိုဗျ"

"ဟုတ်သပေါ့"

ကြွားချင်တဲ့စကား ထွက်မလာဘူး၊ ရိုးရိုးပဲဖြေတယ်လေ။

"နို့ မယားသအိုက ကားဝယ်ဖို့ မပြောသေးဘူးလား"

လယ်သမားကြီးက မနေသာတော့ဘူး။ ပြုံးပြုံးပြန်ပြောလိုက်ပုံက - "မယားက သူယောင်မယ်၊ စကားက ခေါင်ဖယ်၊ စပါးက လဲ ပေါင်လယ်ပါပဲ မိတ်ဆွေ၊ သို့သော်လဲ မှောင်ခိုသမားတွေက အချောင်တွယ်ချင်လို့ မှောင်ကွယ်ကစောင့်နေကြပါကော"



www.burmeseclassic.com

www.burmeseclassic.com



ဝေါကနဲ ရယ်မောသံအဆုံးမှာ တစ်ယောက်က ဝင်ပြီး ထောက်တယ်။

"ဟုတ်လား၊ တယ်ဆိုးပါလား"

"ဒီလိုဆို ဘယ်လိုလုပ်မလဲဗျ"

"ဘယ်လိုလုပ်ရမလဲဗျ၊ ကျုပ်တို့အနေနဲ့ တာပန်[illegible] မရှောင်ဖယ်ပါဘူး၊ မှောင်ကွယ်က မယောင်မလည်နဲ့ အချောင်တွယ်ချင်တဲ့ လူတွေကို ပြောင်ကျယ်ပြီး နှာရောင်တွယ်လွှတ်တာပေါ့ဗျာ"

ရယ်သံကြီးက ထပ်ဆင့် လွှမ်းသွားပြန်ပါတယ်။

## ပလာ့တ်ပလောင်း

လဲတူးရွာသားတစ်စု ပင်းရွှေညောင်တော်ဘက်ကို ကိစ္စတစ်ခုရှိလို့ ရောက်လာကြတဲ့အခါမှာ အသိများမိတ်ဆွေများက ကြိုဆိုနှုတ်ဆက်ကြပါတယ်။ ယာသမားတွေ ဝမ်းသာအားရ လယ်သမားတွေဖြစ်ကြတဲ့အတွက် ယာအကြောင်း၊ လ[illegible] အကြောင်းလဲ ပါရဲ့၊ ပဲဈေး၊ နှမ်းဈေး၊ ရေှတ်ဈေးစ[illegible] ရောင်းကုန်များရဲ့ ဈေးနှုန်းများပါ ပါလေရဲ့။

သားရေး သမီးရေး၊ ကျွဲဈေး၊ နွားဈေးများလဲ ရယ်မော[illegible] စရာများနဲ့အတူ ရောနှောပြီး ပါတဲ့အတွက် ပျော်စရာပါ[illegible] လမ်းဖောက်လုပ်ရေး၊ ဆေးရုံ၊ ကျောင်းနဲ့ဆည်မြောင်း တာတမံ တည်ဆောက်ရေးသတင်းများလဲ ပါလာပြန်တဲ့အခါမှာ စကားဝိုင်း အနေနဲ့ ပိုလို့မြိုင်ဆိုင် စိုပြည်လာပြန်တယ်။





ရယ်မောသံတွေ စဲသွားချိန်မှာ ပင်းသားကုန်သည်တစ်ယောက်က ကြားဖောက်ပြီး ပြောလိုက်ပုံက

"ကျွန်တော်တို့ဘက်မှာတော့ ရာသီဥတုက တယ်ညံ့တာကလား၊ ခင်ဗျားတို့ အရပ်မှာတော့ ဘယ်လိုလဲ မသိဘူး"

"မိုးကောင်း မကောင်း၊ အကျိုးအကြောင်း၊ အဆိုးအကောင်းကို သိချင်တဲ့အတွက် တိုးလျှိုးတောင်းပန်တယ်ဆိုပါတော့"

လဲတူးသားများ စကားအရာ အာဝဇ္ဇန်းရွှင်လှကြောင်း သိတဲ့အတွက် မျှော်လင့်နေကြသူတွေမှာ အခုလိုစလိုက်ရင် ဝါးကနဲ ရယ်မောကြတယ်။ ဒီအခါမှာ နောက်တစ်ယောက်က

"ကောင်းလိုက်တဲ့မိုး၊ အကြောင်းဆိုက်တဲ့ အကျိုးကတော့ နှမ်းအကြောင်းမမေးနဲ့၊ အရမ်းကောင်းသဗျို့၊ လယ်အကြောင်း မေးဦးမလား၊ တကယ်ကောင်း အဟုတ်ချီးမြှောက်သင့်တဲ့ ရေှတ်သီးတစ်တောင့်ဟာ တစ်တောင်လောက်ရှည်သဗျာ"

ဒုတိယအကြိမ် သဘောကျသွားပြန်ပါတယ်။

တတိယလူက ကာရန်ဉာဏ် ကဗျာဉာဏ်တွေ နိုး[illegible] လာတဲ့အတွက် ပြောလိုက်တာကတော့ ဒီလိုလေ။

"ဘယ်အရပ်မှာ မိုးသည်းတဲ့အတွက် မျိုးဆုံးတယ်[illegible] ပြော ကျုပ်တို့ဆီမှာတော့ လူက ကက်ဆက်ဘေး၊ နွား[illegible] ဘီစကွတ် ဝါးပြီးမှေး၊ ခွေးက ချောကလက်ကို ပလုပ်ပလောင်း လွေးလို့ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



## ဖလားလား၊ အင်တုံလား

နတ်မောက်မြို့ပေါ်က သတင်းထောက်တစ်ယောက်၊ မြောက်ပိုင်းအင်းကန်ကို ရောက်သွားပါတယ်။ သူ့အနေနဲ့ ကျေးရွာပေါင်းစုံဘောလုံး ဗိုလ်လုပွဲ သတင်း၊ အထွက်တိုးသီးနှံ ပြိုင်ပွဲသတင်းများ၊ မျက်မြင်ကိုယ်တွေ့ ယူဖို့အတွက် ရောက်လာခဲ့ခြင်းဖြစ်တဲ့အတွက်-

"နှမ်းအထွက်တိုးမှာ တောင်ပေါက်ရွာက ပထမရသွားတယ်လို့သိရပါတယ်။ စာသံပေသံ ကလေးနဲ့ ပြောစေချင်ပါတယ်"

အရမ်းတစ်ဝက်မိုးတဲ့ နှမ်းအထွက်တိုးမှာ အခေါင်ရောက်နေတဲ့ တောင်ပေါက်ပထမရသွားတာ မဆန်းပါဘူး"

'ဘာကများ ဆန်းလို့လဲဗျာ"

"တလားတည်းလားနေတဲ့ ဖလားလေ၊ ပွဲအစမှာ အကဲလှုပေမယ့် အတင်းနှံ့နေတဲ့အတွက် ဖလားတွေရော၊ အင်တုံတွေရော စဥ့်အိုးတွေပါမကျန် အင်းကန်က ရသွားတဲ့အတွက် တခြားရွာ တွေမှာ ရေထည့်စရာတောင် မကျန်တော့ဘူးတဲ့ဗျို့"

သတင်းထောက်နဲ့တကွ စကားဝိုင်းလာ ပရိသတ်ကြီးမှာ တဟားဟားရယ်မောနေကြရတယ်။

✸ ✸ ✸

## မိန်းမကြမ်း

ပန်းခဲတော်ကျင်းရွာသားတစ်ယောက် ယာထဲကို သွားရင်းနဲ့ ရင်းနှီးတဲ့လူတစ်ယောက်ရဲ့ အိမ်ရှေ့အရောက်မှာ အခုထက်ထိ အဖန်အိုးနဲ့ သူငယ်ချင်းကို လှမ်းမြင်ရတဲ့အတွက်. . .





ဟေဟေး. . . ယောက်ဖရဲ့၊ တက်နေလျှံတောက်နေပါ ကော လား၊ အခုထက်ထိ လက်ဖက်ရည် အဖန်သောက်နေ န်းပဲလား"

နေမြင့်နေပြီလို့ ပြောလိုက်ခြင်း ဖြစ်ပါတယ်။ အမေးခံ ရတဲ့ သူငယ်ချင်းက အိမ်ရှေ့ကို လှမ်းကြည့်ပြီး . . .

"လက်ဖက်ရေ (လက်ဖက်ရည်) အဖန်သောက်တာက ကျက်သရေ အမှန်တောက်ပြီး ကြသလောက်ပြီးတယ်နော်၊ ပန်းကန် မှောက် အမြည်းမကျန်တော့လို့ တစ်မှုန်းဟန်ဦးမလား အတွင်သာ စဉ်းစားနေတာ"

လက်ဖက်ရည် အဖန်သောက်ရာမှာ မြေပဲကြော်တို့၊ ငါး ပြောက်တို့တွဲပြီး ပါတယ်လေ။ အဲဒါကို အမြည်းလို့ခေါ်လေရဲ့"

"အေး အေး-တစ်နည်းမဟန်ဘဲ ဇနီးပြန်သွားမှဖြင့် မင်း တစ်ယောက်တည်း းယီးကျန်ဖြစ်နေဦးမယ်"

လမ်းပေါ်ကသူငယ်ချင်းက ရယ်မောပြီး ထွက်သွားတယ်။ ယာထဲသွားချိန်တန်ပါလျက် မသွားတာဟာ အလုပ်ကို မလေးစားတာဘဲ၊ အဲဒီအတွက် ဇနီးစိတ်ဆိုးပြီး မိဘရပ်ဌာန် တခြားရွာကို ထွက်သွားလိမ့်မယ် သတိပေးသွားတယ်။ သတိပေး သွားတဲ့ စကားနဲ့လျော်ညီစွာပါပဲ။ မီးဖိုထဲမှာ ထမင်းအိုးတည် နေတဲ့ ဇနီးလှမ်းပြီး သတိပေးလိုက်ပုံက -

"အချိန်မှန်းမသိ၊ နာရီမှန်းမသိ၊ ထိုင်နေတဲ့ လူဟာ ကျက်သရေ အမှန်ပျောက်နေပြီနော်၊ ယာထဲကို သွားမလား မသွားဘူးလား" ကန်ကျောက်ပြီး မေးတော့မှ "ဆုလန်ကြောက် ပါ ပြီ မပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာတော့ အဖန်အိုးနဲ့နှပ်နေတဲ့ ယာသမားကြီး အသော့နှင်ပြီး ထပါတော့တယ်။

✳ ✳ ✳

## ယားရာ ယားရာ

နွားလှည်းကြီးတအိအိစီး၍ ချောင်းကိုဖြတ်ပြီးနတ်မောက်သူ နတ်မောက်သားတွေ နတ်မောက်ဘူတာကို ရောက်လာကြတယ်။ ချောင်းရဲ့ ဟိုဘက်က လူတွေပါသလို ချောင်းရဲ့ ဒီဘက် ကလူတွေလဲ ပါတာပေါ့လေ။

ချွေးတွေ ဖုန်တွေနဲ့ အခုမှရောက်လာတဲ့ ကုန်သည်တစ်ယောက်က သူ့အလျင်ရောက်နေနှင့်တဲ့ လူစုထဲကလူတစ်ယောက်ကို မြင်လိုက်တဲ့အခါ ဝမ်းသာအားရနဲ့ နှုတ်ခွန်းဆက်လိုက်ပုံက-

"အလို- အကကောင်းတဲ့ မြသောင်း၊ ဘယ်ကိုကြွချောင်း မလို့တုန်း"

"မနေ့ကောင်းဖို့အတွက် ကလေးကျောင်းပို့မလို့ဗျ၊ ကလေးက ထက်ဖဟိုမှာ တက္ကသိုလ်ရောက်နေပြီ"

ဘေးက ကြားရသူတွေ ပြုံးစေ့စေ့နဲ့ နားစိုက်ထောင်နေကြတယ်၊ ပထမစတဲ့လူကပဲ ဆက်လက်ပြီး . . .

"တစ်နည်းစကားမေးရရင်တော့ စီးပွားရေးကောအဆင် ပြေရဲ့လား"

"သူငယ်ချင်းရေ ထမင်းတစ်ခါး စားစရာမရှိဘူးကွာ၊ မအားတာ ယားရာကိုတောင် ထုံးတို့ထားရတော့ ယားရာကလေးခမျာ အားနာစရာ သနားစရာ ဖြစ်နေလို့မယားရဲတော့ဘူး"





ဘေးပရိသတ်သာမက စကားစတင်တဲ့ မိတ်ဆွေပါ ဟက်ဟက်ပက်ပက် ရယ်မောနေရတော့တယ်။

⊛ ⊛ ⊛

## အိုးကာမပူ

နတ်မောက်ဈေးမှာ ဈေးစည်ကားချိန်ဖြစ်ပါတယ်။ ဈေးဝယ်ပြီးပြန်တဲ့ မြို့သူအိမ်ရှင်မများ၊ အခုမှဈေးဝယ်ဖို့ အပြေးအလွှား ရောက်ရှိလာကြတဲ့ အိမ်ရှင်မများ အစရှိသူများ အဝင်အထွက်နဲ့ ရှုပ်ထွေးနေတယ်။

အထမ်းနဲ့တစ်ဖုံ၊ ခေါင်းရွက်လို့တစ်နည်း ရောက်ရှိလာကြတဲ့ ထွက်သွားကြတဲ့ ရပ်ဝေးအရောင်းသမား၊ ရပ်ဝေး အဝယ်သမားများကလဲ အများကြီးပါပဲ။ ပြောဆိုရောင်းချနေသံ၊ အော်ဟစ် ခေါ်ငင်သံတွေ ဆူညံနေသလို ရန်ဖြစ်နေသံတွေလဲ ရောနှောနေလေရဲ့။

တစ်နေရာက မုန့်ဟင်းခါးမုန့်ဖတ်ဝယ်လာပြီး မုန့်ဟင်းခါးဆိုင်မှာ မုန့်ဝယ်ကားရင်းနဲ့ မုန့်ဖတ်တွေ ထည့်စားခွင့်ရှိတဲ့ မုန့်ဟင်းခါးဆိုင်တွေမှာလဲ လက်မလည်အောင် ရောင်းနေရပါကလား။

တစ်ခုသော မုန့်ဟင်းခါးဆိုင်မှာတော့ သုံးနှစ်ရွယ်ကလေး တစ်ယောက်အနေနဲ့ မုန့်ဟင်းခါးဟင်းရည်အိုးနားကို ချည့်နဲ့စွာလျှောက်လှမ်းချဉ်းကပ်သွားနေပါတယ်။ သူ့ကိုယ်သူလဲ ကောင်းစွာ နိုင်ဟန် မတူပါဘူး။ တစ်ချက်တစ်ချက်မှာ ယိုင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးကို မုန့်ဟင်းခါးစားနေတဲ့ မိန်းမတစ်ယောက်က လှမ်းအမြင်မှာ

"ဟဲ့ ဟဲ့ ဘယ်သူ့ကလေးလဲ၊ ဟင်းအိုးမှောက်ကျလို့ အပူ လောင်ပြီး ဒုက္ခရောက်တော့မယ်"

သို့ပေမယ့်လဲ ဘယ်သူမှ ပေါ်မလာတဲ့အတွက် ထဆွဲတဲ့အခါ မုန့်တွေဖိတ်ကုန်တယ်။ အဲဒါကြောင့် အတူစားနေတဲ့ အဖော်က-

"သူ့အမေမကတောင် ပစ်ထားသေးတာဟာယ်၊ ချီးက မကူ ဒေါင်းကကူ၊ အိုးကမပူ စလောင်းကပူရတယ်လို့"

အပြောခံရတဲ့ မိန်းမကြီးကလဲ အညံ့မခံပါ။

**"ကျောင်းအမ မယူတော့လဲ ယောက်မနဲ့ ကူရသလို ဒေါင်းက မကူပေမယ့် စလောင်းက ပူရတယ်တဲ့။ ကိုယ့်သားလေး မဟုတ်ပေမယ့် သူလဲ နို့စားပြီး မွေးတာမဟုတ်လား။ အညာ ထွက်လာ ဘယ်ညာပြန်၊ တစ်ခါဆက်ဆံ ဆယ်ခါလန် မလုပ်ချင် စမ်းပါနဲ့"**

လူလူချင်း ညာတာစောင့်ရှောက်ရတဲ့အကြောင်း လက်ဟန်ခြေဟန်နဲ့ ပြန်ပြောလိုက်တဲ့အတွက် မုန့်စားပရိသတ်ကြီးမှာ တဝါးဝါး တဟားဟားနဲ့ နှစ်သက်မဆုံး သဘောကျမဆုံး ဖြစ်သွား ကြပါတော့တယ်။



# ရေနံချောင်းသား စကားပဒေသာ



www.burmeseclassic.com

www.burmeseclassic.com



## ရေနံချောင်းသား စကားပဒေသာ

ရေနံချောင်းမြို့ဆိုတာကတော့ အထူးဖော်ပြမိတ်ဆက်ပေးစရာမလိုဘူး ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာ့ရေနံ သမိုင်းမှာရေနံချောင်းမပါရင်ပြီးမှ မပြီးတာကလား။ ရေနံထွက်ရာမှာလဲ ပုဂံခေတ် အလောင်းစည်သူမင်း လက်ထက်ကစပြီး ရေနံနဲ့ထင်ရှားခဲ့တာမဟုတ်လား။

မြန်မာပြည်အလယ်ပိုင်းမှာ ထင်ရှားကြီးကျယ်တဲ့ မြို့ကြီးတစ်မြို့လေ။ ရေနံမြေအလုပ်သမားများ၊ အမှုထမ်းများ၊ ကုန်သည်များနဲ့ အလွန်စည်ကားတဲ့ မြို့ဖြစ်ပါတယ်။ ဧရာဝတီမြစ်ရဲ့အရှေ့ဘက်မှာ တည်ရှိပြီး ရေလမ်းကုန်းလမ်း အဆက်အသွယ်ကောင်းမွန်တဲ့ မြို့ကြီးတစ်မြို့ပါပဲ။

မြို့ပေါ်မှာ စိတ်ဝင်စားစရာကောင်းသလို မြို့ပတ်ဝန်းကျင်က ကျေးရွာတွေအနေနှင့်လဲ စိတ်ဝင်စားစရာ အလွန်ကောင်းပါတယ်။ အဲဒီကျေးရွာတွေထဲက နတ်ကန်ဦးဆိုတဲ့ရွာအနေနဲ့ စကားအရာမှာ သူမတူတဲ့ရွာ ဖြစ်ပါတယ်။ မြို့ရဲ့အရှေ့မြောက်ဘက်ခြောက်မိုင်အကွာမှာ ပင်းချောင်းရဲ့ တစ်ဖက်ကမ်းမှာ တည်ရှိပါတယ်လို့ သိရပါတယ်။

အခုအဲဒီရွာက နာသာခံခက်နဲ့ တခိခိရယ်မောပြီး အလွန် သဘောကျစရာကောင်းတဲ့ ရေနံချောင်းသား စကားတစ်ချို့ကို ရှု စားကြည့်ပါဦးလို့။ ။



## ကြောက်မည်ထင်၍

အထက်မှာ ဖော်ပြခဲ့တဲ့ နတ်ကန်ဦးသားတွေ အနေနဲ့ နှောင်းခေတ်တွေကျတဲ့အခါ ဘာတွေပြောပြီး ဘယ်လောက်အထိ စကားစောင်းထက်တယ်ဆိုတာ မသိရပေမယ့် ကိုလိုနီခေတ်တုန်းကတော့ အံ့ဩလောက်ပါရဲ့။

ကိုလိုနီခေတ်မှာ နယ်ချဲ့သမားအသုံးပြုတဲ့ အုပ်ချုပ်ရေးကိရိယာတွေထဲမှာ 'ပုလိပ်' ဆိုတာ ရှိပါသတဲ့။ ပုလိပ်အနေနဲ့ ကာ့ကီဘောင်းဘီအတိုဝတ်ပြီး ခြေသလုံးတစ်လျှောက်မှ ဒူးခေါင်းအထိ' ရှည်တဲ့ပတ်တီးကို ရစ်ခွေပြီးပတ်ပါသတဲ့။ သက္ကလတ်ဦးထုပ် ကို ဘေးတစ်ခြမ်းကပ်ထားပြီး လက်ထဲမှာ တစ်တောင်လောက်ရှည် တဲ့ နံပါတ်တုတ်ဆိုတာ ကိုင်ရပါသတဲ့။

အဲဒီလို တုတ်ကလေးတစ်ချောင်းပဲ ကိုင်ထားပေမယ့် ကျေးရွာသားတွေက ဘုရားထူးရသတဲ့။ ကျေးရွာသားတွေကို အုပ်ချုပ်ရတဲ့ သူကြီးဆိုတာကလဲ ပုလိပ်ကို ရှိခိုးရတယ်ဆိုပဲ။

လူတစ်ယောက်ကို ပုလိပ်က အပြစ်မရှိဘဲ ဖမ်းသွားရင် သူကြီးလဲ မတတ်နိုင်ဘူး။ ရုံးပြင်ကနွားကို ဝေးဝေးရှောင်တဲ့ ကျေးရွာသားတွေမှာလဲ ဘယ်သွားလို့ဘာလုပ်ရမှန်းမသိတဲ့အတွက် ပုလိပ်ကို ကြောက်ရဖို့ပဲသိပါသတဲ့။

အဲဒီလို အခြေအနေမျိုးမှာရွာကို ပုလိပ်တချို့ရောက်လာကြပါတယ်။ ပုဒ်မဘယ်လောက် အရ ဘယ်နေ့တုန်းက ဘယ်မှာဘာဖြစ်တယ်နဲ့ ပြောလာကြတာ ကြားတဲ့အခါ ရွာသားတွေက ပဲထည့်တဲ့ပုတ်တွေ မယူလာပြီး ပုလိပ်တွေရှေ့မှာ ချသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းတို့ ဒါဘာလုပ်တာလဲ'

ပုတ်ကိုမ, ရမယ်ဆိုလို့ ပုတ်တွေမ လာတာပါ'

ပုလိပ်ကြီးတစ်ယောက်က အလွန်စိတ်ဆိုးစွာနဲ့ ' ဒါပဲဘာ ငါတို့ကို သက်သက်မဲ့ ပမာမခန့် လုပ်တာကွ' လို့ပြောသတဲ့။

နောက်တစ်ယောက်ကလဲ ဒေါသကြီးစွာနဲ့ ခြိမ်းခြောက်ပုံကတော့ . . .

' မင်းတို့တစ်တွေဟာ အတော်လူပါးဝတဲ့ ကောင်တွေ၊ မင်းတို့ရွာကို ဗုံးကြဲပစ်မယ်သိလား'

ဗုံးဆိုတာ လေယာဉ်ပျံပေါ်က ကြဲချတယ်ဆိုတာကိုပဲ ပုလိပ်တွေ ကြားဖူးတာပါ။ လေယာဉ်ပျံ တံခါးဖွင့်ပြီး လက်နဲ့ ကြဲ ချသလား။ ဘယ်လိုလုပ်သလဲ မသိကြပါဘူး။ ဒါပေမယ့် ကြောက် သွားအောင်ဆိုပြီး လှန့်တာပါပဲ။

ဒါပေမယ့် ရွာသားတွေက မကြောက်တဲ့အပြင် ပါးစပ်က အသံထွက်တိုင်း လိုက်ပြီး ပြန်ဖြေတဲ့ပြန်လိုက်ကြပုံကတော့ ဒီလိုပါ . . .

"ဟာ . . . ဗုံးကြဲရင် ကောင်းတာပေါ့၊ ကြဲရင်လဲ လောက် လောက်ငလေး ကြဲကြပါဗျာ၊ အိမ်မှာရေထည့်ထားတဲ့ ဘုန်း(ပုံး)လိုနေတာနဲ့တော့ ဟန်ကျသွားပြီ။ အိမ်မှာရှိတဲ့ ဘုန်း(ပုံး)တွေလဲ ဟိုကပေါက် ဒီကပေါက်နဲ့ အပေါက်တစ်ရာ အဖာတစ်သောင်းဖြစ်နေလို့ပါ"

တကယ်ပဲ ဗုံးဆိုတာကိုမသိတာလား၊ သိလျက်သားနဲ့ ကမ့်င် အကြောင်းရိုက်တာလား မသိဘူးလေ။ သူကြီးမှာ မျက်စိ





မျက်နှာပျက်ပြီး ပုလိပ်တွေ ကြိတ်မနိုင်ခဲမရ ဖြစ်နေချိန်မှာ ပုတ်တွေ ထမ်းပြန်သွားတဲ့ နတ်ကန်ဦးသားတွေကတော့ ရယ်လို့ မောလို့။

❁ ❁ ❁

## ကြည့်ပြောပါ

စနေနံ ဘုရားပွဲတော်ကို နတ်ကန်ဦးသားတစ်ချို့ လာကြပါတယ်။ ရပ်ဝေးရပ်နီးက ဈေးဆိုင်တွေ နဲ့ အလွန်စည်ကားတာပေါ့။ ရန်ကုန်က ဆိုင်ကြီးတွေလာပြီး ဖွင့်ကြတာဆိုပါကလား။

အဲဒါနဲ့ ပိုးထည်ဆိုင်ကြီး တစ်ဆိုင်ထဲကိုမယောင်မလည်နဲ့ဝင်သွားကြရာက ခြင်းခံပြီးပေါင်းထားတဲ့ အသင့်ပေါင်းပြီးသား ခေါင်းပေါင်းတွေကို မြင်ကြပါလေရော။ အဲဒါကြောင့် အနားမှာ ရပ်နေတဲ့ လူတစ်ယောက်ကို . . .

"ခေါင်းပေါင်းတွေတစ်လုံး ဘယ်လောက်ရောင်းလဲ"

အမေးခံရတဲ့လူက ဆိုင်ကလူ မဟုတ်တဲ့အပြင် ပစ္စည်းဝယ်ရအောင်ရောက်နေတဲ့ မြို့ပေါ်က သူဌေးသားဆိုတော့ ဒေါကြီးအကျယ် ရှက်သွားပြီး . . .

" မင်းက ငါ့ကို ဘာမှတ်လို့လဲ၊ လူကြည့်ပြောပါကွ"

အဲဒါကြောင့် နတ်ကန်ဦးသားက အဲဒီလူရဲ့ မျက်နှာကို သေသေချာချာကြည့်ပြီး ထပ်မေးပါတယ်။

"ခေါင်းပေါင်းတွေ [illegible] ဘယ်လောက်ရောင်း သလဲ"

မြို့သား သူဌေး [illegible] ရှက်သွားတဲ့အခါ ဆိုင်အလုပ်သမားတွေနဲ့ [illegible] ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ခေတ္တစောင့်ပါ

ပုလိပ်သားများနှင့် နတ်ကန်ဦးသားတွေ အဆင်မပြေပါ။ နတ်ကန်ဦးသားတွေကလဲ ပုလိပ်နဲ့ ပတ်သက်လာလျှင် အထအနကောက်ပြီး ကိုးရိုးကားယား လုပ်လေ့ရှိတယ်။ နာသာခံခက်မရှိမ သေ ပြောလေ့ရှိတယ်။

ဒါပေမယ့် ရွာခေါင်းတစ်ယောက်က ပုလိပ်တွေနဲ့ ပေါင်းပြီး စီးပွားဖြစ်နေတဲ့အတွက် ပုလိပ်တွေကို အမြဲငံခါးဖွင့်ထားတယ်။ ဒါကြောင့် နတ်ကန်ဦးကို ပုလိပ်တွေမလာဘဲ မနေနိုင်ပါ။

တစ်နေ့မှာတော့ နတ်ကန်ဦးအကြောင်းကို မကြားဖူးသေးတဲ့ ပုလိပ်သားကလေးတစ်ယောက် ပုလိပ်ဟောင်းကြီးတွေနဲ့ရောနှောပြီး ပါလာပါတယ်။ သူတို့ကို ထန်းရည်တိုက်မယ့် ရွာခေါင်းက သူတို့ကို ထန်းတောထဲ ခေါ်သွားပါတယ်။ ပုလိပ်သစ်ကလေးအနေနဲ့ အာဏာပြချင်စိတ်စောပြီး ထန်းပင်ပေါ်မော့ကြည့်ရာက အော် မေးတယ်။

"ထန်းရည်လိုချင်တယ်ဟေ့"

ထန်းပင်ပေါ်က ထန်းသမားကလဲ ငုံ့ကြည့်ပြီး အကဲခတ်နေတဲ့အတွက် ဘယ်သူမေးတယ်ဆိုတာ သိတဲ့အလျောက်. .

"လူသောက်လား ခွေးသောက်လား၊ လူသောက်ဆိုရင်နည်းနည်းစောင့်ရဦးမယ်"

ဘယ်လောက်များခံရခက်လိုက်တဲ့ စကားပါလဲ။ ဒါပေမယ့် အခံရခက်ခက်နဲ့ ငြိမ်နေကြဆဲမှာ ဦးစွာရောက်နေတဲ့ ထန်း





ရည်သမားတွေက ဝါးခနဲ လှောင်ဖဲပြောင် ရယ်မောကြလေတယ်။

❊ ❊ ❊

## တိကျပါပေ့

နတ်ကန်ဦးရွာ အနေနဲ့ ယာတွေ၊ ဥယျာဉ်တွေနဲ့ စိုပြည်စည်ကားပါတယ်။ ရွာဘေးမှာ ရေလွယ်တဲ့ နေရာတွေကို ရွေးပြီး သစ်သီးဝလံပင်စိုက်တဲ့ ဥယျာဉ်တွေက အများကြီးရှိပါတယ်။

ရေလောင်းပြီး စိုက်ရတဲ့ ခရမ်းသီး၊ ငရုတ်သီး၊ ဘူးသီး၊ ပဲလင်းမြွေသီး၊ ခဝဲသီးနဲ့ ဗိုလ်စားပဲတွေ နတ်ကန်ဦးက လှိုင်လှိုင်ထွက်နေတဲ့ ရာသီတစ်ရာသီမှာ ခရီးသွားတစ်စုအနေနဲ့ ရွာဘေးကဖြတ်သွားကြလေရဲ့။

ခရီးသည်တွေရဲ့ မြင်ကွင်းထဲကို ဦးစွာဝင်လာတဲ့ မြင်ကွင်း ကတော့ ရှည်လျားဖြူဖွေးတဲ့ ဆင်စွယ် ခရမ်းသီးတွေလေ။ မြေကလဲကောင်း၊ ရေကလဲ ကောင်းမို့ ထွား ကျိုင်းလှပါပေတယ်။ ဈေးထဲမှာ မြင်နေကျ ဆင်စွယ်ခရမ်း ထက် ဖွံ့ထွားရုံမက သီးနှုန်းကလဲ ပိုတဲ့အတွက်. . .

" ကြည့်လိုက်ကြစမ်းဟေ့၊ နတ်ကန်ဦးကသီးတဲ့ ဆင်စွယ် ခရမ်းတွေက ထွားကျိုင်းလိုက်တာ"

ရှေ့ဆုံးမှ သွားသူက နောက်မှပါလာသူများ မမြင်လိုက်ရ မရှိရအောင် စေတနာနဲ့ ပြောလှားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ကြဟဲ့... ကြည့်ကြ၊ နတ်ကန်ဦးက သီးလိုက်တဲ့ ခရမ်းသီးတွေ"

ထပ်ကာထပ်ကာ အော်နေဆဲမှာပင် ခရမ်းပင်တွေကြား ထဲက လူတစ်ယောက် ထရပ်ပြီး ပြောလိုက်ပုံကတော့ -

"နတ်ကန်ဦးက ဆင်စွယ်ခရမ်းမသီးပါဘူးဗျ၊ ခရမ်းပင်ကသာ ခရမ်းသီး သီးတာပါ"

ခရီးသွားတွေ ရုတ်တရက် ကြောင်သွားကြပါတယ်။ ခရီးသွားတွေ ရုတ်တရက် ... နတ်ကန်ဦးဆိုတာ နာမည်မဟုတ်လား၊ အပင်ဟုတ်တယ်လေ၊ နတ်ကန်ဦးဆိုတာ နာမည်မဟုတ်လား၊ အပင်မဟုတ်ဘူးလေ၊ အဲဒါကို သဘောပေါက်တော့မှ ခရီးသည်တွေ ရှက်ပြုံး ပြုံးသွားကြလေရဲ့။

## နှာခေါင်းမပါရော့သလား

အနီးပြေးဘတ်စ်ကားတစ်စီးအနေနဲ့ ရေနံချောင်းက နေပြီး မကွေးဘက်ကို ဦးတည်ပြေးဆွဲနေပါတယ်။ ကားကလေး ငယ်ပေမယ့် ခရီးသည်တွေပြည့်လို့ပါပဲ။ နောက်မှာတန်းလန်း ဆွဲနေသူတွေ အများကြီးပါရုံမက အမိုးပေါ်ကပစ္စည်းတွေကြားမှာတောင် ခရီးသည်တချို့ ပါလာသေးတယ်။

ခရီးသည်တွေအနေနဲ့ တစ်နေရာမှာ ကားတစ်ခါရပ်ရင် တစ်စုဆင်းသွားလိုက်၊ တစ်စု တက်လာလိုက်ပါပဲ။ ကားဆဲမှာလဲ ချောင်သွားလိုက် ကျပ်လိုက်ပေါ့လေ။ ကားရပ်နေကျနေရာတွေကို ဥပမာ- ကန်အမည်၊ သစ်ပင်အမည်၊ ရွာအမည်တွေကို စပယ်ယာ က လျှောက်ရွတ်ပါတယ်။





ခရီးသည်က "ပါတယ်" ဆိုမှ 'ဆရာရေ ကန်ကြီးပါတယ်' လို့ အော်ပါတယ်။ ကန်ကြီးနဲ့နီးလာလို့မှ ပါတယ်ပြောသူမပါရင်ရှေ့မှတ်တိုင်ကျော်ပြီး "လမ်းဆုံပါသလား" မေးပြန်ပါတယ်။

ဒီလိုနဲ့ ဒေါင်းသေချောင်းနားနီးလာတဲ့အခါကျတော့ 'ဒေါင်းသေပါသလား' မေးပြန်တာပေါ့။ ဒီအခါမှာ ...

"ဒေါင်းသေပါရင် နံမှာပေါ့ရှင့်၊ ရှင့်မှာ နှာခေါင်း မပါဘူးလား"

မိန်းကလေးတစ်ယောက်က ခပ်တည်တည်လှမ်း ပြောလိုက်တဲ့အတွက် ခရီးသည်တွေ ရယ်မောကြပါတယ်။ သူများကို အမြဲအနိုင်ယူတတ်တဲ့ စပယ်ယာခမျာ ဒီတစ်ခါတော့ ခံသွားရတယ်။ စပယ်ယာကို အရှုံးပေးလုပ်သူကတော့ 'နတ်ကန်ဦးရွာသူ' ပါ။

* * *

## ပေါ်ရိုသာဒလော

ကိုလိုနီခေတ်ရဲ့ ပုလိပ်သားတွေအနေနဲ့ ကျေးလက်တောရွာမှာ အင်မတန်တန်ခိုးကြီးလှပါတယ်။ ပုလိပ်တစ်ယောက်သို့မဟုတ်ပုလိပ်တစ်စုရွာကိုရောက်ရင် မင်းစိုးရာဇာတမျှပြုစုရပါသတဲ့။

ပုလိပ်လာတယ်၊ ရောက်နေတယ်လို့ သူကြီးက ဆယ်အိမ်ခေါင်းတို့၊ ရွာဆော်တို့ကို ခေါ်ပြောလိုက်ရင် အပြောခံရတဲ့လူက နားလည်သွားပြီး ဘယ်ခေါင်းအပိုင်က ပုလိပ်တွေချိုးဖို့ရေလာပို့ရမယ်။ ဘယ်ခေါင်းကအရက်ရှာပေးရမယ်။ ဘယ်ခေါင်းကထမင်း ချက်ရမယ်ဆိုတာ ကြိုတင်ခန့်ခွဲပြီးသားကိစ္စ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် နတ်ကန်ဦးကို ပုလိပ်သုံးယောက် ရောက်လာတဲ့တစ်နေ့မှာ ရွာဆော်က ရွာထဲလျှောက်ပြီး အော်ဟစ်ပါတယ်။

'ပုလိပ်သားဟေ့၊ ပုလိပ်သား"

"ဘယ်မှာလဲဗျို့"

'မေးနေရသေးသလားဟ၊ သူကြီးအိမ်မှာရောက်နေတယ်'

ရွာဆော်လည်း ရှေ့လျှောက်သွားရော နတ်ကန်ဦးသူတွေ ငလေ မိန်းမကြီးတွေ ပျို့ပျို့အိုအိုပေါ့၊ ဖလုံတွေ၊ တောင်းတွေ၊ ဒန်အိုး ဒန်ခွက်တွေ ကိုယ်စီဆွဲပြီး သူကြီးအိမ်ကို ပြေးကြတယ်။ တချို့ များ အလေးတွေ ၊ ချိန်ခွင်တွေတောင် ပါလာသေးတယ်။

သူကြီးလဲ တောင်းရွက်သူရွက်၊ အိုးဆွဲသူဆွဲနဲ့ ရောက်လာတဲ့ လူအုပ်ကြီးကိုကြည့်ပြီး -

"အိုးတွေ ခွက်တွေ၊ တောင်းတွေ ပလုံးတွေနဲ့ ဘာဖြစ်လာကြတာလဲ၊ ဘာလုပ်မလို့လဲ"

မျက်လုံးပြူးမျက်ဆံပြူးနဲ့ ဆီးမေးရှာတယ်။

ဒီအခါမှာ ထိပ်ဆုံးမှ အမျိုးသမီးတစ်စုက အဖြေပေးတယ်။

'ပုလိပ်သားရောက်နေတယ်ဆိုတော့ ကျုပ်တို့ကသားရတဲ့ အသားတစ်မျိုးမှတ်လို့'

'ဟုတ်ပါတယ် သူကြီးရယ်၊ ဝက်သား အမဲသားလို စားရတဲ့ အသားထင်လို့ ဝယ်ရအောင် လာမိတာပါ'





'ဒါပေါ့တော်၊ တစ်ပိဿာမရရင်တောင် ငါးဆယ်သား၊ အစိတ်သားလောက်တော့ ဝယ်မယ်စိတ်ကူးတာ၊ အစသတ်တော့ ပုလိပ်သားဆိုတာ လူကိုး'

တဟီးဟီးတဟားဟားရယ်ပြီး ပြန်သွားကြပေမယ့် သူကြီးမှာ မျက်စိပျက်မျက်နှာပျက် ကျန်ခဲ့တယ်။ ပုလိပ်တွေမှာတော့ ဒါဟာတမင်သက်သက် မလေးမခန့် လုပ်တာပဲဆိုပြီး ယမ်းပုံမီးကျ ဒေါသပွကြီး ပွနေကြလေရဲ့။

■ ■ ■

## ပို၍နီးသောကြောင့်

နတ်ကန်ဦးသားရဲ့ မျက်စိထဲကို ထင်းလှည်းကြီးတစ်စီးဝင်လာတယ်။လှည်းပုံတောင်းသံတအီအီ ဖုန်တထောင်းထောင်းနဲ့လေ။ သို့သော်လည်းထင်းလှည်းက တခြားလှည်းနဲ့မတူဘူး။

ထင်းလှည်းအနေနဲ့ ထင်းတင်တဲ့အခါမှာလည်း အိမ်ထဲမှာ စုပြီးမတင်ပါဘူး။ရောင်းတမ်းပစ္စည်းဆိုတော့ ဝယ်တဲ့လူရဲ့ မျက်စိထဲမှာထင်းတွေအများကြီးလို့ထင်အောင်လုပ်ရတယ်။

အဲဒါကြောင့်လှည်းအိမ်ထဲမှာ အောက်ခြေကျဉ်းပြီး အပေါ်ကားတဲ့တိုင်တွေ ခြောက်တိုင်စိုက်ထောင်တယ်။ အဲဒီထဲမှာ ထင်းချောင်းတွေကို စီပြီးထည့်ရတယ်။ အဖုတွေ အထစ်တွေ အကွေ့အကောက်တွေကို အလယ်မှာထားရင်များများမဆံ့ဘူးလား။

အဲဒါကြောင့် နတ်ကန်ဦးသားရဲ့ ခြင်ကွင်းထဲဝင်လာတဲ့ ထင်းလှည်းအနေနဲ့ လှည်းအိမ်ထက် မြင့်နေတာပေါ့။ ထင်းလှည်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းသူအနေနဲ့ အဲဒီထင်းတွေပေါ်မှာ ထိုင်ပြီး နွားနှစ်ကောင်ကို ထိန်းသိမ်းမောင်းနှင်လာတယ်။

လှည်းနဲ့ နတ်ကန်ဦးသားနဲ့ နီးကပ်လာချိန်မှာ နတ်ကန်ဦး သားက အော်ပြီး မေးပါတယ်။

'ထင်းလှည်းသမားကြီး ဘယ်တော့များ မိုးရွာမှာလဲ'

လူချင်းလဲမသိ၊ ထင်းလှည်းသမားနဲ့ မိုးလေဝသခန့်မှန်း တဲ့ပညာ နီးစပ်တယ် မကြားစဖူး။ အဲဒီတော့ သူ့ကိုနောက်ပြောင် တယ်ထင်သွားတဲ့အတွက် ထင်းလှည်းသမားက တုံးတိဖြေလိုက်လ တယ်။

'ဟာ ဘယ်သိမလဲ'

နတ်ကန်ဦးသားက အပြုံးမပျက်ပြန်ပြောလိုက်ပုံကတော့

'ဩော်... ခင်ဗျားကကျုပ်ထက်စာရင် မိုးနဲ့ပိုနီးနေလို့ပါ' တဲ့။ မိုးဆိုတာ မိုးကောင်းကင်ကိုပြောတာပါ။ အမြင့်ကြီးတင်ထား လို့ နွားတွေပင်ပန်းမှာကို သနားလို့ သရော်တာလား။ ဒါလောက် မြင့်နေပေမယ့် ထင်းတကယ်မပါဘူးလို့ ပြောချင်တာလား၊ သက် သက်ပါးစပ်ဆော့တာလား ဆိုတာကိုတော့ ကာယကံရှင်နတ်ကန်ဦး သားပဲ သိပါလိမ့်မယ်။ လှည်းသမားမှာတော့ ကသိကအောင့်ပါပဲ။

❊ ❊ ❊

## မြေပုံအာလေးက

နတ်ကန်ဦးသားတစ်ယောက်အနေနဲ့ ရေနံချောင်းမြို့ ပေါ်တက်ပြီး ကြော်ငြာမောင်းခတ်ရတဲ့ အလုပ်နဲ့ အသက်မွေး





နေထိုင်ပါတယ်။ မြို့ပေါ်မှာရှိတဲ့ ရုပ်ရှင်ရုံတွေက သူတို့ရုံတွေမှာ ပြသတဲ့ ရုပ်ရှင်ကားတွေ ကြော်ငြာကို မောင်းသမားတွေက မောင်းခတ်ကြေညာပေးရတယ်။ ကြော်ငြာလှည့်တဲ့ကားတွေ၊ မြင်းလှည်းတွေအနေနဲ့ ဈေးထဲကို မဝင်နိုင်တဲ့အတွက် မောင်းသ မားတွေကပဲ တနောင်နောင်မောင်းခတ်ရင်း ပါးစပ်ကအော်တယ်။ လွယ်အိတ်ထဲက ကြော်ငြာစာရွက်တွေလဲ ကမ်းလှမ်းတယ်။

ဒါပေမယ့် မောင်းသမားတိုင်းအနေနဲ့ ရုပ်ရှင်ကြော်ငြာ ချည်းကြော်ငြာကြတာ မဟုတ်ပါ။ နိုင်ငံရေး တရားပွဲတွေ၊ ဘာသာရေးတရားပွဲတွေ ကြော်ငြာတဲ့အခါ ကြော်ငြာရသတဲ့။ ကုန်တိုက်ကြီး တွေကအထည်ဆန်း၊ ပစ္စည်းအဆန်းရောက်လာ ရင်လဲ မောင်းသမားတွေကပဲ ကြော်ငြာပေးရပါသတဲ့။

မောင်းသမားတွေအနေနဲ့ ဟိုရပ်ကွက်မှာ တနောင် နောင် ဒီရပ်ကွက်မှာ တနောင်နောင် လျှောက်သွားကြော်ငြာ နေလေ့ရှိတာ ပါပဲတဲ့။ တစ်နေ့မှာတော့ နတ်ကန်ဦးသား မောင်း သမားအနေနဲ့ ဘာမှမအော်ပဲ တနောင်နောင်အသံပေးပြီး လျှောက်သွားနေတုန်းမှာ ဈေးဝယ်ဖို့ထွက်လာတဲ့မိန်းမ တစ်ယောက်က . . .

'ဘာမောင်းလဲရှင့်'

'ဘုကို တုတဲ့မောင်းပါ'

အတော်ခံရခက်စဖွယ် အဖြေပါပဲ၊ သို့သော်လဲ အမျိုးသမီးက စိတ်မဆိုးဘဲ ဆက်မေးတယ်။

'ရှင့်ပါးစပ်က အော်မယ့်ဥစ္စာကို မေးတာပါ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ပါးစပ်က အော်မှာတွေကတော့ အသံတွေပါပဲ'

စိတ်ဆိုးရအခက် စိတ်မဆိုးရအခက်နဲ့ အမျိုးသမီးထွက်သွားပေမယ့် မြင်းလှည်းသမားတွေမှာတော့ တဟားဟားပွဲကျနေလေရဲ့။

❁ ❁ ❁

## ဘယ်ကိုမှမသွားပါ

အထက်က မောင်းသမားဖြေတာတွေအနေနဲ့ မမှန်ဘူးလားဆိုတော့ မှန်ပါတယ်။ မှန်ပေမယ့် တစ်ဖက်သားမှာ အခံရခက်တာ အမှန်ပါပဲ။ နောက်ထပ်တစ်ခုကလဲ အဲဒါမျိုးပါပဲ။ ရေနံချောင်း မြို့ပေါ်မှာ မဟုတ်ပါဘူး။ နတ်ကန်ဦးရွာမှာ ဖြစ်တာပါ။

ဆင်စွယ်ခရမ်းသီးအကြောင်းမှာ လမ်းတစ်လမ်းရှိတဲ့ အကြောင်းတင်ဆက်ခဲ့ပြီးပါပြီ။ နတ်ကန်ဦးကို ရွာဘေးက ဖြတ်သန်းပြီး တခြားရွာပေါင်းများစွာနဲ့ ဆက်သွယ်ထားတဲ့လမ်း ဆိုပါတော့။

အဲဒီလမ်းကို မြင်းစီးပြီး လူတစ်ယောက်ရောက်လာတယ်။ ဒီလမ်းအတိုင်းသွားရင် ဘယ်ရွာကို ရောက်တယ်ဆိုလို့သာ ထွက်ခဲ့ရပေမယ့် ယခင်က ရောက်ဖူးပေါက်ဖူးဟန် မရှိဘူးနဲ့တူရဲ့။

စမ်းတဝါးဝါးနဲ့ မြင်းစီးလာရင်းက ဥယျာဉ်ထဲမှာ လူတစ်ယောက်ကို လှမ်းမြင်လိုက်တဲ့အတွက် ဒမ်းသာအားရ မေးတယ်။





"ဗျို့ မိတ်ဆွေ၊ ဒီလမ်းက ဘယ်ကိုသွားတာလဲဗျ"

" ဗျာ ဒီလမ်းကဖြင့် ဘယ်မှ မသွားပါကလား၊ လမ်းရယ်လို့ဖြစ်လာတဲ့နေ့ကစပြီး ဒီလမ်းဟာ ဘယ်မှ မသွားနိုင်ရှာပါဘူး။ နေ့ရော ညပါ ဒီနေရာမှာပဲ ရှိနေပါတယ်"

ဤလမ်းအတိုင်းသွားရင် ဘယ်ရွာကိုရောက်နိုင်သလဲလို့ အပြည့်အစုံ မမေးဘဲ မေးရိုးမေးစဉ်မေးလိုက်တဲ့အတွက် နတ်ကန် ဦးသား အကျကောက်လိုက်ပုံကတော့ ခံပါပဲကလား။

❖ ❖ ❖

## မထိတထိ

နတ်ကန်ဦးကို ဖြတ်သန်းသွားတဲ့လှည်းတွေအနေနဲ့ ရွာဘေးမှာ လမ်းဆိုးနေတဲ့ အခါမျိုး၊ မျက်နှာချင်းဆိုင်လှည်းတွေ သိပ်များနေတဲ့အခါမျိုးမှာ ရွာထဲကဖြတ်သန်းသွားတတ်ကြတယ်။

တစ်နေ့မှာ ကျွဲပုပ်ရွာက လှည်းတစ်စီးအနေနဲ့ ရွာလယ်လမ်းအတိုင်း ဖြတ်သန်းသွားတယ်။ သစ်ပင်တွေကလမ်းဘေးမှာ မိုးတိုးမတ်တပ်တစ်ချို့၊ လှည်းလမ်းပေါ်ဖြန့်လွှားလို့ တစ်ချို့မိုးထားကြလေရဲ့။

လှည်းလမ်းပေါ် အုပ်မိုးနေတဲ့ သစ်ပင်တစ်ပင်မှာ ရှဉ့်တွေ မြူးနေတယ်။ တစ်ကိုင်းနဲ့တစ်ကိုင်း ကူးတဲ့ အကောင်ကကူး၊ ပြေးတမ်းလိုက်တမ်းကစားတဲ့အကောင်ကကစား၊ ကိုင်းဖျားမှာ စောက်ထိုးနေပြီး အသီးကိုစားတဲ့ကောင်ကစားနဲ့ဖြစ်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွဲပုပ်သား လှည်းသမားကလဲ သားရေခွတစ်ချောင်း အမြဲဆောင်ထားတဲ့လူ၊ ပစ်လဲ ပစ်နေကျဆိုတော့ ရှဥ့်တွေကို မြင်တဲ့အခါမှာ မနေနိုင်ဘူးလေ။ သားရေခွကောက်ယူပြီး အားရ ပါးရ ချိန်ပစ်လိုက်တာ အမြီးတဖွားဖွားနဲ့ရှဥ့်တစ်ကောင်ကား ကနဲကျလာတယ်။

လှည်းသမားက ဝမ်းသာအားရ ပြေးကောက်ပြီး လှည်းပေါ်ပြန်တက်ခါစပဲရှိသေးတယ်။ ရွာသားတစ်ယောက်လှမ်းပြောသံကို ကြားရတော့တယ်။

"မင်းတို့ ကျွဲပုပ်သားတွေများ တို့ရွာကခွေးတွေထက် အသုံး ဝင်ကာပဲကွ။ တို့ရွာကခွေးတွေကတော့ အလကားပဲ။ ရှဥ့်ဝေးလို့ ကြောင်တောင်မှ ရအောင် မလိုက်နိုင်ဘူး"

ရွာထဲက ဖြတ်သွားရင် ကောင်းကောင်းသွား၊ ဟိုပစ် ဒီပစ်မလုပ်နဲ့လို့ တည့်တည့်ပြောရင်လဲ 'ဩော်သူတို့ မကြိုက်လို့ ပါကလား' လို့ နားလည်ရရဲ့။ အခုတော့ အဟုတ်ချီးမွမ်းတာ လား၊ နာသာခံ ခက် ပြောတာလား၊ အစဥ်းစားရ ခက်လိုက်ပါဘိ နတ်ကန်ဦးသားရယ်။

### မေးပုံကြီးကာ

သောက်နေတဲ့ ဆေးလိပ်မှာ လာပြီးမီးညှိတာဟာ ထုံးစံလိုလိုဖြစ်နေပြီ။ ဒီလိုမီးတောင်းတဲ့ လူတွေကြောင့် ဆေးလိပ်ကို လမ်းမှာသောက်ချင်စိတ်ကုန်သွားတဲ့ လူများလဲ ရှိနေကြလေရဲ့။





ဆေးပြင်းလိပ်တိုကို စီးကရက်နဲ့လာပြီး တို့ပါ။ ဆေးပြင်းလိပ်အချင်းချင်းပဲ လာတို့ပါ။ ဆေးပြင်းလိပ်ကို ဆေးပေါ့လိပ်နဲ့ လာတို့ ပါ။ အဆင်ချောပါတယ်။ ဆေးပေါ့လိပ် မှာ စီးကရက်နဲ့လာတို့ရင် ရပေမယ့် ဆေးပြင်းလိပ်နဲ့လာတို့ရင် ပြဿနာပေါ်ပြီ။ ဆေးပေါ့လိပ်အချင်းချင်းလာတို့ရင်လဲ မတို့တတ်ရင် ဆေးပေါ့လိပ် ရှင်ရဲ့ ငြိုငြင်မှုခံရမယ်။

အကြောင်းကတော့ မီးရှိတဲ့ ဆေးလိပ်ရဲ့အရသာနဲ့ အနေအထားကို ဖျက်ဆီးခဲ့လို့ပါပဲ။

ဟော- နတ်ကန်ဦးသား ဆေးလိပ်မီးတောင်းပုံကတော့ ကြောက်စရာအကောင်းဆုံးပါပဲ။

တစ်ခုသော ဆောင်းရာသီရဲ့ နံနက်ခင်းမှာပေါ့။ နှင်းတွေက ဝေပြီး လေကလေးတသုန်သုန်မြူးနေတယ်။ နတ်ကန်ဦးသား တစ်စုအနေနဲ့ ချမ်းတယ် အေးတယ် သဘောမထားနိုင်ဘူး။ အလုပ်ခွင်ကိုထွက်လာခဲ့ကြတယ်။သူတို့မှာ ဆေးလိပ်ကိုယ်စီပါပေမယ့် တစ်လိပ်မှ မီးမညှိရသေးဘူး။

သူမှာ မီးပါနိုးနိုး၊ ငါ့မှာ မီးပါနိုးနိုးနဲ့ ဘယ်သူမှ မီးမညှိခဲ့ကြဘူး။ လမ်းရောက်မှ မီးကူးမယ် စိတ်ကူးပုံချင်း တူညီနေဟန်တူပါရဲ့။ ဆေးလိပ်သာပါပြီး မီးခြစ်မပါမှန်း သိလေလေ ၊ ဆေးလိပ်သောက်ချင်လေလေ။

ရှေ့မှာ ဆေးလိပ်မီးတဖွားဖွားမြင်ကြရတယ်။ သူငယ်ချင်းတစ်စု ဝမ်းသာအားရနဲ့ ခြေလှမ်းကျဲကျဲလှမ်းပြီး အမီလိုက်ကြတယ်။ နှင်းတွေသိပ်သည်းနေတဲ့အတွက် မြင်ကွင်းအဝိုးတဝါး။



www.burmeseclassic.com

www.burmeseclassic.com



လူချင်းအတော်ကလေးနီးလာတော့ နောက်ကလိုက်လာ တဲ့ လူတွေထဲက လူတစ်ယောက်ဟာ အတော်မောနေပြီဖြစ်တဲ့ အတွက် ဥသျှစ်ကုန်းရွာလမ်း အရောက်မှာ မအောင့်နိုင်တော့ဘဲ လှမ်းအော် လိုက်ပုံက -

" ဗျို့ ရှေ့ကဗျို့ မည်းမည်းဟာ ခွေးလား လူလားဗျို့။ ဆေးလိပ်မီးတစ်တို့လောက် ပေးစမ်းပါ"

ကြီးသူလားမသိ၊ငယ်သူလားမသိ၊ စိမ်းသလားကျက် သလားလည်း မသေချာပဲ ဒီလိုခေါ် လိုက်တာဟာ စိတ်ဆိုးရ အခက်၊ မဆိုးရအခက်။

❀ ❀ ❀

## မြန်မာစကားတတ်သလား

ဆေးလိပ်အလွန်ကြိုက်တဲ့ နတ်ကန်ဦးသာ တစ် ယောက်ဆေးလိပ်မီးတစ်ဖွားဖွားနဲ့ ရွာလမ်းဘေးအတိုင်း လျှောက်လာလေ ရဲ့။ သူ့တစ်ဖက်မှာ ရွာရှိတယ်။ တစ်ဖက်မှာ တော့ စိုက်ပျိုးခင်းတွေနဲ့ ဥယျာဉ်တွေရှိတယ်။

ဆေးလိပ်အလွန်ကြိုက်သူများအနေနဲ့ စက်ပုပ်ရွာဘက် သွားတဲ့ လမ်းကိုရောက်လာတယ်၊ ချိုးကူသံများကို နားဆင်ပြီး ဆေးလိပ်ကိုဖွာလာတော့ ငြိမ့်နေတယ်ခေါ် ရမယ် ထင်ပါရဲ့။

မကြာခင်မှာတောအုပ်ထဲက လူတစ်ယောက်ထွက်လာ တယ်။ မျက်နှာချင်းဆိုင်လာနေတာပါ။ သူ့လက်ထဲမှာ ဆေးလိပ် တိုတစ်တို ညှပ်ထားလေရဲ့။ ဆေးလိပ်မီးခိုး တထောင်း





ထောင်းနဲ့ လူကို တွေ့တဲ့အခါမှာ အလွန်ဝမ်းသာသွားပြီး ချဉ်းကပ် လာတယ်။

" မိတ်ဆွေ ၊ ဆေးလိပ်မီးတစ်တို့လောက်"

ဆေးလိပ်တိုကို ညာဘက်ကကိုင်ထားပြီး ဘယ်လက်က မီးရှိတဲ့ဆေးလိပ်ကို လှမ်းယူဖို့အသင့်ပြင်ထားတယ်။ ဒါပေမယ့် နတ်ကန်ဦးသားက သူ့ဆေးလိပ်ကို လှမ်းမပေးဘူးကိုင်ထား တယ်။ "ရပါတယ်၊ ရပါတယ် တို့ပါဗျာ"

မီးပါတဲ့ သူ့ဆေးလိပ်ကို အနေတော် အနေအထား ရောက်အောင်မြှောက်ပေးတော့ ဆေးလိပ်မီးအလိုရှိသူက သူ့ဆေးလိပ်တိုကို နတ်ကန်ဦးသားရဲ့ ဆေးလိပ်နဲ့တေ့ပြီး ပါးစပ်ကဖွာမလို့လုပ်ရုံရှိသေးတယ်။ နတ်ကန်ဦးသားက သူ့ဆေးလိပ်ကို တေ့ထားရာက ခွာလိုက်တယ်။ ဆေးလိပ်မှာ မီးမစွဲသေးဘူးလေ။

"မငြိသေးဘူး မိတ်ဆွေရ"

"နို့ ခင်ဗျားပြောတော့ တစ်တို့ဆိုဗျ၊ တစ်တို့ဆိုတဲ့အတိုင်း တို့ရုံပဲ တို့ပေးတာပဲလေ"

မီးညှိတဲ့လူ အခက်ကြုံသွားတယ်။ ဘာလုပ်ရပါ့။ ဘယ်လို ပြောရပါ့။ အတန်ကြာအောင်စဉ်းစားပြီးမှ . . .

" ဟဲ ဟဲ ဟဲ ၊ ဆေးလိပ်မီးလေးညှိပါရစေ မိတ်ဆွေ"

အဲဒီအခါကျမှ " ဒီလိုပြောပါဗျ" ဆိုပြီး သူ့ဆေးလိပ်ကို ရှောရှောရှူရှူပေးလိုက်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



## မှန်ရာကိုပြောသော်လည်း

ရေနံချောင်းမြို့အဝင်နဲ့ အတော်ကလေးလှမ်းတဲ့ တစ်နေရာမှာ စစ်ဆေးရေးဂိတ်တစ်ခုရှိခဲ့ဖူးပါတယ်။ မသူတော်တွေမြို့တွင်းကို အလွယ်တကူ ရောက်မလာရေးကို အဓိကထားတာပဲဖြစ်တယ်။

တစ်နေ့မှာတော့ နတ်ကန်ဦးသားတစ်ချို့ပါတဲ့ ခရီးသည်ကားကို စစ်ဆေးပါတယ်။ ခရီးသည်တင်ကားမို့ မလွတ်ကင်းတဲ့ ကုန်ပစ္စည်းတွေကိုလဲ ရှာဖွေစစ်ဆေးဖို့ မလိုဘူးပေါ့လေ။ လူပဲ ပါတာ ပဲကိုး။

"ထိုင်ခုံအောက်မှာ ဘာတွေပါလဲ"

"ထိုင်ခုံအောက်မှာ ဘာရှိလဲ"

မေးတာက ထိုင်ခုံအောက်ဖြစ်ပေမယ့် ဂါရင့်အမှုထမ်းတွေဖြစ်တဲ့အတွက် လူတွေရဲ့ မျက်နှာကို ကြည့်မေးတာပါ။ မသင့်လျော်တဲ့ ပစ္စည်းတစ်ခုခု ပါလာရင် ဒီလူအနေနဲ့ မျက်နှာပျက် သွားမယ်မဟုတ်လား။ ဒီလိုဆိုရင်တော့ ကားပေါ် တက်ပြီး စေ့စေ့စပ်စပ် ရှာတော့မှာပဲ။

အခုတော့ ကားအောက်ကပဲ လှမ်းမေးတယ်။ နတ်ကန်ဦးသားရဲ့ ဝသီကလဲ ထုံးစံအတိုင်း မဟုတ်လား။

" ထိုင်ခုံအောက်မှာ ရှိတာကတော့ ခြေထောက်တွေပါပဲ ခင်ဗျား"

ခရီးသည်တွေ ဝါးကနဲ ရယ်ကြတယ်။





နတ်ကန်ဦးသားရဲ့ အထာကို မသိတဲ့လူတစ်ယောက်က ဒေါပွသွားပြီး 'ဘာမလေးမခန့်လုပ်တာလဲ၊ စောစောက ပြောတာဘယ်သူလဲ' ဖြစ်တော့တယ်။

ဒါပေမယ့်၊ အတွင်းသိ အစဉ်းသိ ဝါရင့်အမှုထမ်းကြီးတွေက ရယ်မောပြီး အဲဒီလူကို လက်တို့ခေါ်သွားကြတယ်။ ကားပေါ် မှာလဲ တဝါးဝါး၊ ဂိတ်မှာလဲ တဟားဟားရယ်မောလို့ မဆုံးကြဘူး။

⦿ ⦿ ⦿

## လူတွေဘယ်သွားလဲ

နံနက်ပိုင်း ယာထဲလယ်ထဲကို လူကြီးတွေ ဆင်းသွားကြတဲ့ အချိန်မှာ တစ်ရွာလုံးတိတ်ဆိတ်နေသော ကျေးရွာတို့ရဲ့ ထုံးစံပါပဲ။ နတ်ကန်ဦးရွာမှာလဲ အဲဒီအတိုင်း တိတ်ဆိတ်ခြောက်ကပ်နေတယ်။

တချို့အိမ်မှာ အိမ်စောင့်လုံးဝမရှိဘူး။ တချို့အိမ်ကျတော့ မကျန်းမာသူပဲရှိမယ်။ တချို့အိမ်ကျတော့ အဖိုးအို၊ အမယ်အို၊ တချို့အိမ်ကျတော့ လေးငါးခြောက်နှစ်အရွယ်ကလေးနဲ့ အခါလည်သား ကလေးစသည်ဖြင့်ပေါ့လေ။ အဲဒီလိုပဲ ရှိနေပါတယ်။

အဲဒါကြောင့် ဧည့်သည်အနေနဲ့ နေ့လယ်နေ့ခင်းမှာပဲ လာတတ်ပါတယ်။ တစ်နေ့မှာတော့ စမ်းကန်ကြီးဘက်က ဧည့်သည် တစ်ယောက် နတ်ကန်ဦးကို ရောက်လာတယ်။ လူကြီးတွေကထမင်းစားအပြီးမှာ မောမောပန်းပန်းနဲ့ ပစ်ပြီးအိပ်ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



မအိပ်သူကတော့ကလေးပါပဲ။ အရိပ်ကောင်းရာမှာ စုရုံးပြီး ကစား နေကြလေရဲ့။

ဇည့်သည်အနေနဲ့ တောင်ကြည့်မြောက်ကြည့် ကြည့်ပေမယ့် လူကြီးတွေရဲ့ အရိပ်အယောင်မမြင်တဲ့အတွက် . . .

'ဟော့ ဒီအိမ်က လူလဲ မရှိပါကလား'

ကစားနေတဲ့ ကလေးတွေက မော့ကြည့်တယ်။

'ကလေးတွေ ဒီအိမ်က လူတွေ ဘယ်သွားလဲ'

ကလေးတွေကို ငုံ့ကြည့်ပြီး မေးတဲ့အခါမှာတော့ ကလေး ကြီးတစ်ယောက်က မကျေနပ်တဲ့ လေသံနဲ့ . . .

'ဦးကြီးမေးတာက ဒီအိမ်က လူလဲမရှိပါကလားဆိုတော့ ဒီသစ်ပင်ရိပ်မှာ ထိုင်နေတဲ့ ကျွန်မတို့က လူမဟုတ်လို့ နတ်လား'

ရုတ်တရက်မို့ ဧည့်သည်မှာ ဘာပြန်ပြောရမှန်းမသိ အောင် ဖြစ်သွားပြီး ခဏကြာမှ ပြုံးနိုင်တယ်။

'အေးပါကွယ်၊ မှားသွားလို့ပါ၊လူကြီးတွေကို မေးတာပါ'

'လူကြီးတွေ ဘယ်သွားလဲမေးရင် အိပ်နေတယ်ရှင့်၊ နှိုးပေးရမလား'

'အေး . . . ဟဲဟဲ . . . အေးအေး'

အခုမှပဲ ဧည့်သည် အသက်ရှုချောင်သွားပါတော့တယ်။ နတ်ကန်ဦးကတော့ လူကြီးသာ မဟုတ်၊ ကလေးပါ မလွယ်တာပါ။

※ ※ ※





## လုပ်လိုက်လေ ကြောသလားလို့

ကိုလိုနီခေတ်က ပုလိပ်ဆိုရင် ကျေးရွာသူ ကျေးရွာသားတွေ နေစရာမရှိအောင် ကြောက်ဒူးတုန်နေကြပေမယ့် ရေနံချောင်းနားက နတ်ကန်ဦး ရွာသားနဲ့ကြုံတော့မှ နှပ်ပစ်ခံရတဲ့အတွက် ပုလိပ်တွေ ဒေါပွမဆုံးတဲ့ အဖြစ်အပျက်တစ်ခုကလဲ ပြောမဆုံးပေါင် တောသုံးထောင်လို့ ခေါ်ရမတတ်ပါပဲ။

ဒီရွာအနေနဲ့ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းထန်လေတော့ ကိုလိုနီအစိုးရရဲ့ တစ်ခုဖြစ်ရင်တဲ့ ပုလိပ်ကိုလဲ ဖြစ်တဲ့နည်းနဲ့ ဥပဒေဘောင်အတွင်းက ဆန့်ကျင်ကြတယ်လေ။ ဒီလိုလုပ်ရမလား ဆိုပြီး နိုင်ထက်စီးနင်း၊ ဖမ်းလားဆီးလား၊ ချုပ်လားနှောင်လား၊ ရိုက်နှက်လား၊ ဆဲဆိုလားလဲမလုပ်ရဲဘူး၊ မဟုတ်မခံသမားတွေ မဟုတ်လား။

ပုလိပ်သားတွေအနေနဲ့ နတ်ကန်ဦးကို မလာချင်ကြဘူး။ လာပြန်တော့လဲ မခိုးမခန့်အလုပ်ခံရတဲ့အတွက် သိပ်ဒေါပွတာပေါ့။ တစ်ခါကလဲ သူတို့ချီးဖို့ရေကို ရေပုပ်တွေလာပို့ရမလားလို့ ပုလိပ် သားတွေ စိတ်ဆိုးပြီး တစ်ရွာလုံးကို သူကြီးအိမ်ခေါ်ပြီးခြိမ်းခြောက် ပုံကတော့ . . .

'မင်းတို့က ဘာကောင်တွေမို့ ငါတို့ကို ပမာမခန့်လုပ်ရတာလဲဟေ့၊ တစ်ရွာလုံးကို မြေလှန်ပစ်မယ်ကွ'

မြေလှန်တယ်ဆိုတာဟာ မြေပေါ်က အိမ်တွေ၊ သစ်... တွေပျောက်ကွယ်သွားရုံမကဘူး။ မြေကြီးကိုပါ တူးဆွလှန်လှော...



www.burmeseclassic.com

www.burmeseclassic.com



...ယ်ပြောတာ။ ဒါပေမယ့် နတ်ကန်ဦးသားတွေ အေးဆေးစွာ ...ပြန်ပုံကတော့ . . .

"သိပ်ကောင်းတာပေါ့ဗျာ၊ မြေလှန်ပစ်လိုက်ရင် ထန်းပင် အဖျားပိုင်းဟာ အောက်ဘက်ကို ရောက်သွားမယ်။ ထန်းသမား တွေတော့ ရင်းထောင်နဲ့ မတက်ရပဲ မြေကြီးပေါ်ကနေပြီး ထန်းလှီးနိုင်တဲ့အတွက် လူသက်သာမယ်။ အလုပ်လဲ သိပ်ပြီး တွင်မှာပဲ"

ကမ္ဘာမြေပြင်ကြီး တစ်ခုလုံး ပြောင်းပြန်လှန်ပစ်တဲ့ သဘောပြောလိုက်တာဟာ မှန်တော့မှန်ပေမယ့် မင်းတို့ဒီလို မလုပ် နိုင်ပါဘူး ပြောရာရောက်တဲ့အတွက် ရှာသားတွေ ပွဲကျသွားသလောက် ပုလိပ်တွေ ဒေါပွသွားတာပေါ့။ ။

❀ ❀ ❀

## သဘောကောင်းပုံ

နတ်ကန်ဦးရွာသူကြီးအိမ်ကို မြို့အုပ်တစ်ယောက် နောက်လိုက်နောက်ပါ စုံညီစွာနဲ့ ရောက်လာပါတယ်။ စာရေး၊ မင်းစေ၊ သာမက ဖမ်းတန်ဖမ်း၊ ချုပ်တန်ချုပ်ဖို့အတွက် ပုလိပ်တွေလဲ ပါလာပါ ရဲ့။

မြို့အုပ်အနေနဲ့ သူကြီးအိမ်တစ်ခုခုမှာ စခန်းချတာက သွားရေးလာရေး လွယ်ကူပြီး ဗဟိုချက်ကျရင်၊ သူကြီးရဲ့ အပြုအမူကောင်းရင် ရက်ကြာကြာ စခန်းချတတ်တယ်။ လက်လှမ်းမီသမျှ နေရာတွေက အမှုတွေကိုခေါ်ပြီး စစ်ဆေးတော့ တာပါပဲ။





ဒါပေမယ့် မြို့အုပ်အနေနဲ့ နာမည်ကြီးတဲ့ နတ်ကန်ဦးမှာ ...ဘည်းချဖို့ စိတ်မကူးပါဘူး။ ရောက်ရောက်ချင်းပဲ သူကြီး ...မ်ရှေ့မှာ ရွာသူရွာသားတွေကို အစုခိုင်းပါတယ်။ သူကြီးနဲ့ ...ယ်အိမ်ခေါင်းများအနေနဲ့ လိုက်လံလူစုသူစု အခမ်းအနား ...ဆင်သူက ပြင်ဆင်ကြတယ်။

အခမ်းအနားပြင်ဆင်တယ်ဆိုပေမယ့် ပုလိပ်သားတွေ၊ စာရင်းတွေ ထိုင်စရာကုလားထိုင်ရှာဖွေတာ ၊ စာရေးဖို့စားပွဲ ချထားတာ၊ စားပွဲပေါ်မှာ ထန်းရည်ကိုချိုင့်နဲ့ ထည့်ထားတာ၊ မြို့အုပ်မင်းအာခြောက်တဲ့အခါ အဆင်သင့်သောက်ဖို့ ရေချိုင့် တင်ထားတာတို့ ပါပဲ။ ရောက်လာတဲ့ လူတွေအနေနဲ့ မြေကြီး ပေါ်ကလွဲလို့ ထိုင်စရာ မရှိပါဘူး။

ရွာသူရွာသားတွေစုံတဲ့အခါကျတော့ သူကြီးကစတင်ပြီး မြို့အုပ်မင်း မိန့်ခွန်းခြွေမည့်အကြောင်း နိဒါန်းပျိုးပါတယ်။ နောက် တော့ သူကြီးက လူခွန်များအမြန်ပေးဆောင်ရမည်။ မဆောင်ပါကဖမ်းပြီး ထောင်ချမည်ဆိုတာတွေ ပြောနေတုန်းမှာ စားပွဲနဲ့နီးတဲ့ နေရာက ရွာသားတစ်ယောက်ထရပ်တယ်။

သူလှုပ်ရှားပုံက မြန်တယ်။ ထရပ်ပြီး ချိုင့်ထဲက ရေကို ...သောက်တယ်။ သူသောက်နေတော့မှ သူကြီးက လှမ်းအော် ...ယ်။

'ဟော့ကောင်၊ ရာရာစစကွာ၊ ဒါဟာ မြို့အုပ်မင်းသောက် ...သားတာကွ'

ရေထသောက်တဲ့လူက နှုတ်ခွက်ကို ပြန်ချထား... ...အေး ဆေးစွာ ပြန်လည်ဖြေကြားလိုက်ပုံက . . .



www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိပါဘူး သူကြီးရဲ၊ ကျွန်တော် မရွှံ့တတ်ပါဘူး'

မြို့အုပ်မင်းမှာ ရွံ့ရှာစက်ဆုပ်စရာ လူတစ်ယောက်ဖြစ်ပေမယ့် သူက ရွံ့ရှာခြင်းမရှိပါဘူးလို့ ပြောချင်သလိုလို အဓိပ္ပါယ် မထွက်ပေဘူးလား။ မြို့အုပ်မှာ အနေရထိုင်ရခက်သွားသလောက်ရွာသူ ရွာသားတွေအနေနဲ့ အလွန်ကောင်းတဲ့ ပြက်လုံးတစ်ခုပါပဲ။

* * *

## ဟုတ်ပါပေသည်

အခုတင်ဆက်မယ့် အကြောင်းကတော့ ကိုလိုနီခေတ်က မဟုတ်ဘူးထင်တယ်။ ဘာကြောင့်လဲဆိုတော့ ဘောလုံးပွဲမို့ပါ။ ကျေးလက်တောရွာတွေကို ဘောလုံးကစားနည်း ပျံ့နှံ့တွင်ကျယ်ချိန် ဟာ လွတ်လပ်ရေး ရပြီးကာလရဲ့ နောက်ပိုင်းမှာသာ ဖြစ်တယ်မဟုတ်လား။

ဥသျှစ်ကုန်းရွာနဲ့ စမ်းကန်ရွာတို့ ဘောလုံးကစားကြတဲ့နေ့ဖြစ်ပါတယ်။ ဘောလုံးကွင်းမှာ ပရိသတ်မများပေမယ့် နည်းလဲ မနည်းလှပါဘူး။ သက်ဆိုင်ရာ ရွာနှစ်ရွာအပြင် စိတ်ဝင်စားတဲ့ တခြားရွာက ဝါသနာအိုးတွေလဲ လာရောက်အားပေးကြတယ်လေ။

ဘောလုံးပွဲအနေနှင့် အစကတည်းက ဘောလုံးက စမ်းကန်ကြီးရဲ့ ခြေထဲမှာပဲရှိတယ်။ တစ်ခါတစ်ခါမှသာ ဥသျှစ်ကုန်းက စမ်းကန်ကြီးဘက်ကိုသယ်သွားနိုင်တာတွေ့ကြလေရဲ့။





စမ်းကန်ကြီးသယ်လာသမျှ ဘောလုံးတွေကိုလဲ ဥသျှစ်ကုန်းနောက် ထန်းက မလွတ်တမ်း ဖျက်ထုတ်တာပါပဲ။

ဘောလုံးဝေါဟာရမှာတော့ နောက်တန်းကို 'ဘက်' ပေါ့လေ။ အဲဒီအတွက် ကျွဲပုပ်ရွာသားတစ်ယောက် ဥသျှစ်ကုန်းနောက် တန်းကောင်းပုံကို ချီးမွမ်းခန်းဖွင့်လိုက်ပုံက . . .

'ဘက်တွေကတော့ မဟာတံတိုင်းကြီးတွေပါပဲဗျာ'

'ဟုတ်ပါ့၊ ဘက်ကတော့ တယ်ပြီး ခြေလုံပါ့ဗျာ'

အဲဒီလိုပြောတာတွေ များလာတဲ့အတွက် နတ်ကန်ဦးသားတစ်ယောက်က ဝင်ဟစ်လိုက်တယ်။ ဝေါကနဲရယ်မောသံကြီး ထွက်လာတယ်။ နတ်ကန်ဦးသားက ဘယ်လိုပြောလိုက်လို့ပါလိမ့်။

နတ်ကန်ဦးသားပြောလိုက်ပုံကတော့ . . .

လုံတာလဲ မပြောနဲ့လေ၊ မြေတိုက်ထဲထည့်ပြီး အင်္ဂတေအသေပိတ်ထားတာကလား'ပါတဲ့။

* * *

## အခံရခက်သနော်

နတ်ကန်ဦးကို မလာချင်ပေမယ့် ပုလိပ်သားတွေလာကြ ရပြန်ပြီ။ မြို့အုပ်မပါပါဘူး။ ပုလိပ်သားတွေချည်းပါပဲ။ လာရတဲ့ကိစ္စ အကြောင်းရင်းကတော့ အခွန်တော်ကိစ္စ ထန်းခွန်ကိစ္စဆိုပါတော့။

ရွာတွင်းရွာပြင်မှာ ထန်းပင်တွေရှိတယ်လေ။ တချို့ထန်းပင်တွေက ပိုင်ရှင်တခြား ထန်းတက်သူတခြား ဖြစ်ပေမယ့်တချို့ကျတော့ ကိုယ့်ထန်းကို ကိုယ်တက်သူလဲ ရှိကြပါတယ်။



www.burmeseclassic.com

ရွာဆော်က ရွာထဲလှည့်ပြီး 'သူကြီးအိမ်ကိုထန်းခွန်လာပေးကြရမယ်။ ကနေ့နောက်ဆုံးပဲ' လို့ အော်ဟစ်နှိုးဆော်တဲ့အချိန်မှာ ပုလိပ်သားတွေ သူကြီးအိမ်မှာ စားလားသောက်လားရှုရှန်းရှန်း နေကြလေရဲ့။ ပုလိပ်သားတွေ စားပြီးသောက်ပြီးချိန်မှာ ရွာသား ထန်းသမားတွေ တဖွဲဖွဲရောက်လာကြတယ်။

ရောက်လာသူတိုင်းအနေနဲ့ ထန်းနို့ထန်းခိုင်အဖတ်တွေကို သယ်ပိုးလာကြတယ်။ တစ်ယောက်တစ်လေယူလာရင်တော့ ဖင်ခု ထိုင်ဖို့လား၊ တစ်စုံတစ်ရာအသုံးချဖို့လား စဉ်းစားစရာရှိရဲ့။ အခု တော့ လူတိုင်းယူလာတဲ့အတွက် မျက်စိနောက်စရာပါပဲ။

ဒါပေမယ့် သူကြီးကတော့ နောက်ဖေးသွားသလိုလို နွားမောင်းသလိုလို ရှောင်ထွက်သွားပြီ။ အဲဒါကိုမသိတဲ့ ပုလိပ်တစ်ယောက်က . . .

'ထန်းခွန်လာပေးကြရမယ် ခေါ်တာကို ရိုးရိုးမလာဘဲ ဘယ်က အမှိုက်တွေ ယူလာကြတာလဲ၊ ရှုပ်ရှုပ်ရှက်ရှက်'

ရောက်ရှိလာတဲ့ ထန်းသမားတွေအနေနဲ့ ပုလိပ်သားရဲ့ ပေါက်ငန်းမှုကို ချက်ချင်းတုံ့ပြန်ပုံကတော့ . . .

'ခင်ဗျားတို့ပဲ ထန်းခွန်လာပေးကြရမယ်ခေါ်လို့ ထန်းနို့အခွံ၊ ထန်းခိုင်က အခွံတွေ ယူလာခဲ့ကြရတာပါပဲဗျာ'

သူတို့အဖြေနဲ့ သူတို့ကတော့ မှန်နေပါတယ်။ အခွန်မဟုတ် ဘဲ အခွံဆိုရင်တော့ ထန်းခွံဟာ ထန်းပုံးခွံ၊ ထန်းနို့ခွံ၊ ထန်းခိုင် အခွံတွေပဲ မဟုတ်ပါလား။ ဟုတ်တဲ့အတွက် အုန်းကာနဲ့ ရယ်လိုက် ကြပါတယ်။





## အမေးမတတ်တော့

မြန်မာ့ဇာတ်ပွဲတွေမှာ ဇာတ်သိမ်းအလိုက် ပြက်တဲ့ပြက်လုံးတွေ ကြားဖူးပါတယ်။

'အချိန် ဘယ်လောက်လဲ'

'နှစ်ပိဿာနဲ့ သုံးဆယ်သား အလေးချိန်ရှိပါတယ်'

'မဟုတ်ဘူးရှင့် နာရီကိုမေးတာ'

'နာရီကတော့ တိုင်ကပ်နာရီပါပဲ'

'ခက်လိုက်တာနော် ဘာကြက်တွန်ပြီလဲမေးတာ'

'တွန့်တဲ့ကြက်လား ၊ ကြက်တညင်ထင်သဗျ'

အဲဒီအမေးအဖြေမျိုးက ဇာတ်ပွဲထဲမှာသာမဟုတ်ပါဘူး။နတ်ကန်ဦးမှာတော့ တကယ်ဖြစ်ဖူးပါတယ်။ ဖြစ်ပုံကဒီလိုပါ။

တစ်ခါက နတ်ကန်ဦးသားတစ်စုရဲ့ လှည်းအချို့အနေနဲ့ ခရီးဝေးသွားရန်အတွက် သန်းခေါင်ကျော်ကျော်လောက်မှာပဲ ရွာက ထွက်လာကြတယ်။ နံနက်နှစ်နာရီအချိန်လောက်မှာ ရွာတစ်ရွာရှေ့ကို ရောက်လာတော့ ရွာတံခါးမှာရှိတဲ့ လုံခြုံရေးကင်းက ခက်ခက် ထန်ထန် ငေါက်ငေါက်ငမ်းငမ်းမေးတယ်။

'ဘာလှည်းလဲဟေ့'

'ဝါးတွေတင်လာတဲ့လှည်းလား၊ ထင်းရောင်းဖို့ထွက်လာတဲ့လှည်းလား၊ ထင်းခုတ်ထွက်လာတဲ့ လှည်းလားမေးတာပါ'

ဒါပေမယ့် နတ်ကန်ဦးသားကို ဒီလိုနကျောတို့ဘယ်ရမလဲ။

'ခေါက်လှည်း (ယောက်လှည်း) ဗျို့ ခေါက်လှည်း။

'ဘယ်ကတုံးလို့ မေးတာကွ'

www.burmeseclassic.com



'လှည်းအိမ်ပေါ်ကပါခင်ဗျာ'

'ဘာတွေပါလဲ'

'လူရယ်၊ တံပြားတစ်ချောင်းရယ်၊ ကောက်ရိုးသုံးလေးပင်၊ ဂုန်အိတ်တစ်လုံး'

'တော်ကွာ၊ တော်ကွာ'

ကင်းသမားများအနေနဲ့ မှောင်ထဲမှာ မြင်နိုင်စွမ်းရှိကြမယ်ဆိုရင် ပြုံးနေတဲ့မျက်နှာများကို မြင်ကြရမှာမုချ. . .။

◆ ◆ ◆

"ငါသိပ်ကြိုက် လယ်၊ နောက်တစ်ည ထပ်ကြည့်မိရင်
မင်းသားပဲ ငါမိန်းမ ဖြစ်မလား၊
ငါပဲ မင်းသားမိန်းမဖြစ်မလား မသိဘူး"



# ရန်ကုန်သား စကားပဒေသာ

ရန်ကုန်သားတွေ ပြောကြဆိုကြတဲ့ စကားတွေထဲက နှစ်သက်စရာကောင်းတဲ့စကား၊ ရွှင်မြူးစရာကောင်းတဲ့စကား၊ မှတ်သားစရာကောင်းတဲ့စကားတွေကို ဖော်ပြတဲ့အခါ ရန်ကုန်ရဲ့ သရုပ်သကန်ကို ရှေးဦးစွာတင်ပြလေ့ရှိပါတယ်။ အရင်က ရေးသား ထုတ်ဝေပြီးခဲ့တဲ့ 'စကား'စာအုပ်တွေထဲမှာ ရန်ကုန်ရဲ့ လူမှုဆက်ဆံ ရေးတွေ အများအပြား ပါဝင်ခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့် ကျွန်မရဲ့ စာအုပ်ထဲမှာ ရန်ကုန်ရဲ့သဘောသဘာဝကို မတင်ပြချင်တော့ပါဘူး။ ရန်ကုန်ဆိုတာ မြန်မာနိုင်ငံအနှံ့အပြားက တိုင်းရင်းသားတွေလာရောက်အခြေချ လုပ်ကိုင်စားသောက်လေ့ရှိတဲ့မြို့ကြီး တစ်မြို့လို့သာ မှတ်ယူပြီး ဆက်လက်ရှုစားတော်မူကြပါတော့။

❀ ❀ ❀

## ကပါ ကပါ

မိုးရာသီကုန်ဆုံးပြီး ခြောက်သွေ့တဲ့ရာသီရောက်လာပြီး ဟိုနားမှာဇာတ်ရုံ၊ ဒီနားမှာဇာတ်ရုံနဲ့ ဇာတ်ရုံတွေ မှိုပေါက်သလို ပေါက်လာကြပြီး မကြာခင်မှာပဲ ဇာတ်ရုံရှေ့မှာ ဈေးဆိုင်တွေ၊ လက်ဖက်ဘာဇဒင်ဆိုင်တွေ၊ ကြီးမုံ့ရုပ်သေး၊ ချားနဲ့ ကလေးရုပ်ရှင်တွေ အသီးသီးရောက်လာကြပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ရုံအနေနဲ့ အမိုးကိုတောင် လုံအောင်မမိုးပေမယ့် သုံးလေးထောင်ကုန် စတိတ်ရှိုးဆိုတဲ့ ရုံဝမ္ပမ်းမံတဲ့ အရုပ်ကား ကြီးကွေ့ အကြီးအကျယ်ပြင်ဆင်လို့ ပရိသတ်ကလဲ ကြိတ်ကြိတ်တိုးလို့ပေါ့လေ။ ပွဲဈေးတန်းခုဏာတစ်ဖြုတ် လျှောက်မယ်ဆိုတဲ့ စိတ်ကူးနဲ့ လာသူတွေကိုတောင် သူများတွေဝင်ဝင်သွားတဲ့အခါ ကိုယ်လဲကြည့်ချင်စိတ်တွေပေါ်လာကြပေရဲ့။

အပြင်မှာ လူတွေခဲနေသလို ရုံထဲမှာလဲ လူတွေခဲနေတာပါပဲ။ အဲဒီပရိသတ်တွေကတော့ တချို့ မိန်းမသား တွေချည်းဖြစ်တယ်။ တချို့က လင်ကိုယ်မယားနှစ်ယောက်တည်း၊ တချို့ကျတော့ သားသမီးတွဲလောင်းနဲ့၊ တချို့ကလည်း သူငယ်ချင်းယောကျ်ားကလေးတွေ တပျော်တပါး။

ထူးခြားတဲ့ပွဲကြည့် ပရိသတ်တစ်စုလဲ ၎င်းပရိသတ်ထဲတွင် ပါပါတယ်။ အဲဒီပရိသတ်ကတော့ ညီမအစ်မတွေမ အစရှိတဲ့ မိန်းမသားတွေအလယ်မှာ ယောကျ်ားတစ်ယောက်တည်း ငေါင်းစင်းစင်းပါလာတဲ့ လူတစ်စုပါပဲလေ။ စတိတ်ရှိုးထွက်လာတယ်။ ၎င်းဖော်ပြပါ လူစုရဲ့ အသံဟာ ညံနေတယ်။

'ကိုကိုကြည့်စမ်း၊ သိပ်ကောင်းတာပဲနော်'

'မင်းသားလေးက မလှဘူးလား မောင်လေး'

'မင်းသားရဲ့ဘောင်းဘီက သိပ်မိတာပဲနော် မောင်လေး'

အမျိုးသားကြီးကတော့ ခေါင်းတညိတ်ညိတ်ပါပဲ။

ဒါနဲ့ ပြဇာတ်ထွက်တယ်။ ပြဇာတ်အပြီးမှာ မင်းသားသုံးယောက်သေတ္တာပေါ် တက်ကတယ်။ မင်းသားတွေကလက်ခုပ်တီး





တယ်။ ကလပ်ပေါ်တက်ကတယ်။ မင်းသမီးတွေက လက်ခုပ်တီးတယ်။ မင်းသားတွေအနေနဲ့ ရေစည်ကိုကျော်ပြီး ဗိုင်းဗင်ထိုးတယ်။

ဖော်ပြပါ အမျိုးသမီးတွေထဲက အမျိုးသမီးတစ်ယောက်က တစ်ဦးတည်းသာရှိတဲ့ ၎င်းအမျိုးသားကို ပခုံးပုတ်တယ်။

'မောင်လေး သဘောကျရဲ့လား'

'ကျပါတယ်'

'လေးလေးကောင်းလား'

'ကောင်းပါတယ်'

'သိပ်ကတာပဲနော်'

'ကပါ့ကပါ့ အကကောင်းလိုက်ပုံကတော့ မျောက်ဖိုးစိန်နဲ့ ယှဉ်ပြီးကရင် မျောက်ဖိုးစိန်တောင် ငိုလောက်ပါရဲ့'

သူတို့သဘောကျနေတဲ့ မင်းသားတွေကို ဒီလိုပြောရပါ့မလားလို့ အမျိုးသမီးတွေ ခုသွားကြတယ်။ ဒါပေမယ့် ဘေးပတ်လည်က ကြားကြားသမျှ ပရိသတ်မှာတော့ တဟားဟားဖြစ်သွားကြလေရဲ့။

❊ ❊ ❊

## ကလွန်းလို့

အဘွားစိန်ဆိုပေမယ့် သူက ခေတ်မီတယ်။ အသက်ငါးဆယ်သာ ကျော်လာတယ်။ စတီရီယိုသီချင်းခေါ်ခေတ် များများလဲ အလွတ်ရတယ်။ ရုပ်ရှင် ပိုရင်လဲ ဘုရင့်နောင်ရုံကို လာသမျှ၊ ရွှေဗဟိုရ်ရုံကို လာသမျှ မလွတ်တမ်း ကြည့်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ရာပြည့်ကွင်းနဲ့ နန္ဒဝန်ကွင်းမှာ ဇာတ်ရုံတွေ ရောက်လာတဲ့အခါ အဘွားစိန်မှာ ကြည့်စရာတိုးလာပြန်တာပေါ့။ အဘွားစိန်အနေနဲ့ မြေးတွေခေါ်ပြီး ပွဲသွားတယ်။ အိမ်နီးနားချင်းတွေ လမ်းထဲက လူတွေနဲ့ပဲ ပွဲသွားတယ်။ သူ့ပွဲကြိုက်မှန်းသိတော့ ပွဲကြည့်ဖို့ ခေါ်တဲ့လူတွေ မပြတ်လှဘူး။

တစ်ညမှာတော့ ရာပြည့်ကွင်းရုံကို အဘွားစိန်ပါသွားတယ်။ သူ့အဖော်တွေကတော့ မိန်းမလတ် မိန်းမငယ်လေးတွေပါပဲ။ ထုံးစံအတိုင်း မင်းသားသုံးလက်ထွက်လာချိန်မှာ အဘွားစိန်ရဲ့ အဖော်တွေက လက်တတို့တို့နဲ့ ပြောတယ်။

'မင်းသားလေးတွေက သိပ်လှတာပဲနော်'

'လှပါတယ်အေ၊ ငါတောင်ကြိုက်လာတယ်'

ဒီအသက်အရွယ်ကြီးနဲ့ ဒီလိုပြောတဲ့အတွက် ဝိုင်းပြီး ရယ်မောကြတယ်။

'ခေါင်းပေါင်းလေးက သိပ်လှတာပဲနော်'

'လှပါတယ်၊ ငါတောင်ပေါင်းချင်လာတယ်'

'မခိုဘူးနော်၊ သိပ်ကတာပဲ အဘွား'

'ကပါတယ်၊ ကပါတယ်၊ ကလွန်းလို့ မျက်စိနောက်ပြီး ခေါင်းမူးလာတယ်'

အဘွားစိန်ရဲ့စကားက ဒီအဆင့်ထိကောင်းနေသေးတယ်၊ နောက်ထပ်ဆက်လိုက်တဲ့ စကားအဆုံးမှာတော့ ဝါးခနဲ ဝိုင်းဝန်း ရယ်မောကြရတယ်။

အဘွားစိန်ဆက်ပြောပုံကတော့ . . .





'ကပဲ ကနိုင်လွန်းတယ်၊ တိရစ္ဆာန်ဥယျာဉ်ထဲက မျောက်ရုံဘေးလာပြီး ထိုင်မိသလားမှတ်ရဟဲ့'

ချီးမွမ်းတာလား၊ ငေါ့တာလားဆိုတာကိုတော့ ကာယကံရှင် အဘွားစိန်သာ သိပါလိမ့်မယ်။

* * *

## ကြောက်တတ်ပုံမှာ

အဲဒီလူကြီးက အလွန်ဖျော်တတ်သူပါ။ ရယ်စရာမဟုတ်လဲ ရယ်တာပဲ။ များသောအားဖြင့်လဲ သူပြောတာတွေအနေနဲ့ ရယ်ရတာက များပါတယ်။ ကြံကြံဖန်ဖန်လဲ မြင်တတ်ပါသေးတယ်။

အဲဒီလို ကြံကြံဖန်ဖန်လဲ မြင်တတ်ပြီး ရယ်စရာဖြစ်အောင် ပြောတတ်တဲ့သူပါးစပ်ထဲကို ရောက်လာတဲ့အကြောင်း အရာတွေကတစ်ခါတစ်ခါမှာ မှတ်သားစရာဖြစ်သွားတတ်လေရဲ့။

မိတ်ဆွေသူငယ်ချင်းတွေနဲ့ အဲဒီလိုလူကြီးနဲ့ ရုပ်ရှင်ရုံမှာ လက်မှတ်တန်းစီရင်း တွေ့ကြတယ်။ ပြောကြတဲ့အကြောင်းက အခု ကြည့်မယ့် ကားအနေနဲ့ ကြောက်စရာတွေပါတဲ့အကြောင်း၊ ရက်စက်မှုတွေပါတဲ့အကြောင်းပါ။

'အဲဒီလိုဆိုရင် မဖြစ်ဘူးကွ၊ ငါက သွေးသံရဲရဲဆို ဘယ်လောက်ကြောက်တယ်မှတ်သလဲ၊ နှာခေါင်းသွေးယိုတာ ဝက်ခြံညှစ်တာတောင် မကြည့်ရဲဘူး။ ဒါပေမယ့် နေတာကတော့ ဆင်မလိုက် ဝက်သတ်ရုံဘေးမှာ'

ရှေ့ကလူတွေရော နောက်ကလူတွေရော ရုပ်ရှင်ရုံ ငွေ့ သည်တွေပါ မကျန် တဟားဟားပေါ့။ ရုပ်ရှင် ထဲမှာ ရုပ်ရှင်က



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေပြုပြီး ဘယ်အချိန်ပြီးသွားမှန်းတောင် မသိလိုက်ကြဘူး။ အဲဒီလူကြီးရဲ့လေ မိနေကြလို့။

ꩻ ꩻ ꩻ

## ကြိုက်ပုံကြီးရယ်

ကိုကျင်စွမ်အနေနဲ့ မယားကို အလွန်အလိုလိုက် ပါတယ်။ မယား အမည်မခင်မေတင့်။ ကိုကျင်စွမ်ကတော့ 'တင်မေ' လို့ပဲ ခေါ်တယ်။

ကလေးနုနုနဲ့ပေမယ့် မိုးရွာမရှောင် နေပူမရှောင် မခင်မေ ရုပ်ရှင်သွားတာပဲ။ ပွဲလဲကြည့်တာပါပဲ။ ရုပ်ရှင်ကြည့်ချိန်က နာရီပိုင်းမို့ မခင်မေ တစ်ယောက်တည်း သွားနိုင်ပေမယ့် ညလုံးပေါက် ကြည့်ရတဲ့ ပွဲကျတော့ ကလေးတွေကို ထိန်းဖို့ အဖော် ခေါ်ရတော့တယ်။

တစ်ညမှာတော့ အဲဒီအဖော်သာမဟုတ်ဘူး၊ ကိုကျင်စွမ် ကိုပါ မခင်မေက မရမက ခေါ်တယ်၊ အိပ်ရေးပျက်ရင် ဈေးရောင်းပျက်လိမ့်မယ် ပြောတာလဲ မရဘူး။ မယားကို ကြောက်ရတဲ့ အတွက် ကိုကျင်စွမ်တစ်ယောက် ညည်းညည်းညူညူနဲ့ ကြည့်ဖို့ ပါသွားလေရဲ့။

နောက်တစ်နေ့ကျတော့ ထင်တဲ့အတိုင်းပါပဲ၊ ကိုကျင်စွမ် တစ်ယောက် တသမ်းသမ်းတဝေဝေ တငိုက်ငိုက် တမျဉ်းမျဉ်းနဲ့ ထွက်နေရတယ်။ ဒီအခါမှာ ဈေးဝယ်လာသူတွေထဲက အိုင်းနှီး သူတွေက. . .

'ပွဲကိုညလုံးပေါက်ကြည့်ရအောင်ဘယ် လောက်ကောင်း လို့လဲ'





'အားကီးကောင်းတာယ်'

ကျွန်တော်တို့လဲ ပွဲကြည့်တာပါပဲဗျာ'

'နင်မသိဘူး၊ မင်းသား အားကီးလလယ်၊ ငါသိပ်ကြိုက်လယ်၊ နောက်တစ်ည ထပ်ကြည့်မိရင် မင်းသားပဲ ငါ့မိန်းမ ဖြစ်မလား၊ ငါပဲ မင်းသားမိန်းမဖြစ်မလားမသိဘူး'

ကိုကျင်စွမ် အဲဒီလို ပြောလိုက်တဲ့ သတင်းက ဂွတ္တလစ် တစ်ရပ်ကွက်လုံး ပျံ့နှံ့သွားတော့ ဝယ်နေကျ ဖောက်သည် တွေရော၊ မျက်နှာစိမ်းတွေရော ရောက်လာပြီး ပွဲစကား မင်းသားစကား ပြောပြောပြီး ကိုကျင်စွမ်ရဲ့ လေသံကို ချူလိုက်ကြတာ ခုနစ်ရက်နဲ့ လူအုပ်ကြီး မစဲဘူးတဲ့။

❋ ❋ ❋

## ခရီးသည်

ရန်ကုန်မြို့မှာရှိတဲ့ မြို့ပတ်ရထားများနဲ့ ပတ်သက်ပြီး အထက်ပါ လူကြီးပြောတဲ့ စကားတစ်ခုရှိပါသေးတယ်။

အဲဒီလူကြီးအနေနဲ့ သူနေတဲ့ အောင်ဆန်းမြို့ကို ပြန်ဖို့ အတွက် ကွမ်းခြံဘူတာကြီးရဲ့ ပလက်ဖောင်း တစ်ခုမှာ ရပ်စောင့် နေတုန်း မိတ်ဆွေတစ်ယောက် ရောက်လာပြီး. . .

'ဟာ. . .မင်းကို မနေ့တုန်းကလဲ ဒီနေရာမှာ တွေ့တယ်၊ ကနေ့လဲ ဒီနေရာမှာ တွေ့တယ်၊ ဘာလုပ်နေတာလဲ'

'ဘူတာမှာ ရပ်နေတာဟာ ရထားစောင့်နေတာပေါ့'

'ဒါဖြင့် မနေ့ညကတည်းက စောင့်နေတာ အခုထိ အိမ်မရောက်သေးဘူးပေါ့' တဲ့၊ သူက မေးတော့. . .

'ငါစောင့်နေတာ မြို့ပတ်ရထားပါကွာ၊ အခုမင်းလာ ကာ'



www.burmeseclassic.com

www.burmeseclassic.com



'ငါလဲမြို့ပတ်ရထားစီးမလို့' လို့ သူပြောတယ်။ အဲဒါ ကြောင့်. . .

"စောင့် စောင့်၊ ငါလဲ စောင့်မယ်၊ မင်းလဲစောင့်။ မြစ်ကြီးနား ရထားတို့၊ နဘား လော်ကယ်တို့ဆိုရင် ရထား စောင့်ရင်း အိမ်ထောင်ကျသတဲ့၊ အိမ်ထောင်ကျပြီး မွေးတဲ့ ကလေးကို ကင်ပွန်းတပ်ပြီးတာတောင် ရထားကမလာသေး ဘူးတဲ့၊ ဘယ်လာမလဲကွ၊ မသုံးတော့တဲ့လမ်းပျက်မှာသွားစောင့် နေတာကိုး"

လူကြီးက သူ့ဘာသာ သူပြောပြီး သူ့ဘာသာ သူ တဟားဟား ရယ်တယ်။ လှည့်ကွက်ကလေးနဲ့ ပြောတတ်ပုံ ကလဲ ပညာပါလှဘိ။

※ ※ ※

## တွယ်၍မစီးရ

ရန်ကုန်မြို့ကြီးမှာ ကားစီးရေနေ့စဉ် တိုးပွားလာပေမယ့် ခရီးသည်တင်ကား ဦးရေက ခရီးသည် ဦးရေတိုးသလောက် အညီအမျှ တိုးမလာပါဘူးတဲ့။ အဲဒါကြောင့် ဘတ်စ်ကား၊ အမြန်ယာဉ်၊ ဘယ်ကားကိုပဲ ကြည့်ကြည့် ချောင်ချိတဲ့အခါ အလွန်နည်းပါးသတဲ့။

မချောင်ချိတာက တော်ရုံ မချောင်တာ မဟုတ်ဘူးလေ၊ ဟီးနိုးကားကြီးတွေ၊ လင်းလေးကားကြီးတွေဆိုရင် လဲကျသွား မလားတောင် ထင်ရတယ်၊ အဲဒါလောက် တွယ်စီးတာ။ ကားကြီး ကို စောင်းနေတာကလား။





အမြန်ယာဉ်ကလေးတွေမှာ နောက်မြီးက ခိုစီးထားတဲ့ ခရီးသည်ဦးရေ ဘယ်လောက်များသလဲဆိုရင် ကားရဲ့ရှေ့ဘီးနဲ့ မြေကြီးနဲ့ ထိမှ ထိသေးရဲ့လား ထင်ရတယ်။ အဲဒါကြောင် အန္တရာယ် ရှိလာတဲ့ အတွက် နောက်ကတွယ်စီးခွင့် ပိတ်ပ လိုက်တယ်။

ဘတ်စ်ကားမှတ်တိုင် အမြန်ယာဉ်မှတ်တိုင်မှာ ခရီးသည် တွေ တစ်ထမ်းကြီးပဲ၊ ပြည့်နေကြလေရဲ့၊ တစ်စီးရောက်လာရင် တစ်ယောက်နှစ်ယောက် တိုးတိုးဇွေ့ဝေ့နဲ့ ပါသွားပါ့ရဲ့။ ဒါပေမယ့် ထပ်မံ ရောက်ရှိလာတဲ့ ခရီးသည်က နှစ်ဆလောက် ဖြစ်နေတယ်။ မှတ်တိုင်မှာ လူအုပ်ကြီးတွေ အမြဲခဲနေပါ တော့တယ်။

ကားစောင့်နေသူတိုင်း အနေနဲ့ အိမ်ကိုအမြန်ဆုံး ပြန် ရောက်ချင်သူချည်းပါပဲ။ အိမ်ရောက်မှ အနားရမယ်မဟုတ်လား။ တချို့ကျတော့လဲ အိမ်မှာ အလုပ်တစ်မျိုးကစောင့်နေတာ ရှိချင် ရှိနေမှာပဲ။

ဒါကြောင့် ကားတစ်စီးရောက်လာလိုက် တိုးတက် လိုက်နဲ့ ကြာလာတဲ့အခါမှာ အတင်းတွယ်စီးသူ ရှိလာတယ်။ စပယ်ယာက နှင်တယ်၊ မရဘူး။

'ကျွန်တော်တို့လဲ တင်ချင် တာပေါ့ဗျာ၊ ပိုက်ဆံမလို ချင်သူ ဘယ်ရှိပါ့မလဲ၊ အတွယ်ကို မတင်ရဲလို့ပါ'

'မင်းတို့ကားတွေက လုံလောက်အောင် မထွက်တာ ပဲကွ၊ ညနေ လေးနာရီက စောင့်ခဲ့တာ အခု ခုနစ်နာရီထိုးပြီ မရဘူးကွာ'



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ စပယ်ယာက. . .

'ပြောလို့မရရင်လဲ တွယ်ဗျာ တွယ် တွယ်၊ အားမနာ တမ်းသာတွယ်၊ ဒါပေမယ့် နောက်ပေါက်နဲ့ဘေးပေါက်က မတွယ်ဘဲ ဝင်ရိုးကို ဖက်တွယ်ပြီး ကြိုက်သလို လိုက်ကြပေတော့'

ဒီအခါမှာ ခရီးသည် တစ်ယောက်က. . .

'အောင်မယ်လေးဟဲ့၊ သတ္တိရှိလိုက်တဲ့ကိုယ်သဘော ကောင်းကြီး၊ ဝိစ္စရအမတ်ကို မြင်းမြီးချည်ပြီး တောင်စဉ်ခုနစ်ထပ် မှာစိုင်းတဲ့ (၂၁)ရာစု ဘီလူးကြီး'

စိဝ်ညစ်စိတ်တို နေတဲ့ ပရိသတ်ကြီးမှာ ရယ်မောမိကြ တယ်။

□□□

## ထိုင်ခုံအဆန်း

ကားတွေမှာ တွယ်မစီးရဆိုတဲ့အခါမှာ ပထမဆုံး နစ်နာ တာက ခါးပိုက်နှိုက်ပါပဲ။ ခါးပိုက်နှိုက်အနေနဲ့ အထဲမှာ ဘ လောက်ပဲချောင်ချောင် အတက်အဆင်းမှာ တွယ်တာပဲ။ အထဲဝင်ပါပြောလဲ သူကတော့ တွယ်စီးတာပဲ။ အဲထဲမှာ သိပ်ပြီး ကျပ်နေမှသာ ခါးပိုက်နှိုက်အနေနဲ့ အထဲဝင်ပြီး အတင်းတိုးလေ့ ရှိပါတယ်။

ဒီတော့တော်ရုံတန်ရုံကားဟာခါးပိုက်နှိုက်ကြောင့် မကပ် သင့်ဘဲကျပ်ပါတယ်။ အတက်အဆင်း မှာကြန့်ကြာသင့်ပဲ ကြန့်ကြာရတယ်။ ခါးပိုက်နှိုက်ကလဲ ထိုင်နေသူထက် ရပ်နေသူ ကို နှိုက်ရတာက ပိုလွယ်တယ်။ ဒီအတွက် ကားချောင်ချိန်မှာ





စောင့်နေတဲ့ ခရီးသည်ဖိုးရိုးက ထိုင်စရာကိုပဲ စောင့်ဆိုင်း တယ်။

လူသိပ်မကျပ်တဲ့ ကားတစ်စီး ထိုးရပ်တယ်။ ခရီးသည်ရဲ့ သဘောကိုသိတဲ့ စပယ်ယာက ဒီလို အော်ပါတယ်။

'တက်ကြ တက်ကြ၊ ကားပေါ်မှာ မတ်တတ်ထိုင်ခုံတွေ အများကြီး'

အဲဒါကြောင့် ခရီးသည်တစ်ယောက်က. . .

'အမိုးပေါ်မှာ သိပ်ချောင်တာပဲလို့ အော်ပါဦး' လို့ အကြံပေးလိုက်တဲ့အတွက် ဝိုင်းပြီး ဟားကြပါတယ်။

□□□

## နာဠာဂိရိ

လူသုံးယောက် ရှိပါတယ်။ သူတို့အနေနဲ့ ရန်ကုန်မှာ နေတယ် ဆိုပေမယ့် တစ်ယောက်က မြို့တွင်းမှာ၊ ကျန် နှစ်ယောက်က မြို့ပြင်တောင်ဖျား။

အပေါင်းအသင်းများက မြို့လယ်က လူကိုဦးမှေး၊ တောင် ဖျားမှာ နေသူကိုဦးပွ၊ မြောက်ဖျားမှာ နေသူကို ဦးခွက်လို့ ခေါ်ကြတယ်။ ဘာပြုလို့ အဲဒီလို ခေါ် သလဲဆိုတော့ မျက်စိမှေးတဲ့ လူကို ဦးမှေးခေါ်တာရှင်းပါတယ်။ ဦးပွကနှာခေါင်း ပွတယ်။ ဦးခွက်က အရက်ခွက်ကို လက်ကမချဘူး။

ဦးခွက်နဲ့ ဦးမှေးရင်းနှီးသလို ဦးခွက်နဲ့ ဦးပွလည်းရင်းနှီး ပေမယ့် ဦးမှေးနဲ့ ဦးပွကတော့ မရင်းနှီးလှဘူး။ သိကျွမ်းရုံပါပဲ။ ထားပါတော့။



www.burmeseclassic.com

www.burmeseclassic.com



ဦးမှေးအနေနဲ့ ဦးခွက်ကိုကြည်ညိုတဲ့ အပြင်သံယောဇဉ်လဲ ကြီးတော့ ဦးခွက်သွားတဲ့အရက်ဆိုင်ကိုပါသွားတယ်။ ဆိုင်ထဲမှာ နံစော်ညစ်ပတ်နေတဲ့အတွက် ဦးမှေး မထိုင်ဘူး။ ဆိုင်သန့်သန့်မှာ ကျွန်တော်တိုက်မယ်ကတိပေးပြီးခေါ်သွားသတဲ့။

ဦးခွက်ကို ဦးမှေးခေါ်သွားတဲ့ နေရာက သန့်ရှင်းတဲ့ဟော်တယ်။ တိုက်တဲ့ယမကာက ဘီယာ။ ဦးခွက် ဘယ်မှာတင်းတိမ်ပါ့မလဲ။ ဦးမှေးငါ့ကို နှိပ်စက်တယ်ဆိုပြီး ဦးခွက်က လူတိုင်းကို လျှောက်ပြောတာပေ့ါ။

အဲဒါကြောင့် နောက်များမကြာမီ တစ်ရက်မှာဦးမှေးနဲ့ ဦးပွတွေ့တဲ့အခိုက် ဦးပွက. . .

"ခင်ဗျားဗျာ အရက်ဖြူ နှစ်ပုလင်းလောက် သောက်မှတင်းတိမ်တဲ့ဦးခွက်ကိုဘီယာ တိုက်တယ်ဆိုတာ နာဠာဂီရိကို ရှုလပတ်ရည် တိုက်သလို ဖြစ်သွားတာပေ့ါ" တဲ့။

နာဠာဂီရိဆိုတာ အဇာတသတ်ဘုရင်စီးတဲ့ဆင်၊ သောက် လိုက်တဲ့အရက်ကလဲ အရက်ကိုးမောင်းတဲ့၊ အရက်ကိုးမောင်းဆိုတာ ပီပါနဲ့ကိုးလုံးလောက်ရှိမယ်ထင်တယ်၊ အဲဒါလောက် အရက်သောက် ကြမ်းတဲ့ ဆင်အကြောင်းကို သိထားတဲ့အတွက် ဦးမှေးခမျာ မျက်ရည်တွက်အောင် ရယ်မောလေရဲ့။

※ ※ ※

## ပြင်းပုံ မြန်ပုံ

မြို့သစ်တစ်မြို့ကအားကာဘောလုံးကွင်းမှာ ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကစားကြပါသည်။ နေ့ပူကျဲကျဲမှာ သူ့ဘက်ကိုယ့်ဘက် အားပေးသူတွေလာကြတာမနည်းပါဘူး။





ကွင်းရဲ့အပြင်ဘက်မှာ ဘက်စ်ကားတစ်စီးထိုးရပ်ပြီး ခေါင်မိုးပေါ်က တက်ကြည့်ကြတယ်။ သူတို့မြင်ရတာကတော့ ဘယ်ရပ်ကွက်နဲ့ ဘယ်ရပ်ကွက်ရယ်လို့မသိပါဘူး။ အစိမ်းအသင်းနဲ့ အဝါအသင်းပါပဲ။

ကြည့်လိုက်လို့ မကြာခင်မှာပဲ ကားအမိုးပေါ်ကလူတွေအနေနဲ့ ဘယ်အသင်းကောင်းတယ်ဆိုတာ မြင်လာပါတော့တယ်။ အဝါအသင်းက ခြေသာတဲ့အပြင် နောက်တန်းက လူတစ်ယောက်ဟာ ခြေလည်းအလွန်ပြင်းတယ်။

အဲဒါကြောင့် ပြောလိုက်တာက. . .

'အဝါဘက်က အတော်ခြေပြင်းတယ်ဟေ့'

"ပြင်းပုံမြန်ပုံကတော့ မပြောနဲ့ဟေ့။ ဘောလုံးကို ခြေနဲ့ကန်တယ်မထင်ရဘူး။ အမြောက်ထဲမှာ ထည့်ပစ်နေသလားထင်ရတယ်"

အမိုးပေါ်မှာ လူအများကြီးမရှိပေမယ့် ရယ်မောသံကြီးကတော့ ကွင်းထဲရောက်သွားမတတ်ပါပဲ။

※ ※ ※

## မီးခဲအသုံးချနည်း

ဦးဘဒင်အနေနဲ့ ရန်ကုန်ကို ငါးနှစ်သားအရွယ်က ရောက်ရှိပြီး အခြေချနေထိုင်သူဖြစ်တဲ့အတွက် ရန်ကုန်သားလို့ ခေါ်ရမယ်ထင်ပါတယ်။ သူအခုနေတဲ့နေရာက ကမာရွတ်စပယ်ခြံရပ်ကွက်ပါပဲ။

အသက်အရွယ်ကြီးရင့်ပြီး . သားထောက်သမီးခံမရှိတဲ့အတွက်၊ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟ ကောင်းကော



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဆိုးကိုပဲခင်တွယ်နေကြရတယ်။ အဲဒါကြောင့် သူတို့လင်မယားရဲ့ အလုပ်က တစ်နေ့တစ်နေ့မှာ ဧည့်သည်ကို မျှော်ရတာပါပဲ။ ဧည့်သည်လာတဲ့ အခါမှာ မရှိရှိတာချကျွေး၊ ရှေးဟောင်းနောင်းဖြစ်တွေ အေးအေး ဆေးဆေးပြောပြီး ထမင်းစားပြီးမှ ပြန်စေချင်သည်။

တစ်ခါတစ်လေတော့ နံနက်စာရော ညစာစားပြီးမှ ပြန်ရတဲ့ဧည့်သည်လဲရှိပါရဲ့။ ဒီလိုအခြေခံရှိတဲ့ ဦးဘဒင် လင်မယားအိမ်ကိုသူအလွန်မျှော်လင့်နေတဲ့ လူတစ်ယောက် ရောက်လာတယ်။

ဦးဘဒင်လင်မယားက သားရေးသမီးရေး မာကြောင်းသာကြောင်းနဲ့ ပညာရေးကို မေးလို့မှမဆုံးသေးဘူး။ ဧည့်သည်က ပြန်မယ်လုပ်တယ်။ ဦးဘဒင်က နေပါဦးဆိုပြီး လက်ဖက်ရည်တိုက်တယ်။ စကားဆက်ပြောတယ်၊ စကားပြောလို့ကောင်းနေဆဲမှာ ဧည့် သည်က ပြန်ဖို့ပြင်ဆင်ပြန်ပါတယ်။

အဲဒီအတွက် ဦးဘဒင် ပြောလိုက်တာက . . .

'မင့်ဟာက မရောက်ခင်ကတည်းက ပြန်မယ်ပြန်မယ်နဲ့ ဦးခဲကို ဖင် ဆိုင်းမိတဲ့ လူကျနေတာပဲ၊ ဖင်ကြားများ မီးခဲညှပ်နေသလား သေသေချာချာကြည့်ပါဦး'

စိတ်ဆိုးပြီး 'ပြောသယား၊ သခေါ်တာလား မသိဘူး' ဘယ်လို ပြောလိုက်တော့မှ အားပါးတရ ရယ်မောပြီး ဆိုင်နေပါတော့တယ်။

◻ ◻ ◻



## မည်းချက်ထူးပုံက

လေးထောင့်ကန်နားက ကျောင်းတစ်ကျောင်းမှာ ကျောင်းအုပ်ဆရာကြီးတစ်ယောက် ရှိခဲ့ဖူးပါသတဲ့။ ဆရာကြီးက အသား မည်းသလောက် ဇိဇာကြောင်တယ်။ ဇိဇာကြောင်သလောက် စေ့စပ်တယ်။ စေ့စပ်သလောက် အလုပ်လုပ်ပြီးသဘောလဲ ကောင်းလှဆိုပဲ။

တစ်နေ့မှာတော့ ကျောင်းအုပ်ကြီးအနေနဲ့ လက်သမားတစ်ယောက်ခေါ်ပြီး ကျောင်းသုံးသင်ပုန်းတစ်ချပ်အပ်တယ်။ ကျောင်းသုံးသင်ပုန်းဆိုတာကို ဘလက်ဘုတ်လို့ ခေါ်တွင်နေကြလေရဲ့။

ကျောင်းအုပ်ကြီးက သင်ပုန်းအပ်တဲ့အခါ ကျကျနနအပ်တာ။ ဘယ်လောက်တုတ်တဲ့ ထောက်မှာ အမြင့်ဘယ်လောက်ရှိရမယ်။ ခွာဘယ်လောက်ရှိရမယ်။ ဘောင်အရွယ်အစားသင်ပုန်းရဲ့ အလျားအနံသာမက ဆေးအကြိမ်ပေါင်းမည်မျှသုတ်ရမယ်ဆို တာက အစပါတယ်။

ဒီလိုနဲ့ ကျောင်းသုံးသင်ပုန်းပြီးစီးလို့ အပ်တဲ့နေ့ကျတော့ ကျောင်းအုပ်ကြီးက ခေါင်းယမ်းတယ်။

'ခင်ဗျားကိုဆေးလေးထပ်သုတ်ပါမှာလိုက်တယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ဆရာကြီး ရေးများတတ်မှန်းသိလို့ ခြောက်ထပ်သုတ်ခဲ့ပါတယ်ခင်ဗျာ'

'ခြောက်ထပ်ပြောလို့သာယုံရတယ်၊ မည်းလဲမပြည့်ပါလား'



www.burmeseclassic.com

www.burmeseclassic.com



'မှည်းပါတယ်ဆရာကြီး'

'မမည်းပါဘူးဗျာ'

သူ့စေတနာအပြည့်နဲ့ လုပ်ကိုင်ဆောင်ရွက်လာတာကို အပြစ်ပြောတဲ့အတွက် မခံချည့်မခံသာဖြစ်နေတဲ့ လက်သမားဟာ စိတ်ဆိုးလာတဲ့အတွက် . . .

'ဘေးကကြည့်လို့ ပြောင်နေတာ ဖြစ်ပါလိမ့်မယ် ကျွန်တော့်နေရာကလာပြီး ရပ်ကြည့်ရင် မည်းချက်ထူးသမှ မီးသွေးပုံထဲ ကျွံနက်လူးနေသလားမှတ်ရလိမ့်မယ်၊ မယုံရင် ဘလက်ဘုတ်လှဲပြီး ဆရာကြီးတက်အိပ်ပါ။ ပျောက်နေလိမ့်မယ်'

ကျောင်းသားတွေက ဆရာကြီးကို ကြောက်ပေမယ့် ဝေါခနဲရယ်ကြတယ်။ သူ့အသားမည်းတာကို ထိပါးပြီးပြောပေမယ့် စိတ်မဆိုးဘဲ ရောနှောရယ်မောပါသတဲ့။

※ ※ ※

## ရေဘယ်ဈေးလဲ

သာကေတမြို့ရဲ့ တစ်ခုသော ရပ်ကွက်ဈေးက အိမ်ရှင်မတစ်ယောက်ဈေးဝယ်ပြီး ပြန်လာပါတယ်။ အခုအချိန်မှာ ဈေးကို သုတ်သီးသုတ်ပျာနဲ့ လာသူတွေကို လမ်းမှာတွေ့ရပေမယ့် နည်းနည်းပါးပါးပဲ နှုတ်ဆက်တယ်။

အဝါရောင်ဝမ်းဆက်နဲ့ မိန်းမတစ်ယောက်ကတော့ ဆွဲခြင်းထဲလှမ်းကြည့်ပြီး 'ကြက်သားဝယ်လာသလား၊ ဘယ်ဈေးလဲ' မေးတဲ့အတွက် . .

'ကြက်ဘယ်ဈေးလဲ မမေးနဲ့၊ ရေဘယ်ဈေးလဲ မေးစမ်းပါဦးမရယ်'





ဟုတ်ပါတယ်၊ ဈေးခြင်းအောက်ကို ရေတွေတစ်စက်စက် ကျနေပါကလား၊ ဒီအခါမှာ အဝါရောင်ဝမ်းဆက်က ဈေးခြင်း အောက်. မြေပြင်ကို မျက်လုံးမျက်ဆံပြူးကြည့်ပြီး . . .

'မီးမလာလို့ ရေမလာတာနဲ့ အတော်ပဲပေါ့ မြန်မြန်ပြေးသူငယ်ချင်း မြန်မြန်ပြေး၊ ကြက်က ထွက်တဲ့ရေကို သံပုံးနဲ့ ခံထားရင် အနည်းဆုံးတစ်ထမ်းတော့ ရနိုင်တယ်'

ဈေးပြန်အမျိုးသမီးက ခွက်ထိုးခွက်လန် ရယ်ရတယ်၊ အဝါ ဝမ်းဆက်က အမျိုးသမီးက ပြောလို့မဆုံးသေးဘူး။

'လက်စသတ်တော့ . . . ရေဘုံဘိုင်မှာ ရေရှားတာဟာ ဒါကြောင့်ကိုး'

တစ်ယောက်တည်း ဗျစ်တောက်ဗျစ်တောက် ပြောသွားလေရဲ့။

※ ※ ※

## ရှားပုံကတော့

ရေကျော်ရပ်ကွက် ရန်ကုန်အရှေ့ပိုင်းက လူရွှင်ကြီးတစ်ယောက်ကတော့ ကားသမားပါ။ ဘတ်စ်ကားကို ကိုယ်တိုင်မောင်း တဲ့ဘဝကနေပြီး တစ်စတစ်စ ချမ်းသာလာသူဖြစ်ပေမယ့် ယဉ်ကျေး သိမ်မွေ့တယ်။ စကားပြောလဲကောင်းတယ်။

ကလေးတွေ တပြုံကြီးနဲ့ ကားတားစီးတဲ့ ခရီးသည်ကို . .

'လူကြီးကို ဘလကားတင်ပါ့မယ်၊ ကလေးခပဲ ပေးပါ' ဆိုတဲ့ စကားကို စတင်ပြောသူဟာ သူပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကားလေးငါးစီး ပိုင်ဆိုင်နေပြီး အိမ်ကပဲ ကြီးကြပ်ကွပ်ကဲနေပြီလေ။ ဒါပေမယ့် အငြိမ်မနေရပါဘူး။ ခက်ရာခက်၊ ဆစ် ကားပစ္စည်းလိုအပ်ပြီဆိုရင် သူပဲ အရှာထွက်ရတယ်။ သူမှသာလိုကယ်မိတ်လား၊ ဖောရိန်းမိတ်လား သိတာကလား။ သူတပည့် တွေထဲက အတော်ဆုံးလူတော်င် ရန်ကုန်မှာလုပ်ပြီး မော်လမြိုင်က တစ်ဆင့် ရန်ကုန်ကို ပြန်သယ်လာတဲ့ ပစ္စည်းနဲ့ ခံရပေါင်းများပြီ။ အဲဒါကြောင့် ယာစ်နေ့မှာ သူဘာသာထွက်လာခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်ရက်က ပုဇွန်တောင်နဲ့ သံဈေးတစ်ဝိုက်၊ ယနေ့တော့ မြေနီကုန်းဈေး သုံးလေးနေရာလောက်ရှာဖွေစုံစမ်းတော့ ပစ္စည်း တွေ့တယ်။ မကောင်းလို့ မယူခဲ့ဘူး။

ပင်ပင်ပန်းပန်းနဲ့ ပြန်အလာမှာ ဇနီးနဲ့ သားသမီးတွေက ဆီးကြိုတယ်။ ပစ္စည်းရခဲ့သလား မေးတယ်။

ဒီအခါမှာ သူက . . .

'ဟူး ရှားလိုက်တဲ့ပစ္စည်းကွယ်၊ သိကြားမင်းရဲ့ ခြေသလုံးမွေးရှာရတာမှ ငါရှာတဲ့ ပစ္စည်းထက် ပေါလိမ့်ဦးမယ်ဟေ့။ ပင်ပန်းလိုက်တာ။ မြစ်ကို အလျားလိုက်ဆန်ကူးရတာထက် ပင်ပန်းသေး'

* * *

## လွမ်းမှာပါ စိတ်ချ

ဆေးလိပ်ခုံတစ်ခုံက အမျိုးသမီးတစ်စု ရုပ်ရှင်ရုံကို ရောက်လာကြတယ်။ သူတို့အထဲမှာ အပျိုကြီး ဒေါ်ကျော့က အပျိုကြီးပါ။ သူတို့ကြည့်မယ့်ကားက မြန်မာကား။





သူတို့အနေနဲ့ အနှောက်အပြောင်ခံရပေမယ့် လူအင်အား ကောင်းတဲ့အတွက် မဖြုပါဘူး။ တစ်ကျပ်ခွဲတန်းက တန်းစီပြီး ရုံထဲဝင်သွားတော့ မျက်နှာတန်းမိနေတဲ့ လူတစ်ယောက်နဲ့တွေ့ တယ်။ အဲဒီလူက နေရာလိုက်ပြရတဲ့ လူရယ်လို့ သူတို့သိထားသူပါ။

'အစ်မကြီး ရုပ်ရှင်ကြည့်မလို့လား'

'အေးပေါ့ကွယ်၊ ရုပ်ရှင်ရုံထဲ ဝင်လာတဲ့သူဟာ မုန့်ဟင်းခါးစားရအောင် ဝင်လာတာ ဘယ်ဟုတ်ပါ့မလဲ'

စကားမရှိ စကားရှာမှန်းသိရင်လဲ အလိုက်သင့်မနေဘဲ ပြောလိုက်တဲ့အတွက် လူငယ်ရှက်သွားပုံရတဲ့အတွက် ဒေါ်ကျော့ကပဲ ပြေရာပြေကြောင်း စကားဆက်ပြောပါတယ်။

'ဒီကားက အလွမ်းလား အကြမ်းလား'

'အလွမ်းပါ အစ်မကြီးရဲ့'

'အေးကွယ့် အကြမ်းတော့ မကြည့်ချင်ဘူးကွယ်၊ အစ်မက လွမ်းမှ ကြိုက်တာ၊ လွမ်းရလို့ကတော့ လက်ကိုင်ပဝါ ဘယ်လောက်ပဲ ကုန်ကုန်'

'စိတ်ချ စိတ်ချ ခင်ဗျာ၊ လွမ်းလိုက်ပုံများတော့ မျက်ရည်ကို ရေထမ်းပုံးနဲ့ ခံထားရစေ့မယ်'

အမျိုးသမီးကလေးတွေရဲ့ သာယာတဲ့အသံ တစ်ရုံလုံးလွှမ်းသွားလို့ ပြုံးနိုင်တဲ့ လူငယ်အနေနဲ့ 'ကြမ်းပိုးကိုက်လို့ ငိုရတာတော့ဟုတ်မယ်မထင်ပါဘူး' လို့ အဖောက်ခံရတဲ့ အတွက် မကြားယောင် နဲ့ ထွက်သွားပါလေတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဝက်တဲ့ဈာရှိ

ဆယ်သိန်းရပ်ကွက်က ဝက်မွေးတဲ့ အိမ်တစ်အိမ်ကို လူတစ်ချို့ရောက်လာကြပါတယ်။ သူတို့အနေနဲ့ ဝက်ဝယ်သူများ ဝက်လိုင်စင်စီ ရထားသူများပါ။ ဝက်တစ်ကောင်ကို ကြည့်ရုံနဲ့ အသက်ဘယ်လောက်ရှိပြီလဲ၊ အသားဘယ်လောက်ထွက်မယ်ဆိုတာကို ခန့်မှန်းနိုင်ကြတယ်။

ဝက်ဝယ်သူအနေနဲ့ ဝက်ရှိတဲ့ဆီကို ဘယ်နေ့ဘယ်ရက်လာမယ်ဆိုတာ ဘယ်တော့မှ ကြိုတင်ပြောမထားဘူး။ မှာထားလေ့မရှိဘူး။ ပိသဘာချိန်နဲ့ရောင်းမယ်ဆိုတဲ့ ရည်ရွယ်ချက်ထားသူတွေ ကြိုတင်ပြီး အစာကျွေးမထားနိုင်အောင်ပါ။

အဲဒါကြောင့် ဝက်ဝယ်သူတွေ ရောက်လာချိန်မှာ ဝက်တွေတစ်ကောင်မှမရှိဘူး။ အိမ်တကာလျှောက်နှိုက်၊ ခြံ တကာလည်ပြီးတူးဆွနေကြချိန်ပါ။ ရောင်းသူက အကုန်လုံးရောင်းမယ်ဆိုတဲ့အတွက် ဝယ်သူတွေပါ လိုက်လံကူညီဖမ်းဆီးရတယ်။

'ဝက်တဲ့ရှင်၊ ထမင်းအိုးလဲ လှန်စား၊ ရေအိုးလဲဖွင့်သောက်၊ ဟင်းရွက်ခင်းဝင်မွှေ၊ အိမ်သာလဲ မနေရ၊ ဆိတ်နဲ့ခွေးနဲ့ စပ်ကျ သလား မှတ်ရ'

အိမ်ရှင်မတစ်ယောက်က အော်ဟစ်ညည်းတွားလိုက်ပေမယ့် ဝက်ဝယ်သူက ဝက်တွေကြည့်ပြီး ခေါင်းခါတယ်။

'ဒါလောက် ပိန်တဲ့ဝက်က အသားရမှာ မဟုတ်ဘူး၊ ငါးများလို ငါးခြောက်ခွဲပြီး နေလှန်းမှ သုံးလို့ရလိမ့်မယ်၊ ပိန်လိုက်ပုံကတော့ သစ်တုံးကို အဝတ်ပါးပါး ပတ်ထားသလားမှတ်ရ'

ဝက်ပိုင်ရှင်ခမျာ မချိပြုံးကလေး ပြုံးနေရှာလေရဲ့။





## အလှတွင် အယဉ်ဆင့်

အလွန်ဆင်းရဲတဲ့ ရေထမ်းသမား သော့င်းဖော်ဦး ဘယ်လက်ထပ်မင်္ဂလာပွဲက ဖိတ်ဖိတ်မသွားဘူး။အသုဘရက်လည်ဆွမ်း သွတ်လဲ မသွားဘူး။ အဲဒါတွေအနေနဲ့ လက်ဖွဲ့ငွေ၊ ကူငွေထည့်ရ တာချည်းပဲ။ သို့ပေမယ့် ရေထမ်းပေးပါဆိုရင်တော့ သွားတယ်။

တစ်နေ့မှာတော့ တခြားရပ်ကွက်မှာနေတဲ့ အစ်ကိုရဲ့လက်ထပ်မင်္ဂလာပွဲနဲ့ ကြုံလာတယ်။ ရှိရှိ မရှိရှိ သွားရမှာပဲ။ အစ်ကို အရင်းပေကိုး။ အဲဒါကြောင့် သေသေချာချာသိမ်းထားပြီး တစ်နှစ် မှာ တစ်ခါတောင် မဝတ်တဲ့ ကျူထရံလုံချည်ကို သေတ္တာထဲက အထုတ်ခိုင်းတယ်။

သူ့ဇနီးက ထုတ်ယူပြီး အခေါက်လိုက် ချထားတယ်။ ဦးက ရေမိုးချိုးအပြီးမှာ လုံချည်အသစ်နဲ့ လဲဝတ်မယ်ဆိုပြီး ဖြန့်လိုက်တာ အပေါက်တွေ ဖြစ်နေတော့တယ်။ သေသေချာချာ ကြည့်တဲ့အခါ အပေါက်ချင်း ဆက်တဲ့နေရာက အမျှင်တွေထွက်နေတယ်။ ပိုးဟပ် လေ၊ ပိုးဟပ်လက်ချက်ပေါ့။

'ကုန်ပါပြီရှင်၊ ပိုးဟပ်လေ၊ ပိုးဟပ်လက်ချက်ပေါ့'

သူ့မိန်းမက နှမြောတသနဲ့ အော်ပေမယ့် သူကတော့ ...

'ပြစ်ရလေ ပုဆိုးရယ်၊ တံခွန်ကုက္ကားကို ကြွက်ကိုက်ထားသလားမှတ်ရတယ်ဟေ့'



www.burmeseclassic.com

www.burmeseclassic.com



အော်ပြီး အားရပါးရ ရယ်နေတယ်။

ဘုရားဈေးမှာ ရောင်းချတဲ့ တံခွန်ကြက်လျှာ မုလေးပွား များဟာ အမျှင်မျှင် အပေါက်ပေါက်ကလေးတွေနဲ့ လှပအောင် လုပ်ထားတာမဟုတ်လား။ အစက ပေါက်ပြီးသား ဖွာပြီးသားကို ကြွက်ကိုက်တယ်ဆိုတော့ စဉ်းစားသာကြည့်ပေတော့။

✳ ✳ ✳

## အိုက်လွန်းသောကြောင့်

အားလပ်တဲ့နေ့တစ်နေ့မှာ ရန်ကင်းသားတစ်ယောက် ရန်ကုန်မြို့လယ်မှာ ရှိတဲ့ ဆွေမျိုးသားများထံ အလည်အပတ် လာပါတယ်။ ရန်ကုန်မြို့လယ်ဆိုတာ ထင်းရှူးပုံကလေးတွေ ထောင် ထားသလိုနေတဲ့ တိုက်ခန်းတွေနဲ့ ပြည့်နေတဲ့ နေရာပါ။ မျက်နှာစာမှာသာ အလင်းရောင်ရှိပြီး အတွင်းမှာမှောင်ပြီး အှောင်နေတာ ကလား။

ကျယ်ဝန်းလွတ်လပ်တဲ့ ရန်ကင်းလိုနေရာမျိုးက လာတဲ့ [illegible] လူတစ်ရပ်လွတ်နိုင်တဲ့ [illegible] အနေအထားကို [illegible]။ အဲဒါကြောင့် သူကပါလာတဲ့ [illegible] [illegible] နဲ့ နေပေမယ့်လဲ အိုက်မြဲပူမြဲပါ။ [illegible] တော့ [illegible] အတွက် . . .





'မူလှအိုက်လှချည်လား ရန်ကုန်ရယ်၊ ကောက်ညှင်း ပေါင်း ပေါင်းနေတုန်း တန်းလန်းမှာ ပေါင်းချောင်ထဲ ဝင်ပေ မိသလား မှတ်ရပေါ့'

ဆွေမျိုးတွေက အားပါးတရ ရယ်ပေမယ့် သူ့ခမျာ မရယ်နိုင်. . .။

## "ချဉ်ပေါင်ကို ကာပြန်လို့ ဝက်သားထဲ ခြေကန်ရှုန်းတယ် သွားတော့ ခေါင်းတုံး"



www.burmeseclassic.com

www.burmeseclassic.com

# ရွှေမန်းသား စကားပဒေသာ

ရွှေ့ကစကားနဲ့ ပတ်သက်တဲ့ စာအုပ်တစ်အုပ်မှာ ရတနာပုံ ရွှေမန်းသားများရဲ့ စကားတွေကို စုဆောင်းဖော်ပြ စဉ်တုန်းက ရွှေမန်းအကြောင်း တင်ဆက်ခဲ့ပြီးပါပြီ။ မန္တလေးမြို့ကို ရတနာပုံ အမည်နဲ့ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် တော်မှာ (၁၂၂၁)ခုနှစ်က တည်ထောင်ခဲ့တဲ့ အကြောင်း 'အုတ်ကျစ် ကျော်အေးလို့' အတိုကောက်ခေါ်တယ်။ တချို့ကလဲ 'အောင်ကျော် ချမ်းအေးမန္တလေး' လို့ အတိုကောက် ခေါ်ကြတဲ့အကြောင်း ရှေ့က စာအုပ်ကို မဖတ်မိတဲ့ လူများ အတွက် ထပ်မံတင်ပြပါရစေ။

ရွှေမန်းသူတွေ စကားပြောယဉ်ကျေးတာ၊ နှစ်ယက်စရာ ကောင်းတာကို တစ်နိုင်ငံလုံးသိတဲ့အတွက် ထားပါတော့။

ဆယ်နှစ်အတွင်းမှာ အလွန်လျင်လျင်မြန်မြန် စည်ကားလာတဲ့ မန္တလေးမြို့အခနေနဲ့ လမ်းကြီးတွေ ရှည်လျားဖြောင့်ဘန်းတာ သဘောကျစရာကောင်းသလို လမ်းကြီးတွေ ကျယ်ဝန်းတာဟာလဲ နှစ်သက်စရာပါပဲ။

ကြည်နူးစရာ အကောင်းဆုံးကတော့ မန္တလေးတောင်တော်နဲ့ ကျုံးပါပဲ။ ရွှေမန်းတော်ရာ မြို့ရိုးကို ရံနန်းထားတဲ့ကျုံးဟာ မြို့ကျက်သရေကို ဆောင်သလို အဲဒီပေါ်ကနေ



ကြည့်ရင် မြို့နဲ့တကွ ပတ်ဝန်းကျင်ကိုပါ မြင်ခွင့်ပေးတဲ့ တောင်တော်ကြီး ကလဲ မြို့ရဲ့ ဦးသျှောင်ဆိုရမတတ်ဘဲ။

ရေလမ်း၊ ရထားလမ်းနဲ့ ကားလမ်းဆုံမှာရှိတဲ့ ရွှေမန်းအကြောင်းကို ဒါလောက်နဲ့ တစ်ခန်းရပ်ပြီး ဗဟုသုတရစရာကဏ္ဍကို စကြပါစို့။

♠ ♠ ♠

## ကိုယ့်မျက်ချေး ကိုယ်မမြင်

စကြာနွယ်စဉ်အရပ်တ ကိုဖုံးရှေ့မှာမှ ဒီလင်မယားက သွားပြီး ရန်ဖြစ်ကြတယ်။ ကလေးကို ဂရုစိုက်လိုက်ပါ ဆိုပါ လျက်နဲ့ ရှင့်ဂရုမစိုက်လို့ ကလေးက ဆန်အိုးမှောက်ပစ်တာလို့ မယားက ရန်အတွေ့မှာ လင်ကလဲ မင်းကောင်းကောင်းမထားလို့ဆိုပြီး ပြန်မာန်တယ်။ အဲဒီကနေပြီး လက်တော့မပါသေးဘူး ပေါ့လေ။ သူတစ်ခွန်းငါတစ်ခွန်း ပြန်အော်နေကြပြီ။

'တော်ကြကွာ၊ တော်ကြ၊ မင်းတို့ဟာကဟိုလင်မယားလို မလုပ်နဲ့'

ရပ်ရွာက လေးစားရတဲ့ လူကြီးကိုယ်တိုင် လာပြောတော့ ရန်ပွဲရပ်စဲသွားပေမယ့် 'ဟိုလင်မယားလိုမလုပ်နဲ့' ဆိုတာ ကြားလိုက်တဲ့ အိမ်နီးချင်းတွေမှာ တနုံ့နုံ့ဖြစ်ပြီး ကျန်ခဲ့ကြလေရဲ့။

အဲဒါနဲ့ ဆွမ်းလောင်းအသင်းမှာ ခုနှစ်ရက်လောက် ကြာမှ ကိုဖုံးကို မေးတော့မေ့နေပြီ။ သိချင်သူတွေက အစပြန်ဖော်တော့မှ တဟဲဟဲရယ်ပြီး . . .

'ဟိုလင်မယားကွာ၊ နာမည်တော့မေ့နေပြီ'

ဖိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါပြီ၊ ဟိုလင်မယားကပဲ ထားပါ'

'မယားက ကောက်ညှင်းပေါင်းရောင်း၊ လင်က ကလေးထိန်း၊ ထမင်းချက်ပေါ့ကွာ၊ ဒီလိုနေလာကြရာက တစ်နေ့ကျတော့ မယားက မှာသွားတယ်။ ကနေ့ တခြားရွာတွေသွားရမှာဝေးတဲ့အတွက် အပြန်မိုးချုပ်လိမ့်မယ်၊ ကောက်ညှင်းပေါင်းတစ်ပေါင်းတော့ ပေါင်းထားနှင့်ပါ မှာသွားတဲ့အတွက် ညနေစောင်းမှာ ကောက်ညှင်းပေါင်းသတဲ့။

'ဒါပေမယ့် ကောက်ညှင်းဟာ တစ်နာရီနဲ့လဲမနပ် နှစ်နာရီနဲ့လဲမနပ်တော့ ယောကျ်ားက ဒါဟာရွာသူရဲ့ လက်ချက်ပဲဆိုပြီး ဆဲသတဲ့။ ဆဲပေမယ့် ကောက်ညှင်းပေါင်းကတော့ နပ်မလာပါဘူး။

'အဲဒါနဲ့ မယားပြန်လာတော့ ဆဲဆိုအပြီးမှာ မောမောနဲ့ ထိုင်မှိုင်နေတဲ့လင်ကို တွေ့လို့အကျိုးအကြောင်းမေးသတဲ့။ မပြောနဲ့တော့ဟာ အစချီပြီး ရွာသူကို ဆဲပြန်ပါရောတဲ့။ မယားလဲ မီးထိုးထားတဲ့ ပေါင်းချောင်ကို အသာမပြီးကြည့်တော့ ပေါင်းချောင်အောက်က ပေါင်းခံအိုးထဲမှာ ရေထည့်မထားဘူးလေ။ ရေမရှိတော့ အငွေ့မထွက်ဘူး၊ အငွေ့မထွက်တော့ ပေါင်းချောင်ထဲက ကောက် ညှင်းဘယ်လိုလုပ်ပြီး နပ်မလဲ။

ဒါဒီတော့ ကိုယ်အသုံးမကျလို့ ကောက်ညှင်းပေါင်းမနပ်တာကို ရွာသူယိုးလို့ယိုး၊ ပယောဂထင်လို့ထင်လုပ်သလို ကိုယ်ဝရှမပိုက်ငို့ ကလေးဆန့်အိုးကို မှောက်ပစ်တာ၊ သူက မယားကို





ပြန်မာန်အော်သတဲ့။ အဲဒါကြောင့် အဲဒီလိုပြောခဲ့တာ တဲ့ဟေ့'တဲ့။

တအံ့နွေးနွေးဖြစ်နေခဲ့တဲ့ လူတွေမှာ အခုမှရင်ပေါ့ပြီး ရယ် မောနိုင်ကြတော့တယ်။

* * *

## ကိုယ့်အတောင်နှင့်ကိုယ်

ကိုဖုံးတစ်ယောက် ပိုက်ဆံပျောက်လို့ စိတ်ညစ်နေတယ်၊ အဲဒီအခိုက်မှာပဲ သူ့ဇနီးကလာမေးတယ်။ ငွေတစ်ကျပ်ယူသလားတဲ့။ 'ငွေတစ်ရာ ဘယ်ထားမှန်းမသိလို့ စိတ်ညစ်နေရတဲ့အထဲ သူကတမျောင့်' လို့ ပြောပြီး အော်လွှတ်တယ်။

မင်းက အိမ်ထောင်ဦးစီးငွေကိုင်ရတဲ့ လူမို့ ငွေတစ်ကျပ်အရေးမကြီးပေမယ့် သူ့မှာတော့ အရေးကြီးတယ်ကွ။ ဆင်လဲဆင့် အထွာ၊ ဆိတ်လဲ ဆိတ်အထွာပေါ့ကွာ'

ကိုဖုံးရဲ့ အဖြေက ဆုံးမတာပါ။

ကိုဖုံးစဉ်းစားတယ်။ အဲဒါဘာကိုပြောတာပါလိမ့်။ ပုံပြင်တော့ ပုံပြင်ပဲ စဉ်းစားရင်းနဲ့ တရေးရေးပေါ်လာပုံက . . .

တစ်ခါက ကြွက်တစ်ကောင်နှင့် ဆင်တစ်ကောင်တို့ တောတစ်တောမှာ အတူတကွနေကြတယ်။ မိတ်ဆွေရင်းတွေပေါ့ လေ၊ တစ်နေ့ကျတော့ ကြွက်နဲ့ဆင်ဟာ တစ်ယောက်တစ်ကွဲစီ အစာရှာထွက်ရာက ပြိုင်တူပြန်ရောက်လာကြတယ်။ နှစ်ကောင်လုံး မောမောပန်းပန်းနဲ့ ပြန်ရောက်လာကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



'ကိုဆင်မောလို့ပါကလား၊ ဘာဖြစ်လာတာလဲ'

'ဆင်ဆိုးတစ်ကောင်ပေါ့ဗျာ၊ ကျုပ်ဘာသာ ကျုပ်အစာစားနေတုန်းမှာ လိုက်ထိုးလို့ ပြေးလိုက်ရတာ၊ လမ်းမှာ သစ်ကိုင်းခြောက်တစ်ခုနဲ့ထိုးမိလို့ ကျောမှာနှစ်တောင်လောက် ပြဲသွားတယ်၊ နာလိုက်တာ'

ကြွက်က ကရုဏာသက်ဟန် အသံပြုပြီးမှ . . .

'အဖြစ်ချင်းတူလိုက်တာဗျာ၊ ကျွန်တော့်မှာလဲ ဂျုံခင်းရှိတဲ့နေရာအသွားမှာ အသင့်ချောင်းနေတဲ့ ကြောင်ကခုန်အုပ်လို့ ကံကောင်းလို့မသေတာ၊ ဒါတောင် လက်သည်းနဲ့ခြစ်မိလို့ ဘေးမှာ နှစ်တောင်လောက် ပြဲသွားတယ်'

ဒီအခါမှာ ဆင်ကအားရပါးရ ရယ်မောပြီး . . .

'ကိုကြွက်ရယ် ခင်ဗျာ့ကိုယ်ဟာ အမြီးဖျားကနေ ခေါင်းအထိ တိုင်းတာတောင် တစ်တောင်မရှိဘဲနဲ့ ဘယ်လိုလုပ်ပြီး နှစ်တောင်ပြဲမလဲ၊ စဉ်းစားပြောပါ'

ဒီအခါ ကြွက်ရဲ့ချေပချက်ကတော့ . . .

'မိတ်ဆွေ ဆင်ပြောင်၊ ခင်ဗျားမှာလဲ ခင်ဗျာ့အတောင်၊ ကျွန်တော့်မှာလဲ ကျွန်တော့်အတောင်နဲ့ပေါ့ဗျ'

ဒါကို သတိရတော့ အဖွေ့စကားကို သဘောပေါက်တဲ့အတွက် ကိုဖိုးတစ်ယောက် ပြုံးသာရယ်သာ ရှိသွားလေရဲ့။





## ကြည့်ဦးမှပေါ့လူရာ

ကိုဖိုးတို့ရဲ့ ဆွမ်းလောင်းအသင်းမှာ မြသပိတ်အလှူပွဲနဲ့ မဟာဒုက်မဲဖောက်ပွဲ ကျင်းပတယ်။ လက်မှတ်နံပါတ် ဘယ်လောက်လို့ တစ်ယောက်က အော်ရင် မဲနှိုက်ပြီး ဖတ်တဲ့လူက ဘလာဖြင့် ဗလာ၊ ဒုတိယဆုဖြင့် ဒုတိယဆု ဒေအာ်ရမယ်။ အဲဒီလို စီစဉ်ထားတယ်။

ပထမဆု၊ ဒုတိယဆုနဲ့ တတိယဆုသုံးမဲတည်းသာ မဲလိပ် ထည့်ပြီးဖောက်ရင် ခဏချင်းနဲ့ ပြီးသွားနိုင်တဲ့အတွက် အောင်ဘာ လေးသုံးမဲနဲ့ ဗလာမဲအပြည့် ထည့်ထားတာကိုး။

ဒီမှာ ကိုဖိုးက ကြီးကြပ်သူ ဖြစ်လေတော့လဲ မဲလိပ် ဖြေဖတ် ရမယ့်လူကို ကြိုတင်သတိပေးသတဲ့။

'လုပ်တာလဲ လုပ်ကြပေါ့လေ။ ဒါပေမယ့် ဦးငြိမ်းလှ အထည်စက်က အလုပ်သမားတွေ 'ငင်း' အတပ်မှားသလို မလုပ် နဲ့နော်'

'ဘာလဲဗျ ခင်ဗျားဟာက'

ထောင်ထောင် ထောင်ထောင်လုပ်နေပေမယ့် ဗဟုသုတ အရာမှာကျတော့ ကိုဖိုးကို မမီပဲကိုး။ မမီတော့ မသိရှာဘူး။ ကိုဖိုးက ပြုံးနေတယ်။

'စောပါသေးတယ်ဗျာ၊ ပြောစမ်းပါဦး'

အဲဒါကြောင့် ကိုဖိုးက ပြောပြတယ်။

တစ်ခါတုန်းက ချမ်းမြသာစည်ဘက်မှာ စက်ရက်ကန်း ဘစ်ခုရှိတယ်။ အဲဒီအချိန်တုန်းကစက်မောင်းသူတွေကယောကျ်ားများ



www.burmeseclassic.com

www.burmeseclassic.com



တွေပဲများတယ်။ အလုပ်ဆင်း အလုပ်တက်မှာ နံပါတ်ပြား ကလေးတွေ ချိတ်တဲ့စနစ်ကိုသုံးတယ်။ သို့သော်လဲ ခွင့်တိုင်ရာမှာ တော့ နို့တစ်ဘုတ်ပေါ်မှာ မြေဖြူနဲ့ရေးရတယ်။

ဥပမာ - ဦးစိန် ခွင့်တိုင်တယ်ဆိုပါစို့။

ကျွန်တော် စက်နံပါတ် (၅)မှ မောင်စိန်သည် ဖျားနေ သော ကြောင့် ခွင့်တစ်ရက် ယူပါသည်' လို့ရေးသွားတယ်။

အလားတူပဲ ခွင့်ယူချင်တဲ့ အလုပ်သမားကလဲ ဖျားနာ သူဖြစ်တဲ့ လူဆိုရင် 'ကျွန်တော် မောင်မြ' ပဲရေးတယ်။ အကြောင်းအရာက ဖျားနာတာချင်းတူတဲ့အတွက် ဦးစိန်ရေး ထားတဲ့အကြောင်းအရာအောက်မှာ 'ၑင်း' လို့ပဲရေးလိုက် တော့တယ်။

တကယ်လို့အလှူသွားချင်တဲ့အတွက် နေ့ဝက်ခွင့်ယူ ချင်တဲ့ လူသုံးယောက် ရှိရင်လဲ အပေါ်ဆုံး တစ်ယောက်ကပဲ 'ဦးသောင်း-ဒေါ်ယဉ်တို့၏ သားရှင်ပြု အလှူသွားစရာရှိပါသော ကြောင့်' ဆိုပြီး အပြည့်အစုံ ရေးတယ်။ အောက်ကလူတွေက တော့ အကြောင်းအရာ တူတဲ့အတွက် 'ၑင်း၊ ၑင်း' နဲ့ပဲ ရေးကြ တော့တယ်။

တစ်ခါမှာတော့ မင်္ဂလာဆောင်သွားစရာ ပေါ်လာကြ ...။ တစ်ချိန်တည်းမှာပဲ အလုပ်သမားတစ်ယောက်ရဲ့ ...တက်ကာငင်ကာ မိခင်သေတော့ 'ကျွန်တော့်မိခင်ကွယ် ...ပါသဖြင့် ခွင့်ခုနှစ်ရက်ပေးပါရန်' ဆိုပြီးရေးသွားတယ်။

မင်္ဂလာဆောင်သွားမယ့်လူတွေက အပေါ်စာကြောင်း မှာ ...ရေးထားပါလိမ့် မတ်မကြည့်ဘဲ အောက်ကနေပြီး 'ၑင်း'





တွေလျှောက်ရေးကြတယ်။ အဲဒါကိုမန်နေဂျာကိုမြင့်မြင့်တဲ့ အခါ ကျတော့. . .

'ကြည့်လဲလုပ်ကြပါ ငါ့လူတို့ရာ၊ အလုပ်သမား ငါးဆယ် ရဲ့ အမေတွေသာ ပြိုင်တူသေကြမယ်ဆိုရင် တစ်လအတွင်း မန္တလေး မှာ လူကုန်တော့မယ်' လို့ ညည်းသတဲ့။

အဲ . . . အခုလဲ သေသေချာချာမကြည့်ဘဲ ဗလာ ဗလာနဲ့ အော်နေရင်တော့ ဒုက္ခပဲဗျာ။

ဝိုင်းပြီး နားထောင်နေတဲ့ ဆွမ်းလောင်းသင်းလူကြီးတွေ မှာ အခုမှ သဘောပေါက်ပြီး တဟားဟားရယ်ကြတယ်။

* * *

## ကျွဲမှန်သမျှ မည်း

စကြာနွယ်စဉ်ဘက်က ကိုဖုံးလိုပါပဲ။ မဟာနွယ်စဉ်ဘက် က ဦးသောင်းမြတ်ဆိုသူ အနေနဲ့လဲ အတော်ပြောတတ်တယ်။ အခိုင်းအနှိုင်းအစီအကုံး၊ အနှုန်းအဖွဲ့ ကောင်းတဲ့အတွက် သာရေး နာရေးမှာ လူစုံပြီဆိုရင် ဦးသောင်းမြတ်လုပ်ပါဦးလို့ ပွဲတောင်းခံရ လေ့ရှိတယ်။

အခု တင်ပြမယ့် အကြောင်းကတော့ ပွဲကြီးလမ်းကြီးမှာ ပြောတာမဟုတ်ပါဘူး။ ဆွေစုံမျိုးစုံ အလယ်မှာပြောတာပါ။ ဝမ်းသိုဘက်မှာရှိတဲ့ဆွေမျိုးတစ်ယောက်ရဲ့ အလှူမှာနွေ ကျောင်း ပိတ်ရက် ဖြစ်တဲ့အတွက် ဆွေမျိုးအကုန်နီးပါးဆုံမိကြသော်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပွဲမှာ သူ့သား၊ သူ့သမီး၊ ကိုယ့်သားကိုယ့်သမီး အကြောင်းတွေ ပြောကြတာပေါ့လေ။ မြင်းခြံသူ ခယ်မ တစ်ယောက် ကတော့ အလွန့်ရိုးသားတဲ့အတွက် မကြွားဘူး။ သူ့သမီးစိတ်ကောင်း ရှိသလောက် နုံပုံ အပုံကို ပြောပြတယ်။

ဦးသောင်းမြတ်က အမှန်အတိုင်း ရိုးသားစွာ ပြောတာကို သဘောကျတဲ့အတွက် နှစ်သိမ့်စကားဆိုပါတယ်။

'ရိုးလွန်းလို့ အတယ်ထင်ရတတ်သဟ၊ စိတ်သဘောထား ကောင်းလွန်းလို့လဲ နုံတယ်ထင်ရတတ်သဟ။ ငါ့ခယ်မရဲ့ သမီး ကြည့်ရတာကတော့ မဒရာ (မတ္တရာ) ဘက်က ကိုတာရဲ့ သားလိုတော့ ဟုတ်ပုံမပေါ်ပါဘူး'

သူစကားပြန်ပြောရင် အခိုင်းအနှိုင်းကလေးတွေ ပါလာတော့မယ်ဆိုတာသိတဲ့အတွက် ဆွေမျိုးတစ်စုကနားစွင့်ပြီး အာရုံစိုက်နေကြတယ်လေ။ အဲဒါကြောင့် ဦးသောင်းမြတ် ဆက်ပြောပုံက-

ကိုတာရဲ့ သားကတော့ အ, ကို အ, တာပါ။ အရွယ်ကလေးအတန်အသင့်ရလာတော့လဲ မိဘက ကျွဲကျောင်းခိုင်းတာပေါ့။ သူတစ်ယောက်တည်းမှ မဟုတ်တာပဲ၊ အဖော်တွေ ပါတာကိုး။

ဒါနဲ့ သူ့ကျွဲက မည်းမည်း၊ ကိုယ့်ကျွဲကလဲ မည်းမည်း တခြားလူတွေက ကိုယ့်ကျွဲကိုသိပေမယ့် ကိုတာရဲ့သား ငထွားကတော့ သူ့ကျွဲကို ကိုယ့်ကျွဲထင်၊ ကိုယ့်ကျွဲလဲ သူ့ကျွဲမှတ်နေဟယ်လေ။ အဲဒါကြောင့် သူငယ်ချင်းတွေရဲ့ ကျွဲက သူတစ်ပါးရဲ့ လယ်ထဲဝင် စားတာမြင်ရင် ကုစားပျက်မှာစိုးတဲ့အတွက် . . .





'ဟော့ကောင် ငထွား၊ မင့်ကျွဲစပါးပင်တွေ စားနေပြီ၊ မောင်း ချေဦး' ခိုင်းတယ်။

ခိုင်းတိုင်းလဲ အဟုတ်မှတ်ပြီး သွားသွားမောင်းသတဲ့။ ဒါပေမယ့် ငထွားက နုံပေမယ့် နည်းနည်းတော့ စဉ်းစားတတ်တဲ့အတွက် သူ့မိဘများကို ပြောသတဲ့။

'အဘရာ၊ ကျွဲတွေ အတူတူကျောင်းကြတာ တခြားကျွဲက လယ်ထဲမဆင်းဘဲ ကျုပ်ကျွဲချည်း သူတစ်ပါးလယ်ထဲဆင်းစားလို့ တစ်နေ့လုံး မောင်းနေရတာအားရတယ် မရှိပါဘူး'

ငထွားရဲ့မိဘက သိပြီလေ။ သူတို့သားကို အဖော်တွေက နှပ်ချနေပြီဆိုတာ၊ အဲဒါကြောင့် ကျွဲတွေရဲ့ချိုမှာ ထန်းရွက်ခွေတွေ စွပ်ပေးပြီး ကြည့်ထား။ မင့်ကျွဲက ချိုရင်းမှာ ထန်းရွက်ခွေပါတယ်လို့ မှာလိုက်သတဲ့။ ဒါပေမယ့် ပြောင်းစွပ်ထား။ ညနေပြန်ခါနီးမှ ချွတ်ပြီး ငထွားကျွဲတွေမှာ ပြန်စွပ်ပေးလိုက်လုပ်တော့ ငထွားခမျာ နေ့တိုင်း ကျွဲမောင်းရတဲ့ ဝဋ်က မလွတ်ဘူးတဲ့။

'ဒါပေမယ့် ငါ့သမီးကြီးရဲ့ ရုပ်ရည်ဟန်ပန်က ငထွားလောက်တော့ ထုံမယ့် ထိုင်းမယ့် ရုပ်မဟုတ်ပါဘူး' လို့ ပြောပြီး အဆုံးသတ်တဲ့အခါ ကာယကံရှင် မိန်းကလေးက ကျေနပ်တယ်။ ဆွေမျိုးတွေက ရယ်လိုက်မောလိုက်ကြတာ တသောသောပါပဲ။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com



## ခြေရင်းကတော့မနေ

ဦးသောင်းမြတ်တို့အိမ်နဲ့ မနီးမဝေးမှာ ပြောင်းလာတဲ့ မိန်းမတစ်ယောက်အနေနဲ့ ရောက်စတုန်းကတော့ လက်သည်လိုလို အနှိပ်သည်လိုလိုပါပဲ။ တစ်စလောက်ကြာတဲ့အခါကျတော့ အိမ်ရှင်မက သတင်းပေးတယ်။ အဲဒီမိန်းမက အနှိပ်သည်သာမဟုတ်ဘူး။ ဆေး လည်း ကုတယ်ဆိုတဲ့အကြောင်းပေါ့။

လျှက်ဆားကလေး လျှာပွတ်ဆေးလေးလောက်ကတော့ အိမ်တိုင်းရှိတတ်တာမို့ ပေးတယ်ကမ်းတယ်ပဲ ဦးသောင်းမြတ်ထင်နေတယ်။ သို့သော်လဲ လမ်းထဲမီးကင်းအစည်းအဝေးမှာ အဲဒီမိန်းမ ဘယ်သူ့ကို ဆေးပေးလိုက်တာပျောက်သွားကြောင်း၊ ဘယ်သူဖြင့် သက်သာသွားကြောင်းတွေ ပြောသံကြားရတဲ့အခါ ဦးသောင်းမြတ် မနေနိုင်တော့ပါ။

'အင်း . . . ဘူးနီကလေး တစ်လုံးကောက်ရတာနဲ့ ဆေး ဆရာလုပ်စားတဲ့လူလိုဖြစ်ရင်တော့ ကျော်မကောင်းကြားမကောင်း ဖြစ်တော့မှာပဲ'

'ဘူးနီလေး ဟုတ်လား၊ မကြားဖူးပါဘူးဗျာ'

'တစ်ခါက လူ[illegible]ယောက်ရှိသတဲ့၊ ဘာပဲလုပ်လုပ် အဆင် မပြေတော့ ဘာလုပ်ရပါ့မလဲလို့ စဉ်းစားပြီး လျှောက်လာခိုက်မှာဘူးနီကလေးတစ်လုံးကောက်ရသတဲ့။ ဆေးဆရာ တစ်ယောက်ရဲ့ အိတ်ပေါက်က ကျကျန်ခဲ့တာပေါ့။

'ဆေးဝါးအကြောင်း၊ ဓာတ်သဘော ရာသီဥတု၊ ဘာတစ်လုံးမှမသိတဲ့လူနှစ်ယောက်ဟာ ဘူးနီထဲက ဆေးတွေလဲမြင်ရော





ဟန်တာပဲဟေ့၊ ဆေးဆရာလုပ်မယ်ဟေ့လို့တိုင်ပင်ကြသတဲ့၊ အဲဒါနဲ့ ဘယ်ရွာမှာလူနာရှိသလဲ လိုက်လံစုံစမ်းတဲ့အခါ ရွာတစ်ရွာမှာ လူနာသွားတွေ့တာကိုး။

အဲဒါနဲ့ ဘာဆေးတွေမှန်းမသိတဲ့ ဘူးနီထဲက ဆေးတွေကို တိုက်လိုက်တာ လူနာမှာဝမ်းလျှောပါလေရော၊ သို့သော်လဲ ပြောင်းပြီး တိုက်စရာ တခြားဆေးမပါတဲ့အတွက် 'ဒီအပုပ်တွေအပူတွေ ခိုအောင်းနေလို့ ရောဂါမပျောက်တာ' လို့ ပြောပြီး ဘူးနီထဲက ဆေးတွေကိုပဲ ဆက်ပြီးတိုက်တော့ လူနာခမျာ ဝမ်းတရဟောသွားတာနဲ့ အသက်ပျောက်တာပေါ့။

လူနာရှင်နဲ့ ရွာသူရွာသားတွေက ဒီလူနှစ်ယောက်ဟာ ဆေးပညာကို နကန်းတစ်လုံးမှ မတတ်ဘဲ ဆေးတစ်မျိုး အားကိုးနဲ့ လုပ်တာပါကလားဆိုတာ လူသေမှသိတယ်။ ဒါပေမယ့် လူနာမှာလဲ သေခါနီးအသည်းအသန်ဖြစ်နေတဲ့ လူနာဖြစ်တဲ့အတွက် ဒီလူနာကို ချုပ်ဟယ်နှောင်ဟယ်၊ ရိုက်ဟယ်နှက်ဟယ်လုပ်နေလဲ အကြောင်းမထူးဘူး မှဉ်းစားမိတာနဲ့ 'ကဲ ကိုယ့်အလောင်း ကိုယ့်တာသာကိုယ်တူးမြှုပ်ကြ၊ နောင်လဲ ဒီရွာဘက်ကို မလာကြနဲ့လို့' ပြောပြီး ခိုင်းသတဲ့။'

ဒါနဲ့ သမားယောင်နှစ်ယောက်ဟာ လူသေမြှုပ်ဖို့ သုဿာန်ကို ထမ်းသွားကြတယ်၊ မသာက ဘယ်လောက်ဆေးချက်ပြင်းထန်သလဲဆိုတော့ သေပြီးတဲ့နောက်မှာတောင် ဒွါရက မစင်တွေ စီးထွက်နေတုန်းပဲ၊ အဲဒီမစင်တွေက ခြေရင်းဘက်က ထမ်းတဲ့လူရဲ့ကိုယ်ပေါ် စီးကျတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



'လူသေမြှုပ်၊ ရေမိုးချိုးခရီးဆက်တဲ့အခါကျတော့ တစ်ယောက်က သူငယ်ချင်းစိတ်မပျက်နဲ့ကွာ၊ နောက်တစ်ရွာမှာ လူနာတွေလို့ကုရင် ပျောက်မှာပေါ့ကွ၊ ဒီတစ်ခါမှာ ဆေးဖိုးဝါးခအများကြီးရမှာပါ' လို့ ပြောတော့ ခြေရင်းဘက်က ထမ်းခဲ့ရတဲ့လူက. .

' မင်းဘာသာ မင်းကုချင်ကု၊ မကုချင်နေ၊ လူသေရဲ့ခြေရင်းဘက်ကတော့ ငါမထမ်းတော့ဘူးဟေ့' လို့ ဒေါသတကြီးပြောသတဲ့။ အဲဒါကြောင့် ဘာဆေးတွေမှန်းမသိတဲ့ ဘူးနီထဲက ဝမ်းကျဆေးတွေနဲ့ တွေ့မယ်နော်၊ ငါးပြားဆယ်ပြားကို နှမြောပြီး ကိုယ့်အသက်ကို သူတစ်ပါးလက်ထဲ အရမ်းအပ်မိကြမယ်. . '

စကားအလယ်လောက်ကတည်းက တပြုံးပြုံးဖြစ်နေခဲ့ကြသူတွေမှာ ဦးသောင်းမြတ်ရဲ့ စကားလဲဆုံးရော ဝေါကနဲ ရယ်မောကြလေရဲ့။

❖ ❖ ❖

## ငစံမိုက်ကြောင့်

ရဟန်းခံ့ရှင်ပြုအလှူဖြစ်တဲ့အတွက် ပြောကြဆွေးနွေးကြတဲ့ စကားတွေကလဲ ရတနာသုံးပါးနဲ့ စပ်လျဉ်းတာချည်းပါပဲ။ ဒီထဲမှာ လူတစ်ယောက်က တစ်ကျပ်တန်စက္ကူနဲ့ ငါးကျပ်တန်စက္ကူခွဲခြားမသိတဲ့ ဆရာတော်ကြီးတစ်ပါးအကြောင်း တအံ့တသြပြောတယ်။ ကာစ်ဆယ်တန်၊ အစိတ်တန်နဲ့ ရာတန်ရှိတယ်ဆိုတာတော့ ကြားတောင်ကြားဖူးပုံမရဘူးလို့ ဆက်ပြီးပြောတယ်။





ဒီအခါမှာ ဦးသောင်းမြတ်က . .

'ငယ်ဖြူပုဂ္ဂိုလ်တွေဟာ လောကီကိစ္စတွေ ဘာမှမသိတာ သဘာဝကျသဗျ၊ အဲဒီလိုပါပဲ၊ လောကီသားတွေရဲ့ ပြက်ချော်မှုကောက်ကျစ်မှုတွေကိုလဲ နားမလည်ကြဘူး။ ပတာကီအဖြူထည်သက်သက်ကြီးတွေပါပဲ'

အဲဒီလိုအစချီပြီး သူ့စကားကို ပိုပြီးလေးနက်ခိုင်မာအောင် တောရပ်မှီတဲ့ ဆရာတော်ကြီးတစ်ပါးအကြောင်းဆက်ပြောတယ်။ အဲဒီဆရာတော်ကြီးအကြောင်းက ဒီလိုပါ။

တစ်ခါက တောရပ်ဆောက်တည်နေတဲ့ ငယ်ဖြူကြီးတစ်ပါးရှိတယ်။ တစ်မနက်မှာ ဆရာတော်ကြီးရဲ့ ကျောင်းရှေ့ကို ကျားကြီးတစ်ကောင်လာအိပ်တယ်။ အေးအေးဆေးဆေးအိပ်ပြီးမှ ထသွားတဲ့အတွက် ဆရာတော်အနေနဲ့ ကျားကို သေသေချာချာမြင်လိုက်တယ်။

နောက်တစ်နေ့မှာ ရွာထဲက ငစံဆိုတဲ့လူရွှတ်လူနောက်တစ်ယောက်က ဝေယျာဝစ္စလုပ်ပေးဖို့ရောက်လာတဲ့အခါ ဆရာတော်က ကျားကြီးတစ်ကောင်လာအိပ်ကြောင်း၊ ကိုးတောင်ခန့်ရှိကြောင်း အမိန့်ရှိသတဲ့။ ဒါဟာ ငစံအနေနဲ့ ဆရာတော်ရဲ့ဖြူစင်မှုကိုသိတဲ့အတွက် 'လူကြားလို့မကောင်းတာတွေ၊ မတော်မလျော်အမိန့်မရှိပါနဲ့ဘုရား' လို့လျှောက်တယ်။

ဒါကြောင့် ဆရာတော်က 'ကိုးတောင်မရှိ ခုနှစ်တောင်တော့ အနည်းဆုံးရှိလိမ့်မယ်' လို့ ပြင်ပြီးမိန့်တော်မူပေးမယ် ဒါယကာ လူရှုပ်ကတော့ လက်ခုပ်လက်ဝါးတီးပြီး ရယ်မြူးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်မှာ ဒါယကာ လက်ခုပ်လက်ဝါးတီးပြီး ရယ်လိုက်တိုင်း ကျားရဲ့အရွယ်အစားကိုလျှော့ပြောမိတယ်။ 'ဩော် ခပ်လှမ်းလှမ်းကဆိုတော့ ငါအမှန်းအထားလွဲလို့ ထင်ပါရဲ့' ဆိုတဲ့ အတွေးနဲ့ပေါ့လေ။

နောက်ဆုံးကျတော့စကေ ဘယ်လိုအဆုံးသတ်သလဲ ဆိုတော့'အရှင်ဘုရား သေသေချာချာမှတ်ထား၊ ကျားဆိုတာ ကြီးရင် လက်တစ်ဝါး၊ ငယ်ရင် လက်လေးသစ်ပဲ ဘုရား'

ငယ်ဖြူဆရာတော်မှာ အဟုတ်မှတ်တာပေါ့။ ဒါနဲ့ မကြာ ခင်မှာ ဒါယကာတစ်စုရောက်လာပြီး ဘေးအန္တရာယ်ထူပြောကဲ့ တောကျောင်းမှာ သီတင်းမသုံးဘဲ ရွာကျောင်းသို့ ကြွဖို့လျှောက် ကြတဲ့အခါ ဆရာတော်က . . .

'မစိုးရိမ်ကြနဲ့ ဒကာတို့၊ မကြာခင်ကပဲ ကျောင်းရှေ့မှာ ကျားတစ်ကောင်လာအိပ်သွားသေးတယ်'

'တော်တော်ကြီးသလား ဘုရာ့'

'အင်းကြီးရင် လက်တစ်ဝါး၊ ငယ်ရင် လက်လေးသစ်ပေါ့ ဒကာတို့ရယ်'

ဒါယကာတွေမှာ အတော်ကလေး ကသီကအောက် ဖြစ် သွားကြပြီး . . .

'အဲ-ဒါဆိုရင် ကြောင်ပေါက်စကလေးဖြစ်ပါလိမ့်မယ် ဘုရား၊ ကျားဆိုရင် အငယ်ဆုံးမှာတောင် တစ်တောင်ကျော် ပါတယ်ဘုရား၊ အဲဒါဟာပေါက်စနကလေးပါ။ အရွယ်ရောက် လာတဲ့ အခါခြောက် တောင်၊ ခုနှစ်တောင်ရှိကြပါတယ်။ တချို့များ ကိုးတောင်ပါ ဘုရာ့'





ငယ်ဖြူဆရာတော်အနေနဲ့ လူရှုပ်ဒါယကာကို စိတ်မဆိုး နိုင်ဘဲ မိန့်တော်မူလိုက်ပုံက . . .

'ငါမြင်ရင်းတုန်းကတော့ ကိုးတောင်ပဲ ဒကာရဲ့၊ ငစံဆိုတဲ့ ဒကာငမိုက်ကြောင့် ငါကျားမှာ ငယ်သွားရတာပါ'

အဲဒါကြောင့် ငယ်ဖြူဆရာတော်ကြီးတွေ ရိုးသားဖြူစင် တာကတော့ လူရှုပ်ကိုတောင် လူရှုပ်မှန်းမသိအောင်ပါပဲဗျားလို့ ဦးသောင်းမြတ် နိဂုံးချုပ်လိုက်တဲ့အတွက် ခေါင်းတညိတ်ညိတ်နဲ့ ပြုံးနေကြရတယ်။

❊ ❊ ❊

## စေ့စပ်ပါမေ့ဗျား

ဦးသောင်းမြတ်နဲ့ အဖော်တစ်ယောက်တို့ ပုန်းအိုးဘက် ကို ရောက်သွားတယ်။ အိမ်ရှင်နဲ့တွေ့ပြီး စကားစမြည်ပြောနေ တုန်းမှာ ဦးသောင်းမြတ်ရဲ့ အသိအကျွမ်းတွေ တဖွဲဖွဲရောက်လာ ကြတယ်။စကားပြောနေခိုက်မှာပဲ ဖိတ်ကြားစာတစ်စောင်ရောက် လာတယ်။ ကိုသောင်းမြတ်ရဲ့ မိတ်ဆွေက လှမ်းယူဖတ်ရှုပြီး . . .

'တော်တယ်ဗျာ၊ သိပ်တော်တဲ့လူ၊ မင်္ဂလာအချိန် (၉)နာရီ (၄၅) မိနစ်၊ (၅၀)စက္ကန့်တဲ့ဗျာ၊ ကြိုက်သွားပြီ၊ ဟော ဖိတ်စာရဲ့ ကျောမှာလဲ လက်ရေးနဲ့ရေးထားသေးဗျ၊ ခြသေ့်ဦးမုတ်တိုင်မှ အရှေ့တည့် တည့်သို့ ပေသုံးရာနှင့် လေးပေတိတိလျှောက်ခဲ့ပါရန်တဲ့၊ သဘောကျတယ်'

ထိုအခါ ဦးသောင်းမြတ်က တဟဲဟဲရယ်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက မျက်စိတစ်ဖက်လပ်နဲ့ မောင်ရိပ်ဆိုတဲ့ လူ တစ်ယောက်က အရပ်ထဲမှာ အော်ဟစ်နေကျ 'ဗျိုးသမား' ငစံ သူကို ခေါ်ပြီး သူ့ရဲ့ အလှူမင်္ဂလာအတွက် အရပ်ထဲလည်ပြီး အဖိတ် ခိုင်းသတဲ့။ ငစံသူ အလှူဖိတ်ပုံက . . .

'မန္တလေးမြို့ အနောက်ပြင်၊ တာရိန်တံတားလမ်း၊ လှည်း တန်းရပ်ကွက်နေ မျက်စိတစ်ဖက်ကန်းနှင့် ကပ်ရက်စားသူ အလှူဒါယကာ မောင်ရိပ် တရားနာဖိတ်ပါသည်။ စိတ်စေတနာ ရှေ့ထား၍ သားရှင်ပြုမင်္ဂလာသို့ တရားနာကြွတော်မူပါဗျား' တဲ့။ ကြားတဲ့လူတိုင်း စိတ်ညစ်ရတာပေါ့။

စကားဝိုင်းမှာ ရယ်မောသံများ ညံစာသွားတယ်။ ဦးသောင်း မြတ်က အတူပါတဲ့ သူငယ်ချင်းဘက်ကိုလှည့်ပြီး . . .

' မင်္ဂလာဖိတ်စာကလဲ အဲဒီလိုပါပဲကွာ၊ ခြေသုံးဦးမှတ်တိုင်နဲ့ အရှေ့ဘက်ကို သွားမှတော့ အခမ်းအနားဟာ ပြေးမလွတ်ပါဘူး။ တိကျဖို့မလိုတဲ့ နေရာလာပြီး သုံးရာ့တစ်ပေနှင့် ကိုးလက်မတို့ ဘာတို့လာလုပ်နေ'

ရယ်လက်စအသံများထပ်ဆင့်ကျယ်လောင်လာပြန်လေရဲ့။

★ ★ ★

## ဆုံပလေ ဘုံမွေ

သူ့အိမ်နီးနားချင်း မောင်ကျော်အေးတစ်ယောက် ဒါလောက်စိတ်ဆိုးတာကို ဦးသောင်းမြတ်တစ်ခါမှမကြားဖူးဘူး။ သူ့မိန်းမကို ရိုက်တော့ မရိုက်ဘူး။ ပြောလိုက်ဆိုလိုက်တာ ရစရာ





မရှိဘူး။ဦးသောင်းမြတ်က အေးအေးဆေးဆေးပဲနားထောင်နေပြီး မောင်ကျော်အေးဒေါသငြိမ်ချိန်ကျမှ ကူးသွားပြီး အကျိုးအကြောင်း စုံစမ်းတယ်။

'ပြောလဲ မပြောချင်ပါဘူး ဦးလေးရာ၊ မီးအိမ်ကလေး တစ်လုံးပဲရှိတာ လာငှားသတဲ့။ ဟဲ့ တို့မှာ ညကျ ဘာထွန်းမလဲ မမေးဘူး၊ အားနာလို့ ငှားလိုက်သတဲ့။ ပြန်ပို့တော့ မှန်ပြောင်းထိပ်ပဲ့ လာတယ်။ မင်းမမြင်ဘူးလား မေးတော့ မြင်ပါတယ် ၊ပြောရမှာ အလျှော်တောင်းရမှာ အားနာလို့တဲ့ ဦးလေးရယ်၊ကောင်းသေးလား'

အဲဒီအခါမှာ ဦးသောင်းမြတ်က ပြုံးလိုက်ပြီး . . .

' ဒီလိုလူမျိုးတွေကတော့ မင်းမိန်းမသာ မဟုတ်ပါဘူး။ အတော်များများရှိကြပါတယ်ကွာ၊ တစ်ခါက ဒေါနဘွားဘက်မှာ ထင်ပါတယ်။ ယောကျ်ားတစ်ယောက်ပေါ့ အထည်ဆိုင်တစ်ဆိုင် ကို ဝင်ပြီး ပုဆိုးကြည့်တာပေါ့လေ၊ ကြိုက်တဲ့အထည်တွေ့တာနဲ့ ဈေးမေးတဲ့အခါမှာ . . .

'မောင်ကြီးထင်သလောက် ပေးပါရှင်၊ ရောင်းနိုင်ရင် ရောင်းပါမယ်' တဲ့။

အထည်ဝယ်ချင်တဲ့လူက နောက်တွန့်သွားပြီး . . .

' သည်းခံပါ ကျုပ်နှမ သည်းခံပါ။ ကျုပ်က အားနာတတ် ပါတယ်။ ဘယ်လောက် အားနာသလဲဆိုရင် ငွေနှစ်သောင်းဆုံးပြီး လူလုံးချည်းကျန်အောင် အားနာတတ်ပါတယ်၊ အဲဒါကြောင့် သည်း ခံပါ'

အဲ အထည်သည်က`အားကျမခံ ပြန်ပြောတာက . . .



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး မောင်ကြီးရယ်၊ မောင်ကြီးမှာအားနာတဲ့အတွက် ငွေပဲဆုံးတာပါ။ ကျွန်မမှာဖြင့် လူတစ်ဖက်သားကို အားနာမိတဲ့အတွက် ကျွန်မကလေးငါးယောက်လုံးမှာ အဖေခေါ်စရာမရှိ ပါဘူးရှင်' တဲ့။

'ဈေးထဲက ကြားရတဲ့လူတိုင်း တအုန်းအုန်းရယ်မောကြတာပေါ့ကွာ၊ အားဆိုတာ နာသင့်မှ နာရပေမယ့် လောကမှာ အား မနာတတ်တဲ့လူတွေကတော့ အများကြီးပေါ့ကွယ်။ အဲဒါကြောင့် တိုးတိုးသက်သာ ဆုံးမပါကွယ်'

ဦးသောင်းမြတ်ရဲ့ စကားအဆုံးမှာ မောင်ကျော်အေးတို့လင်မယားကနေနဲ့ တဟားဟားရယ်မောရာက ပြန်လည်သင့်မြတ်သွားကြ[illegible]ပရဲ့။

* * *

## တစ်မျိုးပြီးတစ်မျိုး

တစ်ခုသော ဝါတွင်းကာလမှာ ဦးသောင်းမြတ်အိမ်ကို တောင်သမန်ဘက်က မိတ်ဆွေလင်မယား အလည်အပတ်လာကြတယ်။ မာကြောင်း သာကြောင်း သားရေး သမီးရေးနဲ့ စီးပွားရေးကိစ္စတွေ မေးမြန်းအပြီးမှာ လူကြီးပီပီ ဆုံးမစကားဆိုတယ်။

'အိမ်ထောင်သည်တို့ရဲ့ လိုအပ်ချက်ကိစ္စဆိုတာကတော့ ဘယ်တော့မှ ပြည့်စုံတယ်မရှိဘူး။ လိုအပ်ချက်အလိုဆန္ဒ လောဘရဲ့နောက်ကို လိုက်ရင်းလိုက်ရင်းနဲ့ သေ[illegible]ပါတဲ့ နောက်ကိုပါသွားကြရတာပဲ။ အဲဒါကြောင့် အချိန်ရှိခိုက်မှာတတ်နိုင်သလောက်





ဒါနပြုကြတယ်။ မအားတဲ့ကြားကပဲ ကြိုးစားပြီး သီလဆောက်တည် ဘာဝနာပွားများကြ၊ ကဲ . . . အခုဝါတွင်းမှာ ဥပုသ်သီတင်းစောင့်သုံးတဲ့ အကြိမ်ပေါင်း ဘယ်လောက်ရှိကြလဲ'

မိတ်ဆွေလင်မယားအနေနဲ့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေရာက မိန်းကလေးကပဲ ဖြေပါတယ်။

'ဦးလေးရယ် တစ်နေ့တစ်နေ့ချက်ရေး၊ ပြုတ်ရေး၊ စားရေး သောက်ရေး၊ သားရေး သမီးရေးနဲ့ပဲ အချိန်ကုန်တာရှေ့သီတင်းတော့ ဥပုသ်စောင့်မယ်နဲ့ စောင့်ကိုမှစောင့်ဖြစ်ဘူး'

'အေးပေါ့လေ ငပျင်း ထမင်းချက်သလိုပေါ့'

'အဲဒီငပျင်းဟာတစ်နေ့ကျတော့ ရွာတစ်ရွာမှာ အများသူငါ အလှူမဏ္ဍပ် ဆောက်တဲ့နေရာကို ရောက်သွားတယ်။ ရောက်သွားပေမယ့် သူတစ်ပါးလုပ်ရာမှာ ဝင်ရောက်ကူညီတာမဟုတ်ဘူး'

'ဩော် . . . ဝမ်းထဲကဟာ၊ ထမင်းက ဆာတော့ ဘာမှမလုပ်နိုင်ဘူး' လို့ပြောပြီး တစ်ချောင်မှာ ဝင်ခွေနေသတဲ့' အလှူရှင်က သူညည်းတွားတဲ့ အသံကိုကြားတော့ . . .

'အင်း . . . ဟုတ်မှာပဲ၊ ဝမ်းထဲမှာ အစာရှိရင်တော့ ဒီကောင်ထပြီးလုပ်မှာပဲ'

ဒီလိုတွေးပြီး ထမင်းဟင်းကျွေးသတဲ့၊ ငပျင်းလဲ ကပျာကယာထ၊ အား[illegible]ပြီးမှာ . . .

'ဩော် . . ထမင်းစားပြီး ပြန်တော့လဲ ဗိုက်လေးလို့ မလုပ်နိုင်ပြန်ပါ[illegible]' လို့ ပြောပြီး ချောင်ထဲဝင်ခွေအိပ်ဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကြောင့် မင်းတို့လင်မယားမှာ ကလေးတွေ ငယ်တော့လဲ ငယ်လို့ ကြီးတော့လဲ ကြီးလို့ ကလေးတွေ အိမ်ထောင်ကျသွားပြန်တော့ မြေးကို စိတ်မချရတာနဲ့ ပျော်လိုဖြစ်တော့မှာပဲ'

ပျော်အကြောင်းပြောလို့ ပြီးစကစပြီး ရယ်တဲ့လင်မယားအနေနဲ့ ဦးသောင်းမြတ်စကားဆုံးတော့မှပဲ အရယ်ရပ်ပါကလား။

***

## တွေးမှတွေးတတ်ပလေ

အာဇာနည်ဗိမာန်ရဲ့ ကျောဘက်မှာ နေတဲ့ ကိုစိန်ယုလဲ ကိုဖုံးတို့ဦးသောင်းမြတ်တို့လို ဗဟုသုတများတဲ့လူတစ်ယောက်ပဲ။ ပြောသမျှ စကားတွေအနေနဲ့ ဥပမာ ဥပမေယျနဲ့ မကင်းဘူး။

တစ်နေ့မှာ အာဇာနည်ဗိမာန်ရှေ့က လမ်းဘေးမှာ အရပ်ထဲက လူငယ်ကလေးတွေ အငြင်းအခုံဖြစ်ကြတယ်။ အငြင်းအခုံဖြစ်ရတဲ့ အကြောင်းကတော့ ဦးပိန်ဘုံတားမှာ ငါးကြီးပေါ်နေတယ်လို့ တစ်ယောက်က ပြော တာကိုယုံကြည်ပြီး သွားကြည့်မိကဲ့ လူငယ်က 'ဒရာမငါးကြီး' ထင်ပြီး သွားကြည့်မိတယ်၊ ဘာမှမတွေ့ခဲ့ဘဲ ပြန်လာခဲ့ပြီး ပြောသူ သူငယ်ချင်းကို [illegible]လို့စွပ်စွဲတယ်။

အစွပ်စွဲခံရသူက ...





'ငါက ဒီအချိန်ဟာ ရေနည်းပြီး ဒါကြောင့် ငါးတွေရေ ထဲက ပေါ်လာမယ်၊ ငါးသေး ငါးလတ်တွေထဲမှာ ငါးကြီးကလဲပါမယ်ဆိုတာတွေးပြီး ငါးကြီးပေါ်လောက်ပြီလို့ ပြောတာပါ'

အဲဒီလိုပြောနေဆဲမှာ ကိုစိန်ယုရောက်လာတော့ တဟားဟားရယ်တာပေါ့၊ ရယ်ပြီးတော့မှ မြန်မာအတွေး ရှမ်းအပြေးဆိုတာ အဲဒါပေါ့ကွ' လို့ပြောသတဲ့။

'ဘယ်လို မြန်မာအတွေး၊ ဘယ်လိုရှမ်းအပြေးလဲ အစ်ကိုကြီး'

စမိတော့လဲ ကိုစိန်ယုထွက်သွားလို့မရပါ၊ ပြောရတော့တာပေါ့။

'တစ်ခါတုန်းက မြန်မာတစ်ယောက်ဟာ အိုက်ထဲမှာ ဆန်တွေထည့်ပြီးပခုံးပေါ် မှာထမ်း၊ တောလမ်းအတိုင်းသွားသတဲ့ဆိုတာက အစချီပြီးပြောတာပေါ့လေ'

အဲဒီမြန်မာရဲ့ နောက်က မလှမ်းမကမ်းမှာလဲ ခရီးတစ်ခုတည်းကို ဦးတည်ပြီး သွားတဲ့ ရှမ်းတစ်ယောက်ပါလာတယ်။ ရှမ်းကကူညီတတ်တဲ့ ပရဟိတစိတ်ရှိသူဖြစ်တယ်။ အဲဒါကြောင့် ရှေ့ကသွားတဲ့မြန်မာရဲ့ ဆန်အိတ်အပေါ်ကနေ ဆန်စေ့တွေထွက်ကျတာကို မြင်ပြီး '[illegible] ဆန်အိတ်ပေါက်တယ်လို့' အော်တယ်၊

ရှမ်းက [illegible]ကောင်းနဲ့အော်တော့မှ မြန်မာလဲ တရကြမ်းပြေးတယ်။ မြန်မာပြေးတာလဲမြင်တော့ အန္တရာယ်တစ်ခုခု[illegible]လို့သာ ဆန်အိတ်ကိုမြှမ်းမထေးဘဲ ပြေးတယ်အ[illegible]ရှင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြေးဟယ်။ ပြေးရင်လဲ ဆန်အိတ်ပေါက်နေတဲ့အကြောင်း ထပ်ကာ တလဲလဲ အော်သေးသတဲ့။

နောက်ဆုံးအမောဆို့ပြီး မြန်မာမပြေးနိုင်တော့မှ ရှမ်းက မီလာတယ်။

'ဘာအန္တရာယ်မြင်လို့ ပြေးတာလဲ၊ ကျုပ်မှာ အော်ရင်း ပြေးရတော့ ပိုပြီး မောတာပေါ့မိတ်ဆွေ'

'ဆင်အီးပေါက်တယ်ဆိုရင် ဆင်ဟာ တို့နဲ့နီးနီးကလေး မို့သာ ဆင်အီးပေါက်တဲ့ အသံကြားရတာပဲ တွေးပြီး ပြေးတာပေါ့ဗျာ'

'ဆင်အီးပေါက်တယ်လို့ မင်းကိုဘယ်သူပြောလဲ'

'ခင်ဗျားပဲ တစ်လျှောက်လုံးအော်လာတာပဲ'

ဒီအခါမှာ ရှမ်းခမျာ အားရပါးရပက်လက်လန်မတတ် ရယ်မိတယ်။ သူပြောတာက ဆန်အိတ်ပေါက်တယ်၊ မြန်မာ ကြားတာက ဆင်အီးပေါက်တယ်။ နားကြားလွဲလို့ ဒီလိုဖြစ်ရတာ ပါကလား ဆိုပြီး အားရပါးရ ရယ်တာပေါ့။

'ဟုတ်ပြီလား၊ မင်းတို့လဲ ငါးကြီးတွေ ပေါ်လောက်ပြီ ပြောတာကို ငါးကြီးတွေ ပေါ်တယ်ကြားပြီး ပြေးတာမဟုတ်လား၊ တော်သေးတာပေါ့ကွာ၊ ဆန်အိတ်မပေါက်လို့'

နားကြားလွဲလေ့ လွဲထရှိပုံ၊ အဲဒီအပေါ်မှာ အမိပွါယ် ကောက်ရင် အမိပွါယ်ပါ လွဲချော်တတ်ပုံကို လူငယ်တွေ သဘော ပေါက်သွားတယ်။ ရယ်ရယ်မောမောပေါ့လေ။

❖ ❖ ❖





## ထိန်းပါ ထိန်းပါ

ကိုစိန်ယျကတော့ လူငယ်တွေနဲ့ အဆုံများတဲ့အတွက် လူငယ်တွေကိုပဲ သူ့ရဲ့ ဗဟုသုတတွေ ဖြန့်ဖြူးလေ့ရှိတယ်။ တစ်ခါမှာ တော့ ရန်မျိုးလုံဘက်က လူငယ်တစ်ယောက်ကို အကြောင်းပြုပြီး သူ့အိမ်နားက လူငယ်တစ်စု မကျေမနပ်ဖြစ် ကြတယ်။ ဘယ်လိုတုန့် ပြန်မယ်၊ ဘယ်လိုလုပ်မယ်နဲ့ ဖြစ်နေကြ တဲ့အတွက် စဉ်းစားကြပါ ကွာလို့ တောင်းပန်တယ်။

'တို့ယဉ်ကျေးမှုမှာ လက်စားချေတယ်ဆိုတာ မကောင်း ဘူးလို့ပဲမြင်ကြတယ်။ အေး လက်စားချေပုံမဟန်ရင်လဲ ကိုသာဝ လိုပဲ ခံရတတ်တယ်'

ကိုသာဝက တောင်သမန် ဒီဘက်ကမ်းမှာနေပြီး ကိုသာ အောင်က ဟိုဘက်ကမ်းမှာနေတယ်။ တစ်နေ့မှာတော့ ကိုသာဝဟာ ကိုသာအောင်တို့ရွာကို မြင်းနဲ့သွားတယ်။ မြင်းကို သစ်ပင်မှာချည် ပြီး စကားစမြည်ပြောနေတုန်း ကိုသာအောင်က ကိစ္စကလေးရှိလို့ ဆိုပြီး မြင်းကိုခဏငှားသွားတယ်။

ခဏဆိုပြီး မြင်းကို ငှားသွားပေမယ့် ကိုသာအောင်ပြန် လာတော့ နေစောင်းနေပြီ ၊ မြင်းလဲ ချွေးဒီးဒီးကျပြီး မောဟိုက် နေတယ်။ ကိုသာဝမကျေနပ်ဘူး။ အကျောကြီးနဲ့ ငါ့မြင်းကို စီးပြီးကျောတဲ့ကောင်၊ အလှည့်ကြုံမှာပေါ့လို့ တေးထားတယ်။

အဲ. . . မိုးလယ်လောက်ကျတော့ ကိုသာဝ ရွာကိုကိုသာ အောင်လဲ လှေတစ်စင်းနဲ့ ရောက်သွားရော၊ ကိုသာဝလဲ ငါ့အပေါ် ကျောတဲ့ကောင်၊ ပြန်ပြီးကျောမကွဆိုတဲ့ စိတ်ကူးနဲ့ ကိုသာအောင်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ လှေကို ယူပြီး လှော်တာပေါ့။ ဒါပေမယ့် လှေကမမောဘူး။ ကိုသာ၀ပဲမောသတဲ့။

'အထူးသဖြင့် လင်က မယားငယ်နေရပါ့မလားဆိုပြီး မယားက အားကျမခံတုံ့ပြန်ပြီး လင်ငယ်နေရင်လဲ ကိုသာ၀ ကိုသာအောင်ပုံပြင်နဲ့ ခိုင်းနှိုင်းလေ့ရှိကြတယ်။ အဲဒါကြောင့် အာဃာတ နဲ့တုံ့ပြန်တာ လက်စားချေတာ မကောင်းပါဘူးကွာ'

နောက်ပိုင်းဘယ်လိုဖြစ်မယ်ဆိုတာ မသိပေမယ့် အခုလတ်တလောမှာတော့ လူငယ်တွေသဘောကျသွားကြတယ်။

***

## ဒါပေမယ့်ပေါ့လေ

ကိုစိန်ယျက လူသာငယ်ပေမယ့် ရပ်ထဲရွာထဲမှာတော့ ပြောရေးဆိုခွင့်ရှိသူတစ်ယောက်ဖြစ်နေပါတယ်။ သူက လူငယ်က လေးတွေနဲ့ အထိအတွေ့များတဲ့အတွက်ပါပဲ။ ဒါပေမယ့် တစ်ခါက တော့ သူနဲ့ရင်းနှီးတဲ့ လူငယ်လင်မယား မသင့်မတင့်ဖြစ်ကြတဲ့အတွက် အိမ်ခေါ်ပြီးသူ့ကိုတိုင်တန်းတယ်။

အတိုင်ခံရတဲ့ ကိုစိန်ယျကတော့ ပြဿနာရဲ့ အရင်းအမြစ်ကို သိပါတယ်။ ဘာမှ မဟုတ်တာက စပြီး ကြီးကျယ်လာ ဟာမဟုတ်လား။ ဒီအခါ စီးပွားရေးမပြေလည်လို့၊ ဘယ်မှာ စီးပွားရေးပြေလည်ပါ့မလဲ၊ ပညာမစုံခင်မှာ လင်ယူမယားယူ အိမ်ထောင်ပြု ကြတာကိုး။





သို့သော်လဲ ကိုစိန်ယျကတော့ ဖျောင်းဖျဖျန်ဖြေပါတယ်။ သူ ဖျန်ဖြေနေဆဲမှာပဲ လင်မယားထဲသတ်ရုံမက တွေ့ရာနဲ့ ကောက် ပေါက်ကြတဲ့အတွက် ကံကောင်းလို့ ခေါင်းမပေါက်ဘဲ ထွက်ပြေးခဲ့ရတယ်။

တစ်လလောက်အကြာမှာ အဲ့ဒီလင်မယားပြဿနာဖြစ်ကြတယ်။ မိန်းကလေးက အဖော်မိန်းကလေးသုံးယောက်ခေါ်လာပြီး 'အစ်ကိုကြီး လာပါဦး' လို့ ခေါ်ပြန်တယ်။

'တော်ပါပြီကွာ၊ ဒူးနာဘေးကို ကြောက်သွားပါပြီ။ အေးလေ. . . ကာတွန်းလောက်ပဲ ဖတ်ဖူးတဲ့ မင်းတို့အတွက်တော့ ပြောဦး မှပေါ့ ဒီလိုကွ တစ်ခါတုန်းက ရွာတစ်ရွာမှာ လယ်သမား တစ်ယောက် ရှိသတဲ့'

ဒါကို အစချီပြီးကိုစိန်ယျဆက်ပြောတာကဒီလိုလေ ...

လယ်သမားဟာ ရိုးသားအေးဆေးသလောက် မယားက လည်တယ်၊ ကလေးတစ်ယောက် ရနေပေမယ့် ဆော့တယ်လေ။ ရွာဦးကျောင်းနဲ့ သိပ်မဝေးတဲ့အတွက် ယုတ်မာတဲ့ကပ္ပိယနဲ့ မိန်းမတို့ တွေ့ကြတော့တာပေါ့။

မကောင်းမှုတို့ရဲ့ ထုံးစံက ဘယ်လောက်ပဲကြိုးစားဖုံးပေမယ့် ပေါ်စမြဲကလား။ အဲဒါကြောင့် အိမ်နီးနားချင်းတွေက လယ်သမားကို သတိပေးကြပေမယ့် လယ်သမားက မယုံဘူး။ မိန်းမကတော့ သူ့ယောကျ်ားထွက်သွားပြီဆိုရင် ကပ္ပိယကြီး သိအောင် အချက်ပေး တဲ့အနေနဲ့ . . . .

'အို . . အို. . အို အိပ်ပါတော့လား၊ မင့်အဖေလယ်ထွန်သွား အိပ်ပါတော့လား'



www.burmeseclassic.com

www.burmeseclassic.com



ကလေးသိပ်သလိုလို သီချင်းဆိုသလိုလို လုပ်တယ်၊ အဲ့ဒီ အသံကြားရင် ကပ္ပိယက လာတော့တာပဲ။ လယ်သမားလဲ အိမ်နီး ချင်းတွေက ပြောဖန်များလာတော့ တစ်နေ့နံနက်မှာ လယ်ထွန် သွားဟန်ဆောင်ပြီး ထွက်သွားတယ်။ သူ့မိန်းမသီချင်းဆိုပြီး မကြာ ခင်မှာ ဆေးတံမေ့သလိုလို၊ မီးခြစ်မေ့သလိုလိုနဲ့ ပြန်လာတယ်။

မျောက်မွေးတဲ့ မိန်းမလဲ အကျင့်မကောင်းပေမယ့် ဖြတ် ထိုးဉာဏ်က တကယ်ကောင်းတာပဲ။ မိန်းမရေ. . . ငါ့ဆေးတံ ဘယ်မှာ လဲလို့ မေးသံကြားရော ကပ္ပိယကို အိုးကြီးတစ်လုံးထဲမှာ ထည့်ထား တယ်။ အိုးက ကပ္ပိယကြီးရဲ့ ကိုယ်ကို ဆံ့နေပေမယ့် ခေါင်းကတော့ အိုးပေါ်မှာ နည်းနည်းထွက်နေတဲ့အတွက် ဆန်ကောဖင် ပေါက်တစ်ချပ်နဲ့ ဖုံးထားလိုက်တာပေါ့။

လယ်သမားလဲ အခန်းထဲဝင်လာတယ်။ အိုးပေါ်က ဆန် ကောပေါက်ကိုမြင်တော့ အခန်းကမှောင်မှောင်ထင်ပါရဲ့၊ မသဲမကွဲ နဲ့ ဘာကြီးလဲမေးတယ်။ မျောက်မထားမက ဘယ်နေ့က ဘယ်သူ ခဏလာအပ်သွားတဲ့ မောင်းပါလို့ လိမ်ပြောတော့ . . .

'အေးဟ. . . ဟန်ကျလိုက်တာ၊ တီးကြည့်ဦးမှပဲ'

အနားမှာရှိတဲ့ တုတ်နဲ့ မောင်းဘုကိုခေါက်တယ်။ အမှန်က ကပ္ပိယရဲ့ ခေါင်းကိုခေါက်တာ၊ ကပ္ပိယလဲငြိမ်နေရင် မောင်းမဟုတ် မှန်းသိသွားရင် အသတ်ခံရမှာစိုးတဲ့အတွက် 'ဒူ' လို့မြည်တယ်။ ဒါပေမယ့် လွတ်လွတ်ကျွတ်ကျွတ် ချိတ်ဆွဲထားတဲ့ မောင်းမဟုတ်ဘဲ အိုးနှုတ်ခမ်းနဲ့ထိနေတဲ့အတွက် သဘာဝကျအောင် 'ဒူနာနာ-





ဒူနာနာ'လို့ တုန်ခါခါရင် ဟစ်ခါမြည်ရှာတယ်။

မိန်းကလေးများမှာ သဘာဝကျလွန်းတဲ့အတွက် မျက်ရည် ထွက်မတတ် ရယ်ကြတယ်။ ဒါပေမယ့် ကိုစိန်ယုမှာ ပြောတာက မပြီးသေးဘူးလေ။ ဆက်ပြောပုံက . . .

'လယ်သမားလဲ လယ်တောကို ပြန်သွားရော၊ ကပ္ပိယက အိမ့်ခန်းထဲက ထွက်ပြေးတော့တာပဲ။ ခေါင်းမှာလဲ အဖုကြီးနဲ့ပေါ့။ လယ်သမားမယားကတော့ လင်ကြီးနဲ့ ပက်ပင်းတိုးပေမယ့် မကြောက်တဲ့အတွက် နောက်တစ်နေ့နံနက်မှာ လင်လဲ လယ်ထဲ ထွက်သွားရော . . .

' အို . . အို. . အို အိပ်ပါတော့လေး၊ မင့်အဖေလယ်ထွန် သွားအိပ်ပါတော့လား'

သီချင်းဆိုပြီး အချက်ပေးတယ်။ ဘယ်တုန်းကမှ ကျောင်း သားတွေထဲ စာမအံဖူးတဲ့ ကပ္ပိယအနေနဲ့ ကနေ့မှ ထူးထူးခြားခြား အော်ပြီး စာအံတယ်။ တကယ်တော့ မျောက်မထားမ ကြားအောင် အချက်ပေးတာ။

ဘယ်လိုအချက်ပေးသလိုဆိုတော့ . . .

'သမန္တာ'

ပရိတ်ကြီးပဲ ရွတ်အံနေသလိုလို ပေါ့လေ။ ပြီးမှ ဆက်ဆို ဆက်အံ့တဲ့ အထဲမှာ ဝါးတာလဲပါ၊ ပီသတာလဲ ပါတာပေါ့။ သူ့အသံကို စပ်ထုတ်လိုက်ရင် . . .

' သမန္တာ၊ လာချင်ပါရဲ့လေး၊ မနေ့တုန်းက ဒူနာကြောင့် ကြောက်လှချည့်လေး'



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ လူသူလေးပါးမရိပ်မိအောင် လျှောက်ဆိုတာတွေလဲ ရှိမှာပေါ့လေလို့ အဆုံးသတ်ပြီးမှ ကိုဇေယျက နိဂုံးချုပ်တယ်။

'အဲဒါကြောင့် ဖိုးတစ်ခါ မင်းတို့ လင်မယားငါ့ကို ငုတ်တုတ်ထားပြီး သတ်ကြ၊ ပုတ်ကြ၊ ပစ်ကြ၊ ခတ်ကြတုန်းက ငါ အရှောင်ကောင်းလို့ မကျိကွမ်းမစားတာ၊ အခုမှလာပြီး ခေါ်ပြန်ပြီလား၊ ဆောရီးပဲဟဲ့၊ မနေ့တုန်းက ဒုနာတေးကို ကြောက်တယ်ဟေ့'

လာရင်းကိစ္စ အထမမြောက်ပေမယ့် အမျိုးသမီးတစ်စုအနေနဲ့ တခွိခွိရယ်မောသံပေးပြီး မနည်းဟန်ဆောင်ထွက်ခွာသွားကြတော့တယ်။

* * *

## ဒီလိုတော့ . . . ဟုတ်သား

လူတွေက အတော်ခက်တယ်။

ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ချစ်ခင်စုံမက်လို့ တစ်အိုးတစ်အိမ်ထူထောင်ပြီး လင်ရယ်မယားရယ် ပေါင်းသင်းနေထိုင်ကြတာ နေပါစေလား။ အခုတော့မဟုတ်ပါဘူး။ သူက မယားကြောက်ကွ ဆိုပြီး ယောက်ျားချင်းနှိမ်လိုနှိမ်၊ သူကတော့ လင်ကို ကြောက်လိုက်ရတာ ပြားနေတာပဲဆိုပြီး မိန်းမချင်းသရော်လို့သရော်။

အဲဒီလို အလုပ်မရှိ အလုပ်ရှာ၊ စကားမရှိ စကားရှာတဲ့ လူတွေထဲမှာ ကိုသာပေါ်ရဲ့ သူငယ်ချင်းတွေလဲ ပါတယ်။





သာပေါ်တို့မယားကို ကြောက်ပုံများ 'ဟဲ့ သာပေါ် ငါးခြောက်ဟဲ့လို့ ဟိုကဆိုလိုက်ရုံရှိသေး၊ သူက 'ဖုတ်ပြီး ဆီဆမ်းပြီးပြီ' စသည်ဖြင့် သိက္ခာမကျကျအောင် အရှက်မရရအောင် စကြပြောင်ကြ နောက်ကြတယ်။

အပြောခံရ အပြောင်ခံရဖန်များတော့ ကိုသာပေါ် လှုပ်လာတယ်။

'မင်းတို့က ငါ့ကို မယားကြောက်လို့ ထင်နေသလား၊ မယားကို ဘယ်လောက်နိုင်တယ်ဆိုတာ မျက်ဝါးထင်ထင်မြင်ချင်တဲ့သူ ငါနဲ့လိုက်ခဲ့'

နောက်ပြောင်တဲ့ လူတွေအနေနဲ့ ကနေ့မှာတော့ ပွဲကြီးပွဲကောင်းတွေ့ရတော့မှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ လိုက်သွားကြတယ်။ ကိုသာပေါ်အိမ်ပေါ် တက်သွားတယ်။ သူတို့က အိမ်ရှေ့ဘူးစင်အောက်မှာ ထိုင်ကျန်ခဲ့ကြတယ်။

ကိုသာပေါ်ရဲ့ မယားက ကိုသာပေါ်အတွက် ထမင်းဟင်းခူးခပ်ပြီး ကျွေးတဲ့အခါ ကိုသာပေါ်က အိမ်ရှေ့က လူတွေကြားအောင် . . .

'ဟဲ့ ကောင်မ၊ နင့်ဟင်းက ဆားငန်လှချည်လား၊ အခုထက်ထိ ဟင်းမချက်တဲ့ကောင်က ဖိနပ်နဲ့ရိုက်ဦးမှာပဲ' လို့ အော်တယ်။ ကိုသာပေါ်မယားက . . .

' ဆားငန်လို့ မစားချင်ရင်နေပေါ့၊ နင်က ငါ့ကို ဖိနပ်နဲ့ရိုက်နဲ့ မပြောနဲ့၊ ဘယ်တုန်းက နင်ငါ့ကို ခေါက်ဖူးသလဲ၊ ဘယ်မအေ့ လင် အားကိုးပြီး ပြောတာလဲ'

ဆဲလိုက် ဆိုလိုက်တာ စုံနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ ငေါက်ငမ်းကာ ငြိမ်ခံမလားလို့ ငေါက်ပေမယ့် ငြိမ်မခံရုံမက ဆက်ပြီးဆဲနေတော့ ရှက်ရှက်နဲ့ အမျက်ဖြေစကားကို မယားကြားရုံ ပြောတာကတော့. . .

'အလကားပါအေ စတာပါ၊ ဆားငန်ပေမယ့် ထမင်းနဲ့ စားတော့လဲ အနေတော်ပါပဲကွာ'

'အဲဒါကြောင့် သူ့လင်နဲ့သူ့မယား ဘယ်သူက နိုင်နိုင်၊ ဘယ်သူကကြောက်ကြောက် သူတို့ချင်း ကျေနပ်ရင် ပြီးတာပဲ၊ ဝင်ဝင်ပြီး မထောင်ကြပါနဲ့ကွာ'

အိမ်ထောင်ရှင် သူငယ်ချင်းတွေအပေါ် ဟိုလိုစ၊ ဒီလိုစနေကြသော လူငယ်ကလေးတွေမှာ ကိုစိန်ယျ ဝင်ပြောတော့မှ တဝါးဝါး ရယ်မောပြီး ငြိမ်သက်သွားကြလေရဲ့။

※ ※ ※

## ပေါ်လာနိုး မျှော်ကိုး

ညောင်ပင်ဈေးက ဦးသာအေးကိုလဲ လူသိများတယ်။ သူက ကုန်စိမ်းပွဲစားဆိုတော့ သူစကားပြောရင် လူကြီးတွေသာ မဟုတ်ဘူး၊ လူငယ်တွေပါ ဝိုင်းနေတယ်။ တစ်ခါ တလေကျတော့ သူ့ကို အုံနေတာက အမျိုးသမီးချည်းပဲ။

တစ်နေ့ကျတော့ သူ့ဆိုင်နဲ့မျက်နှာချင်းဆိုင်က ငှက်ပျောသီးသည်ကိုလည်းလှမ်းစ တယ်။ ဟိုက အပျိုကြီးပေမယ့် အာမကြမ်းဘူး။

'ခင်ဗျားလဲ ကြိုက်တဲ့လူ လာနိုး မျှော်ကိုးရင်း အပျိုကြီးဖြစ်ရတာပါကလား'





'ပေါ်လာနိုး မဟုတ်ပါဘူးရှင်။ ညီမ အိမ်ထောင်သည်၊ အစ်မ အိမ်ထောင်သည်တွေကို ကြည့်ပြီး စိတ်ကုန်လို့ အိမ်ထောင် မပြုတာပါ'

တစ်ဖက်သားက အေးဆေးစွာ ရှင်းပြပေမယ့် ဦးသာအေး စ,မြဲ စ,တယ်။

'အခု တမျှော်မျှော်နဲ့ ဘယ်သူ့ကို မျှော်နေပြန်တာလဲ။ အင်းလေ. . . မျှော်တယ်ဆိုတာ အပျိုကြီး အလုပ်ပဲ၊ အဲ ကြည့်လဲမျှော်နော်၊ ခွေးကိုက်ခံရတတ်တယ်. . .

'ကြဲကြဲဖန်ဖန်ရှင်၊ ဦးသာအေးကလဲ'

ဦးသာအေးက တဟဲဟဲ ရယ်မောရာက. . .

'တကယ်ဗျ၊ မဟုတ်တာတွေ လီဆယ်ပြီး ပြောနေတာ မဟုတ်ဘူး၊ ရွှေဘိုနားကရွာတစ်ရွာမှာ အပျိုကြီးတစ်ယောက်ရှိသတဲ့၊ သို့သော်လဲ သူကခင်ဗျားထက် စွံတယ်ဗျ၊ ဘာကြောင့်လဲဆိုတော့ သူ့မှာ အချိန်အချက်ထားရမယ့်လူ ရှိနေပြီ'

'တစ်ညကျတော့ သူ့လူက လာချိန်တန်လို့ မလာဘူး၊ အပျိုကြီးလဲ အိပ်ရာမဝင်နိုင်သေးဘဲ အိမ်ပြင်ထွက်ပြီး ဗိုင်းငင်နေတာကိုး။ တောင်တွေးမြောက်တွေးနဲ့ လှမ်းလှမ်းပြီး ငေးမျှော်နေဆဲမှာ ခွေးနက်ကြီးတစ်ကောင် သူ့ဘေး ရောက်လာပြီး နှုတ်သီးနဲ့တို့တော့ သူလူရောက်လာတယ်ထင်ပြီး. . .

'ကိုကို မျှော်ရတာကြာလှပြီ၊ ကွမ်းတွေဘာတွေ ယာပြီး သူ့ခမျာစောင့်နေရှာလိမ့်မယ်လို့တောင် ကိုယ်ချင်းမစာ ရှာသလား၊ မျှော်ရသူ သိပ်ကျပ်တာပဲ သိလား'



www.burmeseclassic.com

www.burmeseclassic.com



'ခပ်ချွဲချွဲပြောရာက 'ရှော့ကွမ်းယာ'ဆိုတဲ့ စကားနဲ့အတူ ကွမ်းယာကို လှမ်းအပေးမှာ ခွေးရဲ့နှာခေါင်းကို သွားရိုက်မိတယ်။ ခွေးလဲ နာလွန်းတော့ လက်ကိုဖမ်းပြီး ယောင်ယမ်းကိုက်မိပါ လေရောဗျို့။

အပျိုကြီးကတော့ ခုနကစကားလိုပဲ 'ဦးသာအေးနှယ် ကြံကြံဖန်ဖန်ရှင်၊ ရှင်မို့ ပြောတတ်တယ်' လို့ ရေရွတ်ပြီး ရယ်မောနေလေရဲ့။

❊ ❊ ❊

## ပုံသာစကာမှာ

'ကောင်းလိုက်တဲ့ ပဲလင်းမြွေသီးတွေ၊ မြွေစိမ်းလားမှတ်ရ'

သူ့ဆိုင်ရှေ့လာရပ်ပြီး စာစောကမှ ပုံထားတဲ့ ပဲလင်းမြွေသီးတွေကို ခိုးကျုံးသံကြားတော့ ဦးသာအေး တင်းသွားတယ်။ တင်းရင်းနဲ့ မော့ကြည့်တဲ့အခါမှာ သူ့အတွက် အသုံးဝင်တဲ့ ပွဲစားကလေး ဖြစ်နေတဲ့အတွက်. . .

'စကားပြောတာ ကြည့်ပြောကွ'

ပွဲစားကလေးက ရယ်ရယ်မောမောနဲ့ အနားလာထိုင်ပြီး. . . ကြည့်ပြီးအကောင်းပြောတာပါဗျာ၊ ပဲလင်းမြွေသီးမို့ မြွေစိမ်းတွေ လိုပဲလို့ တင်စားပြောတာဟာ ရှမ်းရှမ်း ဖပ်ဖပ် လတ်လတ် ဆတ်ဆတ် ရှိတယ်လို့ ပြောတာပါဗျာ'

'ကဲကွာ၊ မင့်ကို တစ်ယောက်ယောက်က 'စိန်ဝင်းမောင်ဟာ ချေးမစားဘူးတဲ့' လို့ပြောရင်ကြိုက်မလား၊ ခံချင်မလား၊ ဘယ်နည်းနဲ့မှ မခံချင်ဘူး'





ပွဲစားကလေး တည်ငြိမ်လေးနက်တဲ့ မျက်နှာနဲ့ ဖြစ်သွားတယ်။

'ဟုတ်တယ် မဟုတ်လား၊ မင်း ချေးမစားလို့ မစားဘူး ပြောတာ ဟုတ်ပေမယ့် မင်း ဘာကြောင့် မကြိုက်သလဲ၊ စော်ကားသလို သရော်သလိုဖြစ်နေလို့ကွ'

ပွဲစားသဘောပေါက်ရော့ထင့်၊ တဟားဟားရယ်တယ်။

'မရယ်နဲ့၊ နားထောင်ဦး၊ ရောင်ခြည်တစ်ထောင် အလင်းဆောင်တဲ့နေမင်းကြီးဟာ ပိုးစုန်းကြူးအရောင်ထက်တောက်ပပါပေတယ်၊ သာလွန်ပါပေတယ် ပြောတာဟာ ချီးမွမ်းတာတော့ မှန်ပေမယ့် စော်ကားရာရောက်တယ်၊ အခုလဲ ငါ့ပဲသီးတွေကို ချီးမွမ်းတယ်ဆိုပေမယ့် အိမ်ရှင်မတွေ အသံတောင် မကြားချင်တဲ့ မြွေရဲ့စိမ်းစိုမှုနဲ့သွားနှိုင်းတော့ ဘယ်သူကိုင်ချင်ဦးမှာလဲ'

ပွဲစားကလေးမှာ ခေါင်းတဆတ်ဆတ်နဲ့ ပြုံးနေရပါတော့တယ်။

☎ ☎ ☎

## ပိန္နဲပင် မပါစေနဲ့

အပျိုကြီးဆိုင်ရဲ့ကျောဘက်မှာ ကုန်စိမ်းသည်ရှိတယ်။ ကုန်စိမ်းသည်နဲ့ မျက်နှာချင်းဆိုင် ကတော့ ငါးခြောက်မျိုးစုံ အသည်ပဲ။ ငှက်ပျောသီးသည် အပျိုကြီးက အငြှာချိုပြီး ရိုးသားသလို ကုန်စိမ်းသည်ကတော့ ရိုးရိုးပြတ်ပြတ်သမားပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ငါးခြောက်သည်ကတော့ ချိုလဲချို၊ ခွဲလဲ ခွဲ၊ ကောက်လဲ ကောက်တယ်။

ဘယ်လိုကောက်သလဲဆိုတော့ ငါးယောင်ခြောက်ကို ငါးရံ့ခြောက်လို့ပြောပြီး ရောင်းလား ရောင်းရဲ့။ ငါးငါးပိကို ပုစွန် ငါးပိပါလို့ပြောလို့ပြော။ တကယ်နားလည်တဲ့ လူနဲ့ တွေ့တဲ့ အခါကျတော့ မှားပြောမိတာပါ ဖြစ်လို့ဖြစ်။

တစ်နေ့မှာတော့ ကုန်စိမ်းသည်နဲ့ ငါးခြောက်သည်တို့ ရန်ဖြစ်ကြပါလေရော။ ကိုယ်ထိလက်ရောက် မဟုတ်ပေမယ့် အတော်ပြင်းထန်တယ်။ ကုန်စိမ်းသည်က ကြမ်းပေမယ့် မရိုင်းဘူး။ ငါးခြောက်သည်က ကြမ်းလဲကြမ်း၊ ရိုင်းလဲရိုင်းတယ်။

သိပ်ပြီးလွန်လာတဲ့အခါမှာ ဦးသာအေးသွားပြီး တားဆီး ဖျန်ဖြေရတော့ ဘယ်။ ရန်ပွဲရဲ့ ကနဦးအစက ကုန်စိမ်းသည်ပါ။ ကုန်စိမ်းသည်က 'ယူသွားပါ အစ်မရဲ့ မလိမ်ပါဘူး။ ချဉ်ပေါင်ရွက် ကို ကင်ပွန်းရွက် လုပ်မရောင်းပါဘူး ပြောတာမျိုး၊ မန်ကျည်းရွက် ကို မန်ကျည်းရွက်လို့ ပြောပါတယ်ရှင်၊ ကင်ပွန်းရွက် မပြောပါဘူး' စသည်ဖြင့် ပေါ့လေ။

မျက်နှာချင်းဆိုင် ငါးခြောက်သည်က -

'ကိုယ့်လင်သေတာအေးအေးငို၊ ပိန္နဲပင်ဆွဲမထည့်နဲ့ဟ' ကုန်းအော်တယ်၊ အဲဒီအော်သံ ရပ်စဲသွားပြီး မကြာခင် မှာပဲ ဆဲကြဆိုကြ ရန်ဖြစ်ကြတော့တာပါပဲ၊ ဦးသာအေးက သိပါပြီ။ ကုန်စိမ်းသည်နှင့် ငါးခြောက်သည်တို့ မသင့်မြတ်



ပြောတာဟာ၊ အများအသိမှာ လိမ်ရောင်းလေ့ရှိတဲ့ ငါးခြောက် သည်ကိုစောင်းမြောင်းတာပဲ ဖြစ်တယ်။

ဒါကြောင့် ပိန္နဲပင် ဆွဲမထည့်ပါနဲ့အော်ကာကိုး၊ သို့သော် လဲ မှရင်းစကားပုံနဲ့ သိပ်ပြီး မဟပ်လှဘူး။

ဘာကြောင့်လဲဆိုတော့ ပိန္နဲပင်က လင်ငယ်မျောက်ဇာတ် လမ်း မဟုတ်လား။ ဒါကြောင့်အပျိုကြီးကိုလှမ်းပြောတယ်။

'ဟော့အပျိုကြီး သိပ်တော့ မဆိုင်ဘူးဟ'

'ကျွန်မတို့တော့ ဒီလိုပဲ ပြောနေကြတာပဲရှင့်၊ လူရှင်းတုန်း လုပ်စမ်းပါဦး'

တစ်ခါကမိန်းမတစ်ယောက်မျောက်မွေးတယ်။ အဲမြောင် လင်ငယ် ထားတယ် ဆိုပေမယ့် ပတ်ဝန်းကျင်ကို ရှိသေရတဲ့ အတွက် မျောက်ကို ခြင်ထောင်ထဲမှာပဲ ထားရတယ်။ တစ်နေ့ မှာတော့ မျောက်ကို စေတနာရှိလွန်းလို့ ကြက်သားချက် ကျွေးတယ်။ ကြက်က ရိုးရိုးကြက်မဟုတ်။ ကလေးအတွက် ခမည်းပေးထားတဲ့ ကြက်။

ဟင်းချက်တဲ့အခါ ထမင်းနဲ့တကွ ခြင်ထောင်ထဲကို သွင်းပေးတယ်။ မျောက်ကလဲ မမြင်ဝိုးဝါး ခြင်ထောင်ထဲမှာ ကြက်သားဟင်းနဲ့ ထမင်းစားရာက လည်ချောင်းကို အရိုး ဆူးတယ်။ မျောက်မထားမလည်း ခြင်ထောင်ထဲဝင်ပြီး လည်ပင်းကို ပွတ်သပ်ပေးတဲ့အခါ ကန့်လန့်တင်နေတဲ့ ကြက်ရိုးက လည်ချောင်း ကို ဖောက်သည့်အတွက် မျောက်သေပါလေရော။

မျောက်မွေးတဲ့ မိန်းမအနေနဲ့သူ မျောက်ကိုခြင်ထောင်ထဲ က ဆွဲထုတ်၊ ဖျာလိပ်နဲ့ပတ်ပြီး တံခါးကြားထဲမှာ ထားတယ်။

ဂိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာ လင်ကြီးပြန်လာ၊ ထမင်းစားသောက်ပြီး အိပ်ရာဝင်တယ်။ ညသန်းခေါင်ကျော်မှာ မယားက လက်ကုတ်နှိုးလို့လင်ကြီးနိုးလာတယ်။ သူခိုးတက်တယ်ထင်လို့ မယားက တိုးတိုးပြောပြီး မီးအထွန်းမှာ တံခါးကြားက မျောက်အသေကို သူခိုးမှတ်ပြီး လှံနဲ့ထိုးတော့ ကျွမ်းပြန်ကျသွားတာပေါ့။

ဒီအခါ မျောက်မထားမက-

'ကိုယ့်အိမ်ထဲ ဝင်လာလို့လှံနဲ့ထိုးပေမယ့် ရုံးပြင်ကနား ရောက်ပြီး အစစ်အဆေးခံနိုင်ရတယ်။ အဲဒါကြောင့် တော်ရာကို သွားပြီးပစ်ထားရင်ကောင်းမယ်' ဆိုတဲ့အကြံပေးစကားအရ မျောက်သေကိုဘုန်းကြီးကျောင်းထဲက ပိန္နဲပင်မှာထောင်ထားခဲ့တယ်။ အဲဒီပိန္နဲပင်ကလဲ အလွန်သီးတဲ့အပင်။ သူခိုးကလဲ မကြာခဏ အခိုးခံရလို့ ကပ္ပိယနဲ့ ဘိုးသူတော်တို့ ချောင်းနေတာ။ ညဉ့်မှောင်မှောင်မှာ ပိန္နဲပင် ခြေရင်းကို ရောက်နေတဲ့ မျောက်သေ ကို သူခိုးမှတ်ပြီး တုတ်နဲ့ရိုက်လိုက်တာ ဘုန်းကနဲ လဲကျသွားတော့ တာပေါ့'

ကပ္ပိယမှာ သူ့လက်ချက်ကြောင့် သူခိုးသေသွားပြီ။ လူသတ်မှုနှင့် အမှုရောက်တော့မှာ တွေးပြီးညာဏ်သွင်သတဲ့။ မျောက်သေကို ခေါင်းတုံးရိတ်၊ ပိတ်ဖြူဝတ်ပေးပြီး ဇရပ်ပေါ်မှာ ပြင်ဆင်ထားသလို၊ ဘိုးသူတော်ကလဲ အာဂန္တုဘိုးသူတော် ကောက်ကာဝင်ကာ ရေ[illegible]သည့်ပြီးကွယ်လွန်သွားတဲ့အတွက် ခေါင်းဖိုးလှူဒါန်းကြပါလို့ ဟောပြောနေချိန်မှာ ရွာထဲက မျောက်မ ရောက်လာတယ်။





မျောက်မက သူ့မျောက်သေ ဘယ်လိုနေပါလိမ့် သိချင်တဲ့ အတွက် ရေတွင်းကိုရေခံဖို့ လာလေဟန်နဲ့ ရေအိုးရွက်ပြီး လာတာ ကလား။ ဇရပ်ပေါ်မှာ အာဂန္တု မသာရှိတယ်ကြားလို့ အနား သွားကြည့်တဲ့အခါ သူ့မျောက်သေ ဖြစ်နေတာ တွေ့တော့ ဆွေးသွားဟန်တူပါရဲ့၊ ခေါင်းခုကလေး ပခုံးပေါ် ဖြေချပြီး. . .

**'အမယ်လေး၊ မနေ့ကတော့ သျှောင်၊ ပိန္နဲပင်ထောင်ခါမှ ခေါင်းပြောင်ရလေး'** လို့ ပြောရင်းငိုတယ်။

ဦးသူတော်က စိတ်ဆိုးလာတဲ့အတွက်-

'ဟဲ့ တကာမ. . . နင့်လင်သေတာကို ဖွဲ့နွဲ့ပြီးငိုချင်ငို မငိုချင်နေ၊ နင့်လင်သေတဲ့အထဲမှာ ပိန္နဲပင်မပါစေနဲ့'

မျောက်မထားက ဖွဲ့နွဲ့ငိုလိုက်၊ ဦးသူတော်လှမ်းငေါက် လိုက်နှင့် ဖြစ်နေသည့် ဇာတ်လမ်းမှာ ပိန္နဲပင်တော့ဆွဲမထည့်နဲ့ မှုရင်း ဇာတ်ကြောင်း ဖြစ်ပါလေတော့တယ်။

ဦးသာအေးရဲ့ဇာတ်လမ်းအဆုံးတော့ အပျိုကြီးက လက်ခုပ်လက်ဝါးတီးပြီး ရယ်တယ်၊ ဈေးဝယ်ရအောင် ရောက် ရောက်နေတဲ့ဈေးဝယ်တွေကလဲ သဘောကျလို့ မဆုံးဘူး။

✲ ✲ ✲

## ဘက်ဆိုတာ လိုက်စမြဲ

ဦးသာအေးရဲ့ ပွဲရုံမှာ သရက်သီး အမျိုးနှစ်ဆယ်လောက် ရောက်နေတယ်။ ယက်လီသမားတွေရဲ့ ဖောက်သည်တွေ အသီး ယူသွားလိုက်ကြတာ တစ်တောင်းတည်းကောင်းကောင်းကျန်



www.burmeseclassic.com

www.burmeseclassic.com



တော့တယ်။ ကျန်တာတွေ ကတော့ ဆယ့်လေးငါးကျပ်နဲ့ တွန်းလွှတ်ရမှာတွေ။

အကောင်းဆိုလို့ တစ်တောင်းပဲ ကျန်တော့တာကို မိန်းမတစ်ယောက်က အကြောက်အကန် အစိတ် ဈေးဆစ်တယ်၊ မရတော့မှ ဦးသာအေး တောင်းတဲ့ သုံးဆယ်ဈေးနဲ့ ငွေချေဖို့အတွက် ပိုက်ဆံ နှိုက်နေတုန်းမှာ မိန်းမတစ်ယောက် ရောက်လာတယ်။ သူကလဲ တစ်တောင်းတည်းသာ ကျန်တော့သည့် သရက်သီးကိုပဲလိုချင်တယ်၊ မရတော့ဘူးပြောပေမယ့်နားမဝင်ဘဲ သုံးဆယ့်ငါးကျပ် ပေးမယ်ဆိုပြီး ငွေအတင်းထုတ်တယ်။

'မလုပ်နဲ့ဟာ၊ နင့်ရောင်းလိုက်ရင် ချဉ်ပေါင်ကို ကာပြန်ရှန်းတယ်ဆိုပြီး ဟိုအမျိုးသမီးက တစ်သက်လုံးပြောမဆုံးဘဲ ရှိတော့မယ်'

'ဒါဟာ သရက်သီးပဲရှင့်'

'သရက်သီးပေါ်မှာ ချဉ်ပေါင်နဲ့ ဝက်သားဇာတ်လမ်းလာပြီး အခြေခံနေတာဟ၊ နင်တို့လဲ ကြားဖူးမှာပေါ့ဟာ'

တစ်ခါက ဥစ္စာပစ္စည်းကြွယ်ဝတဲ့ခေါင်းတုံးပြောင်လူအိုတစ်ဦးရှိတယ်။ သားထောက်သမီးခံရှိပေမယ့်သေကုန်ကြပြီ။ သမီးတွေကို အကြောင်းပြုပြီး သမက်တွေတော့ ကျန်သေးတာပေါ့။

တစ်နေ့ကျတော့ သမက်တစ်ယောက်က အဘ ကျွန်တော်တို့ အိမ်ကိုထမင်းလိုက်စားပါဆိုပြီး လာခေါ်တယ်။ အဲဒီလိုခေါ်နေခိုက်မှာပဲ သမက် နောက်တစ်ယောက်ကလဲ ထမင်းစားဖို့ ခေါ်ပြန်တယ်။





ယောက္ခမက နှစ်ယောက် ဆုံနေတဲ့အတွက်တစ်ယောက်ယောက်က ညကျမှ ကျွေးပါလို့ အကြံပေးတယ်။ သမက်တွေမှာ ညစာအတွက် အဘကို ကျွေးမွေးဖို့ အစီအစဉ်မရှိတဲ့ အပြင်ပွဲသွားမယ့်လူနဲ့ အလုပ်ရှိတဲ့လူနဲ့ ဖြစ်နေကြတယ်။

နောက်ဆုံးကျတော့ ဒီလိုဆိုရင်လဲ မင်းတို့ပိုင်းဆွဲကြကွာ၊ နိုင်တဲ့ဘက်ကိုငါလိုက်မယ်' ပြောတဲ့အတွက် သမက်နှစ်ယောက် လက်တစ်ဖက်စီ ဆွဲကြတယ်။ သမက်တွေ ဆွဲနေတုန်းမှာ ခေါင်းတုံး ပြောင်ကြီး စဉ်းစားတာက 'ပထမ လာခေါ်တဲ့ သမက်အနေနဲ့ ဆင်းရဲတဲ့အတွက် ချဉ်ပေါင်ရွက်ပဲကျွေးမှာပဲ။' နည်းနည်း နောက်ကျတဲ့ လူကတော့ ပြည့်စုံတဲ့ အတွက် ဝက်သားတော့ ပါမှာပဲ အစရှိသည်ဖြင့်ပေါ့။

ဒါကြောင့် ဆင်းရဲတဲ့ သမက်ကို ခြေကန်ပြီး ပြည့်စုံတဲ့ သမက်ဘက်ကို မသိမ့်သာ ရှန်းတယ်။ တဖြည်းဖြည်းနဲ့ ယောက္ခမကြီးရဲ့ကိုယ်ကြီး တစ်ဖက်ကိုပါစပြုနေပြီ၊ ယောက္ခမကိုယ်တိုင်ဘက်လိုက်နေပြီ ဆိုတာ ရိပ်မိတဲ့ သမက်က ဆက်မဆွဲဘဲ ရပ်ပစ်လိုက်တယ်။

တအား ဆွဲနေတဲ့ သမက်အနေနဲ့ ဇားလွှန်ပြီး ခွေလဲသွားသလို ယောက္ခမကြီးလဲ ပုံလဲအသွားမှာ ဆင်းရဲတဲ့ သမက်က ဝမ်းသာအားရ ကတယ်။ ကရင်း ခုန်ရင်းဆိုလိုက်ပုံကတော့. . .

'ချဉ်ပေါင်ကို ကာပြန်လို့ ဝက်သားထံ ခြေကန်ရှန်းတယ် သွားတော့ ခေါင်းတုံး'



www.burmeseclassic.com

www.burmeseclassic.com



လို့ အားရပါးရ ကခုန်သီဆိုပြီးမှ အိမ်ပေါ်ကဆင်း သွားလေရဲ့။

'အဲဒါကြောင့် နှစ်ယောက်စလုံးမိတ်ဟောင်းချည်းပါပဲ။ နောက်ရောက်လာတဲ့ လူကို ငါးကျပ်ပိုရတဲ့ အတွက် ဦးစားပေး လိုက်ရင် သွားရော့ ခေါင်းတုံးဆိုပြီး တခြားပွဲရုံရောက် သွားပါ လိမ့်မယ်၊ သည်းခံပါကွယ်'

ပိုက်ဆံပိုပေးမယ့်သရက်သီးမရတဲ့ အမျိုးသမီးအနေနဲ့ ရယ်ရယ်မောမောပဲ ကျေနပ်စွာ ထွက်ခွာသွားတော့တယ်။

◇ ◇ ◇

## မင်းအဖြစ်က ဆိုး

သိပ္ပံပညာထွန်းကားပြီး လပေါ်လူရောက်တာ စကြဝဠာ ထဲက တခြားဂြိုလ်တွေပေါ်ကို လူရောက်အောင် ကြိုးစားနေကြ တာကို သတင်းကြားတာမို့ ထားပါတော့။ သိပ္ပံပညာအစွမ်းကြောင့် အဝေးကြီးက လူရဲ့အသံ ကြားရတဲ့ရေဒီယိုအသံသာမက အရုပ်ကို မြင်ရတဲ့ တီဗွီနဲ့ဗွီဒီယိုတွေဟာ မျက်မြင်တွေပဲ။

ဒါပေမယ့် အဲဒါတွေလျစ်လျူရှုပြီးအင်းအိုင်ခါးလှည့် လက်ဖွဲ့မန္တရားနောက်ကို လိုက်မြဲလိုက်နေသူတွေက ရှိနေတုန်းပဲ။ တခြားဝေးဝေးမှာ မဟုတ်ပါ၊ ဦးသာအေးရဲ့တူတစ်ယောက် အနေနဲ့ပွဲရုံမှာ ရိုးရိုးကုပ်ကုပ် လုပ်နေရာက အခုအလုပ်မမှန် တော့ဘူး၊ အင်္ဂရတ်သမား တစ်ယောက်ဆီမှာ ဖိုဆွဲနေတယ်





တစ်ခါတစ်ခါကျတော့ စုတ်စုတ် ပြတ်ပြတ် မွဲသီပတ်သီနဲ့ ရောက်လာရောက်လေရဲ့၊ ကနေ့လဲဦးလေးဆေးလိပ်ဖိုးလေး လက်ဖက်ရည်ဖိုးလေး ပေးစမ်းပါ ဆိုလေတယ်၊ တစ်ပတ်နေမှ တစ်ခါလောက်ပဲရောက်တာမို့ ငွေတစ်ဆယ်ထုတ်ပေးရင်း 'ဖိုဆွဲတာ ပင်ပန်းပါတယ်ကွယ်၊ ကြာရင် မျက်စိတောင်ကန်းနိုင်ပါတယ်၊ ဖြတ် လမ်းကသာ သပွတ်ခါးသီးဝိဇ္ဇာလုပ်လိုက်ပါတော့လို့ ပြောပြီး သရော်ရယ်နေတယ်'။

'သပွတ်ခါးသီးဝိဇ္ဇာ၊ ဟုတ်လားဦးလေး'

သူ့တူက စိတ်ဝင်စားဟန်ပြနေသေးတဲ့အတွက် နှင်လွှတ် ပြီးမှ ဘေးကသူတွေကို ပြောပြပုံက ...

ရွာတစ်ရွာမှာ အင်္ဂရတ်သမားတစ်ယောက်ရှိခဲ့ဖူးခဲ့သတဲ့။ ရွှေဖြစ်မယ် ဝိဇ္ဇာဖြစ်မယ်ဆိုတဲ့ အတွေးနဲ့ စိတ်ကူးယဉ်လို့ ကောင်း သလောက် လက်တွေ့မှာတော့ မွဲနေပြီ။ ဓာတ်လုံးကို ကျွေးတဲ့အ တွက် ငွေတိုငွေစ၊ ရွှေတိုရွှေစရှိသမျှ ကုန်တဲ့အပြင် လုံဖိုးနဲ့ မီးသွေး ဖိုးကအလွန်နှိပ်စက်တာကလား။

ဘာအလုပ်မှမလုပ်ဘဲ ဓာတ်လုံးကို တသသနဲ့ ဖိုထိုးတယ်။ ဝိဇ္ဇာဖြစ်ရင် ဘယ်လိုဆိုတာတွေပြောတတ်တဲ့အတွက် တစ်ရွာလုံး ကလဲ သူ့ကို အင်္ဂရတ်ရူးအဖြစ် သိထားတယ်။ အဲဒီလိုနဲ့ ကြာလာ တဲ့အခါ ဇနီးသည်ကသည်းမခံနိုင်ဘူး။ ဆဲတယ်ဆိုတယ်။ နောက် ခိုက်ကြ ပုတ်ကြဖြစ်ပြီး အင်္ဂရတ်ရူးကရွာပြင်ထွက်လာတယ်။ ညောင်ပင် ရိပ် ကောင်းကောင်းမှာ စိတ်ညစ်ညစ်နဲ့ ညောင်မြစ်ကို ခေါင်းအုံး အိပ်လေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂုရက်ရှူးနဲ့ မနီးမဝေးမှာ နွားကျောင်းသားတွေရှိတယ်။ နွားကျောင်းသားတွေထဲက တော်တော်ရေရေလည်လည်ရှိတဲ့ နွားကျောင်းသားတစ်ယောက်က အင်္ဂုရက်ရှူးရဲ့ ခေါင်းရင်းမှာရပ်ပြီး အိပ်မက်ပေးသတဲ့။

'အသင် ဘာမှအားမငယ်နဲ့ သပွတ်ခါးသီးတစ်ကျပ်သား၊ ထန်းဖို ထန်းလျက် တစ်ကျပ်သား၊ ဆား တစ်မတ်သားကို ရေနယ်ပြီး မကြီးမသေးလုံးထား၊ နေဝင်မှာတစ်လုံးမျို၊ သန်းခေါင်ကို တစ်လုံးစား၊ လင်းအားကြီး တစ်လုံးခွဲ၊ မကြောက်မရွံ့ ဝိဇ္ဇာဖြစ်လတ္တံ့'

နွားနွားကပ်ပြောပြီး ချက်ချင်းထွက်ပြေးသွားတယ်။

အင်္ဂုရက်ရှူးက ထထိုင်တယ်၊ အနီးအနားမှာ ဘယ်သူမှ မရှိဘူး။ ဒီလိုဆိုရင် ညောင်ပင်စောင့်ရုက္ခစိုးက စောင်မတာပဲလို့ တွေးပြီး ဝမ်းသာအားရနဲ့ အိမ်ပြန်လာတယ်။ အိပ်မက်ထဲမှာ သူကြားခဲ့ရတဲ့ ဆေးနည်းကလဲ ခက်ခဲရှားပါးတာမဟုတ်တဲ့အတွက် ဖော်စပ်လို့လွယ်တယ်။ အိပ်မက်ထဲကအတိုင်း သုံးလုံးလဲ စားပြီးရော သူ့ကိုယ်သူ ဝိဇ္ဇာဖြစ်ပြီအထင်နဲ့ တောထဲကိုထွက်လာပါလေရော။

တောနက်ကြီးထဲရောက်လာတဲ့အခါ သစ်ပင်တစ်ပင်မှာ လှုပတဲ့မိန်းမပျိုတစ်ဦးကို ကြိုးတန်းလန်းနဲ့မြင်ရတော့ အင်္ဂုရက်ရှူးကတော့ ဒါဟာ ဝိဇ္ဇာဇော်ဂျီတို့နဲ့ သက်ဆိုင်တဲ့ သူယောင်မယ်လို့ ထင်တဲ့အတွက် အနားကပ်သွားတယ်။ အမှန်က သူယောင်မယ် မဟုတ်ဘူး။ လူအစစ်၊ ခပ်လှမ်းလှမ်းရွာတစ်ရွာက အဆင်မပြေ စိတ်ညစ်ပြီး အိမ်ကထွက်ပြေးလာတဲ့ မိန်းမပျိုလေးပါ။





မိန်းမပျိုလေးပျောက်ဆုံးသွားတဲ့အတွက် ဆွေမျိုးသားချင်းတွေနဲ့ တစ်ရွာလုံးပါ အရပ်လေးမျက်နှာကို လူဖြန့်ပြီး ရှာကြတယ်။ လူတစ်စုက အင်္ဂုရက်ရှူးရှိနေတဲ့ နေရာကို ရောက်လာ ကြတော့ မိန်းကလေးနဲ့ အင်္ဂုရက်ရှူးကိုပူးတွဲမြင်ကြတယ်။ သို့ပေမယ့် မိန်းကလေးမှာ အသက်မရှိတော့ဘူး။

ဒါကြောင့် ဒီမိန်းကလေးကို ဒီကောင်သတ်တာပဲဆိုပြီး ဝိုင်းရိုက်ကြတော့ . . .

'အို ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာနဲ့ အင်းဝိဇ္ဇာတို့ ကျွန်ုပ်အားရန်မပြုကြပါလင့်။ ကျွန်ုပ်မှာ သပွတ်ခါးသီးတစ်လုံးနဲ့ ဝိဇ္ဇာဖြစ်လာရသောကြောင့် တန်ခိုးအရာတွင် သင်တို့အားမယှဉ်သာပါ။ ဤသူယောင်မယ်ကို အလိုရှိပါက ဂူချောင်သို့ သင်တို့အလိုကျ ယူဆောင်သွားပါလော့'

အင်္ဂုရက်ရှူးကို ရိုက်နှက်တဲ့လူစုထဲမှာ ဗဟုသုတရှိတဲ့လူပါတဲ့အတွက် ဒီစကားတွေအပေါ်မှာစဉ်းစားဆင်ခြင်တဲ့အခါ ဝိဇ္ဇာ ဖြစ်ပြီလို့ထင်နေတဲ့ အင်္ဂုရက်ရှူးပါကလားလို့ သဘောပေါက်သွားပြီးသူ့လူတွေ ဆက်လက်မရိုက်နှက်အောင် တားဆီးပြီး အလောင်းကို ထမ်းလို့ ပြန်သွားကြသတဲ့။

'ဒါဖြင့် ရှင်က ရှင့်တူကို အရူးလို့ဆိုလိုချင်တာပေါ့'

အပျိုကြီးက မေးလိုက်တဲ့အခါ ဦးသာအေးက ဘာမှ မပြောဘဲ ရယ်မောနေတဲ့အတွက် ဘေးက လူတွေက တဟားဟားဖြစ်သွားကြတော့တာပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ရှောတစ်ခါ ပေးငါးခါ

ဦးသာအေးရဲ့ မိတ်ဆွေတစ်ယောက် မောမောပန်းပန်းနဲ့ ရောက်လာတယ်။ မနေ့တုန်းက ဘာဖြစ်လို့ ဈေးမထွက်သလဲလို့ မေးပြီး အပြစ်တင်တဲ့အတွက် ဥပုသ်နေ့တိုင်းဆိုင်ပိတ်တာ မသိရှော့ သလား ပြန်ဖြေတယ်။

ခဏအကြာမှာ မိတ်ဆွေက လာရင်းကိစ္စကို ပြောတယ်။ သူ့ကိုလူတစ်ယောက်က အကောက်ကြံတဲ့အကြောင်း ဒီလူကို ဦးသာအေးလဲ သိတယ်။

'ကျွန်တော့်အပေါ် မတော်တရား ကြံမယ့်သာ ကြံတာပါဗျာ၊ သူ့ကို ကျွန်တော်ပေးကမ်းထားတာ မနည်းပါဘူး၊ ကူညီတာလဲ ခဏခဏပါ'

ဒီအခါမှာ ဦးသာအေးက ရယ်မောတယ်။ အတွင်းသိတွေကိုး။

'ငါသိပါတယ်ကွာ၊ သူကလဲ မင်းကို ပြန်ပြီးထောက်ပံ့ရဘာတွေ ကူညီရတာတွေ ငါမသိတာမှတ်လို့ လာကြွားမနေစမ်းနဲ့၊ မင်းကူညီတာက မီအေး ထမင်းခွံ့သလိုပါ'

'ဘာဗျ၊ ဘယ်က မိအေးလဲ'

'မိအေးလေ ကလေးကို ထမင်းခွံ့မယ်ဆိုပြီး ပန်းကန်ထဲမှာ ထမင်းတွေထည့်လာတာ နည်းနည်းနောနောမဟုတ်ဘူး၊ အမောက်ကြီး၊ ဒီထမင်းသာ ကလေးကို အကုန်ခွံ့ရင် ဗိုက်ပေါက်လောက်တယ်'





'ဒါပေမယ့် ကလေးမှာ ဝရုံပဲ ဝရှာပါတယ်၊ ထမင်းကို ဝါးပြီး ကလေးကို ခွံ့တာက နည်းနည်း၊ သူ့ဝမ်းထဲ မျိုချတာက အများကြီးကလား'

ဦးသာအေး စကားမဆုံးမီပင် မိတ်ဆွေက . . .

'ဒီပုံစံကတော့ မိအေးမှ မဟုတ်ပါဘူးဗျာ၊ ကလေးကို ထမင်းဝါးခွံ့တဲ့ မိန်းမတိုင်း ဒီပုံစံချည်းပါပဲ'

'အေး . . . အဲဒီတော့ မင်းနဲ့ မင့်သူငယ်ချင်းမှ တစ်ပြန်စီ ကူညီနေကြတာ မိအေးထမင်းခွံ့သလိုသာဆိုရင် သူ့ဝမ်းထဲရောက်တာထက် မင့်ဝမ်းထဲ ရောက်တာက ပိုပါတယ်။ ကဲပါလေ မတော်တဆ အထင်မှားတာပဲလို့ သဘောထားပါ၊ အရည်လည်ရင် အဖတ် တွေ့ပါလိမ့်မယ်'

နှစ်ဦးစလုံးမှာ ရင်းနှီးသူချည်း ဖြစ်သည့်အတွက် ဦးသာအေးမှာ အမြှုပ်ထွက်မတတ် ဖျန်ဖြေစကားဆိုရသည့်အတွက် မောဟိုက်ပြီး ကျန်ခဲ့ပါတော့တယ်။

* * *

## ရှိလျက် မသုံးတတ်

ဦးသာအေးရဲ့ ကုန်စိမ်းပွဲရုံမှာ ကြီးပွားတိုးတက်ပေမယ့် တပည့်တပန်းအပေါင်းအသင်းတွေရဲ့ ကိစ္စကို တစ်နေ့တစ်နေ့ ဖြေရှင်းရသည်ကလည်း မနည်းပါ။ ဆဲသည့်အခါ ငေါက်သည့်အခါ များနဲ့ ကြုံလာရင် ဦးသာအေးလူမိုက်ကြီး သူကြမ်းကြီးဖြစ်နေရော။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့လဲ သူ့တပည့်ဟောင်းတစ်ယောက်မူးရူးပြီး ရောက်လာတယ်။ သူ့ဆီက ခွဲသွားကတည်းက စီးပွားတက်လာလိုက်တာ ဒီရေအလားပါပဲ။ ကျချင်ပြန်တော့လဲ ဒီရေကျသလို ကျသွားပြီး အဆုံးမှာတော့ အရက်သမားဖြစ်ပြီး ကျန်ခဲ့ပါတော့ကလား။

'တပည့်တွေမကောင်းလို့၊ ကျွန်တော် ဒီလိုဖြစ်ရတာ ဆရာရဲ့'

'တော်စမ်းကွာ၊ ဘယ်သူမှ မဆိုးဘူး၊ ဆိုးတာက မင်းပဲကွ သိလား'

ဦးသာအေးက ငေါက်ပစ်သည်။

'ကျွန်တော် ဆိုးတယ် ဟုတ်လား'

'ဟုတ်တယ်၊ ခြေလေးချောင်း တိရစ္ဆာန် အသီးသီးမှာ အမြီးဆိုတာ ရှိတယ်ကွ၊ မြင်းတို့ နွားတို့ ကျွဲတို့ဟာ အဲဒီအမြီးနဲ့ မှက်တွေခြင်တွေကို ခြောက်တယ်၊ အဲဒီအမြီးနဲ့ပဲ အရှက်ကို ဖုံးတယ်။

'ဒါပေမယ့် ခွေးမှာလဲ အမြီးရှိတာပဲ မဟုတ်လား၊ အဲဒီအမြီးနဲ့ ခြင်လဲမမောင်းနိုင်၊ ရှက်လဲမခြောက်နိုင်၊ အရှက်လဲ မဖုံးနိုင်ဘူး မဟုတ်လား။ အေး မင်းဟာလဲ ခွေးနဲ့အတူတူပဲ၊ ရှိလာတဲ့ ငွေကို ဒါနလဲမပြုဘူး လုပ်ငန်း တိုးတက်အောင်လဲ မလုပ်ဘူး။

ခွေးဟာ အမြီးကို လှုပ်ရာ ယမ်းရာမှာ အသုံးချသလို မင်းလဲရှိလာတဲ့ငွေကိုတလွဲသုံးတယ်မဟုတ်လား၊ ဖဲရိုက်တယ်၊ အရက် သောက်တယ်၊ နောက်ဆုံး မယားငယ်လဲ ယူရော၊





တက်တက် ပြောင်တာပဲ မဟုတ်လား၊ ရှိတာကို နေရာတကျ မသုံးစွဲတတ် အကျိုးရှိအောင် မသုံးတတ်ရင် ပညာခွေးမြီးတဲ့'

ဆရာဖြစ်သူထံမှ အားပေးစကား မကြားရဘဲ ငေါက်သံငမ်းသံ ကြားရတဲ့အတွက် အရက်သမားမှာ တငိုက်ငိုက်နဲ့ ထွက်ခွာ သွားလေရဲ့။

❄ ❄ ❄

## လွဲမှ လွဲတတ်ပေ

ရွှေဘုန်းရှိန်ဘက်က ဦးလှိုင်မြင့်လဲ အထက်က တင်ပြခဲ့တဲ့ ပုဂ္ဂိုလ်တွေလိုပဲ အဟောကောင်း၊ အပြောကောင်း ပါပဲ၊ သူ့ လက်ဖက်ရည်ဆိုင်မှာ အဲဒီလို အခိုင်းအနှိုင်း၊ အဟပ်အစပ် ကောင်းလို့ လူစည်သလား ထင်ရတယ်။

စည်လဲ စည်ချင်စရာပဲလေ၊ ဦးလှိုင်မြင့်အနေနဲ့ သူ့ဆိုင် အလုပ်သမားတွေကို လက်ဖက်ရည်သောက်တဲ့ လူတွေရှေ့မှာ ဘယ်တော့မှ မငေါက်ဘူး၊ မဆူဘူး၊ ဆဲဖို့ ဆိုတာတော့ ဝေလာဝေး။

တစ်နေ့မှာ လက်ဖက်ရည်မှာတဲ့လူက မှားပြီး လက်ဖက်ရည်မှာတယ်။ အဲဒါကြောင့် ချပေးတဲ့ လူကလဲ လက်ဖက်ရည် ချပေးတယ်။ လက်ဖက်ရည်ချပေးတော့မှ သူမှာတာ ကော်ဖီပါလို့ ငြင်းတယ်။ ဦးလှိုင်မြင့်လဲသူ လူမှန်တာကိုသိပါတယ်၊ သို့ပေမယ့် သူ့လူဘက်က မကာကွယ်ဘဲ အသစ်လဲပေးခိုင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနောက် ပြောပုံက. . .

'မှားတယ်ဆိုတာ မဆန်းပါဘူး ညီလေးရယ်၊ မတော်တဆ မှားကြတာပဲ၊ တချို့များ တမင်မှားတာတောင် ဖွတ်မှန်တယ် ငြင်းတတ်သေးတကွ'

လက်ဖက်ရည်သောက်တဲ့ လူတွေ နားစွင့်နေတာတွေ့ရတဲ့ အတွက် သူဆက်ပြောတာက ဒီလိုပါ။

တစ်ခါက လူတစ်ယောက် ထင်းပေါက်ဖို့အတွက် ပုဆိန်ဝယ်ဖို့သွားတယ်။ ဘာမှသေသေချာချာ မမေးမြန်းဘဲ ဈေးပဲမေးပြီးဝယ်လာခဲ့တယ်။ အိမ်ရောက်ရောက်ချင်း သစ်သားအုရိုးတပ်ပြီးထင်းပေါက်တယ်။ ဘယ်လောက်ပဲ ပေါက်ပေမယ့် ထင်းတုံးတစ်တုံးမှ မပဲ့ဘူး။ ထင်းတစ်ချောင်းမှမကွဲဘူး။

ဘာကြောင့် ထင်းတွေ မကွဲသလဲ၊ အသွားက ကန့်လန့်ဖြစ်နေလို့၊ ဘာကြောင့် အသွားကန့်လန့် ဖြစ်နေရသလဲဆိုရင် ပုဆိန် မဟုတ်ဘဲ ပဲခွပ်ဖြစ်နေလို့ပါပဲ။

'ထင်းပေါက်တာလဲ ကြာလှပြီ၊ ထင်းလဲမတွေ့တဲ့အတွက် ဇနီးကအနားလာပြီး. . .

'ထင်းပေါက်ဖို့ ပုဆိန်ဝယ်ခဲ့ပါဆိုတာ ပဲခွပ်ကြီးဝယ်လာပြီး ထင်းပေါက်တော့ ဒီတစ်သက်မှာ ထင်းရပါ့မလား၊ လုပ်လာရင် တလွဲချည်းပဲ'

ဒီအခါမှာ လင်ဖြစ်သူ ပြန်ပြောပုံကတော့. . .

'ငါမှားတာက တစ်ချောင်းတည်းရယ်၊ ပန်းပဲသမားမှားပြီး အသွားကန့်လန့် တပ်ထားတာ အများကြီးပဲ'





ပဲခွပ်ကို ပဲခွပ်မှန်းမသိ၊ အသွားအနေအထားမှားနေတဲ့ ပုဆိန်တွေလို့ထင်ပြီး ဖွတ်ငြင်းတာပဲ ဖြစ်တယ်။

'အဲဒါကြောင့် အခုမှားတာက ပဲခွပ်နဲ့ ပုဆိန်မှားတာလောက် မဆိုးပါဘူးကွယ်၊ ဟား ဟား ဟား'

ထိတာကတော့ မှားယွင်း မှာမိတဲ့ လူကိုထိတာပဲ၊ အပြော တတ်တဲ့ အတွက် ကာယကံရှင် အပါအဝင် လူတိုင်း တဟား ဟား သဘောကျနေကြတာပေါ့။

* * *

## လှေနံ့ ထုံးတို့

တစ်နေ့မှာလဲ ဦးလှိုင်မြင့်ရွှေက စားပွဲမှာ ရယ်စရာတစ်ခု ဖြစ်ပွားတယ်၊ အဲဒီစားပွဲမှ ထိုင်ပြီး စကားပြောနေတဲ့ လူနှစ်ယောက် လုံး အနေနဲ့ ဆေးလိပ် လုံးဝမသောက်ဘူး။ ဒါပေမယ့် စားပွဲထိုး ကလေးက စီးကရက်သွားချပေးတော့ တို့မမှာပါဘူးပြောတယ်။

စားပွဲထိုးလေးက မကျေမနပ်နဲ့ ပြန်ယူသွားပြီး 'စီးကရက်လို့သေသေချာချာပြောလို့ သွားချတာ ဦးလေးရဲ့' လို့ ဦးလှိုင်မြင့်ကို တိုင်တယ်၊ ဦးလှိုင်မြင့်က တဟား ဟားရယ်မောပြီး-

'စီးကရက်လို့ကြားတိုင်း ဆေးလိပ်မှာတယ်မထင်ရဘူးကွ၊ မင်းဟာက ဟိုလိပ်ကြီးနဲ့ တောတွင်းသားလို ဖြစ်နေပါ့မယ်ကွာ'

အဲဒီစကားကြားလိုက်တဲ့ စားပွဲတစ်ခုက. . .

'ဦးလှိုင်မြင့် အဲဒါလေး ဆက်ပြောစမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'ရှည်တယ်ဗျ'

'ရှည်ပေစေဗျာ၊ မပြောရင်တော့ ခင်ဗျားဆိုင်ကို မလာတော့ဘူး'

'ဒီလို မခြိမ်းခြောက်ကြပါနဲ့ဗျာ'

ဦးလှိုင်မြင့် ပြောတဲ့ တောတွင်းသား ကလေးနဲ့ ရွှေလိပ်အကြောင်းက. . .

'ရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း တရားနဲ့အညီ မင်းပြုသတဲ့၊ မင်းရဲ့သားတော်က အိမ်ရှေ့ ဥပရာဇာပေါ့။ တစ်နေ့မှာ အိမ်ရှေ့ဥပရာဇာ အနေနဲ့ တိုင်းစွန်ပြည်ဖျားမှာ ရန်လေ့၊ ရန်မှားတွေကို သုတ်သင် ရှင်းလင်းပြီး တောအုပ်ကြီး တစ်ခုကို ဖြတ်ပြီး ပြန်လာသတဲ့'

တောထဲမှာလဲ တောတွင်းသားကလေး တစ်ယောက်ရှိတယ်။ စစ်ဆင်တွေ အော်သံ၊ စစ်မြင်းဟီသံတွေ တံပိုးခရာမှုတ်သံတွေ မကြားဖူးတဲ့အတွက် တောတွင်းသားလေး လန့်ပြီး ထွက်ပြေးတယ်၊ ထွက်ပြေးတာမြင်တဲ့ အိမ်ရှေ့မင်းက ရဲမက်တွေ လွှတ်ပြီး လိုက်လံခေါ်ငင်ခိုင်းသတဲ့။

အိမ်ရှေ့မင်းနဲ့ ရှေ့တော်ကို တော်တွင်းသားလေး ရောက်လာတဲ့အခါ အိမ်ရှေ့မင်းက ချစ်ခင်သနားတဲ့အတွက် ရွှေနန်းတော်ကြီးမှာ လိုက်လံခစားဖို့ ခေါ်တယ်။ တောတွင်းသားလေးက ကျွန်တော်မျိုးမှာ မင်းပါးစိုးခွင် ထွက်ဝင်ဖူးသည်မရှိ ထီးသုံး နန်းသုံး စကားတွေ နားမလည်တဲ့အတွက် မလိုက်ပါရစေနှင့် ဘုရား'လို့ လျှောက်ထားသတဲ့။





အိမ်ရှေ့မင်းက 'မောင်မင်း ဘာမှ မစိုးရိမ်နှင့်၊ သေနာပတိ အသီးသီး၊ မှူးကြီးမတ်ရာ အဖြာဖြာတို့ ပြောဆို သုံးနှုန်းတဲ့ စကားကို မှတ်သားအားကိုး အတုခိုးပြီး ပြောရင် အဆောတလျင် ကျွမ်းကျင်လာမှာပါ' လို့ ပြောပြီး ခေါ်သွားသတဲ့။

တောတွင်းပျော်ပါးဆင်းရဲသားကလေးနန်းတော်ကို ရောက်ပြီး မကြာခင်မှာ ကျေးရွာတစ်ရွာက အလွန်တရာ ကြီးကျယ်အံ့ဖွယ်သရဲထူးကဲတဲ့ လိပ်ကြီးတစ်ကောင် လာပြီး ဆက်တယ်။ ဘုရင်မင်းမြတ်က 'ဤမဟာရွှေလိပ်တော်ကြီးကိုကောင်းမွန်စွာ စောင့်ရှောက်လေ' လို့ တောတွင်းသားကို တာဝန်ပေးသတဲ့။

တောတွင်းသားက. . .

'ြော်. . . ထီးသုံးနန်းသုံးဆိုတာ ဒါပဲကိုး၊ လိပ်ကိုတောင် လိပ်မခေါ်ဘဲ မဟာရွှေလိပ်တော်ကြီးလို့ ခေါ်ပါလား' မှတ်သားထားလိုက်သတဲ့။

တောတွင်းသားလေးအနေနဲ့ ရွှေနန်းတော်မှာ ညီလာခံကျင်းပတာကို မကြာမီတွေ့မြင်ရတယ်။ အားလုံးကိစ္စတွေပြီးစီးချိန်မှာ ဘုရင်က မောင်မင်းများ၊ ယနေ့သည် ဥပုသ်နေ့ကြုံသည်၊ ဥပုသ်ဆောင်သို့ ရွှေစကြာ ဖြန့်တော်မူမည် မိန့်တော်မူတယ်။

တောတွင်းသားကလေးက ရွှေစကြာ ဖြန့်တော်မူမည်ဆိုတာ ဘာပါလိမ့် တွေးပြီး စောင့်ကြည့်တယ်၊ ဥပုသ်ဆောင်ကို ဘုရင်ကြီး ကြွသွားတာ မြင်တော့မှ ဟောဒီလို မှတ်သားထားပြန်သတဲ့။

'ြော်. . . အံ့သြစရာပါလား၊ သွားတယ်ဆိုတာကို ထီးသုံး နန်းသုံးစကားနဲ့ဆိုရင် ရွှေစကြာဖြန့်တယ် ခေါ်ပါလား'



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ် ဉပုသ်သီတင်း ဆောက်တည်တဲ့ အတွက် နေမွန်းမတည့်မီသာ အစားအစာ မှီဝဲခွင့်ရှိတဲ့အတွက် 'မင်းကြီးများ မွန်းတည့်ပြီလား၊ ထွက်ကြည့်စမ်း' လို့ အမိန့်ပေးတယ်၊ အမတ်ကြီး တစ်ယောက် နေကို ထွက်ကြည့်တာ မြင်တဲ့ တောတွင်းသား လေးက. . .

'သြော်. . . နန်းတော် အိမ်တော်' စကားအရ နေကို မွန်းလို့ခေါ်ပါကလား'

နေထွက်ကြည့်တဲ့အမတ်ကြီးက မွန်းမတည့်သေးကြောင်း လျှောက်ထားတဲ့ အတွက် စကားတော်က ပွဲတော်အုပ်ကို ဆက်သ တယ်။ ဘုရင်မင်းမြတ်က 'ဟဲ့ မောင်မင်း ပံသကူပါရဲ့လား' မေးသတဲ့။ တောတွင်းသားကလေးမှာ ပုံသကူဆိုတာဘာပါလိမ့် တွေးပြီး စောင့်ကြည့်နေဆဲ၊ ကြက်သားဟင်းကို အိုးနဲ့ထည့်ပြီး ယူဆောင်လာတာ တွေ့ရတဲ့ အတွက်. . .

'သြော် ယဉ်ကျေးပေစွ၊' ထီးသုံးနန်းသုံးအရ ကြက်ကို ပုံသကူ ခေါ်ပါလား' မှတ်ထားလိုက်သတဲ့။

မကြာခင်မှာ သူမှတ်သား စုဆောင်းထားတာတွေ အသုံး ချဖို့ တောတွင်းသားကလေးမှာ အခွင့်ကောင်းကြုံလာသတဲ့။ ကြုံလာပုံကတော့ တစ်နေ့မှာ ဘုရင်မင်းမြတ်ကြီးကတောတွင်း သားကလေးကို 'မောင်မင်း စောင့်ရှောက်ထားသော မဟာရွှေလိပ် တော်ကြီးအဘယ်မှာနည်း၊ ယူချေလော့' အမိန့်ရှိသတဲ့။

တောတွင်းသား ကလေးကလည်း သူကျကျနနထားတဲ့ နေရာကိုပြေးလာပြီး လိပ်ကြီးကို ယူဖို့ကြည့်တော့ မတွေ့ဘူး။ အဲဒါနဲ့ ဘုရင့် ရှေ့တော်ပြေးလာပြီး လျှောက်ထားပုံက. . .





'မှန်လှပါ ကျွန်တော်မျိုးအား ထိန်းသိမ်း စောင့်ရှောက် စေသောမဟာရွှေလိပ်တော်ကြီးကို ကောင်းမွန်စွာသိမ်းဆည်း ထားရာ 'ပုံသကူ' တွန်အပြီး 'မွန်း' လည်းမထွက်ခင် အဘယ်ရပ်သို့ 'ရွှေစကြာဖြန့်တော်မူ' သည်ကို သံတော်ဦး မတင်တတ်အောင် ရှိပါတော့သည်ဘုရား' လို့လျှောက်ထားလိုက်သတဲ့။

'အခုလဲ တစ်ခုတည်းကို အသေမှတ်ထားတော့ စီးကရက် ဆိုတိုင်း ဆေးလိပ်လို့ထင်နေတော့ တောတွင်းသားနဲ့ လိပ်လို ဖြစ်ကုန်တာပေါ့'

ဦးလှိုင်မြင့်က အတန်အသင့် ရယ်ရပေမယ့် နားထောင် တဲ့ ပရိသတ်ကတော့ ပြောတတ်တယ်ဗျာလို့ ရယ်ရယ် မောမောနဲ့ ချီးကျူးကြတယ်။ ။

✵ ✵ ✵

## လုပ်လိုက်မှဖြင့်

ဦးလှိုင်မြင့်ရဲ့ လက်ဖက်ရည်ဆိုင် တံစက်မြိတ်ကို ခိုပြီး ဖွင့်ထားတဲ့ မုန့်ဟင်းခါး ဆိုင်တစ်ဆိုင်ရှိတယ်။ မုန့်ဟင်းခါးစား လူအချို့ကတော့ လက်ဖက်ရည်ဆိုင်ထဲမှ နေပြီးမှာ စားတတ်တယ်။ အဲဒါကြောင့် နံနက်ပိုင်းမှာ အလွန်စည်တယ်။

တစ်နေ့နံနက်မှာတော့ ဆိုင်ထဲမှာ လူစိမ်းတစ်ယောက် ဝင်ထိုင်ပြီး လက်ဖက်ရည်မှာတယ်။ တစ်ဆက်တည်း မှာပဲ မုန့်ဟင်းခါးမှာတယ်၊ မှာပုံက. . .

'မုန့်တီတစ်ပွဲဗျာ၊ မုန့်နည်းနည်း အရည် နည်းနည်းတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးသည်မှာ ကယောင်ချောက်ချား ဖြစ်သွားတယ်။ မုန့်နည်းနည်းဆိုရင် ဟင်းရည်များများမှာတတ်တယ်။ အရည်ကြိုက်တဲ့ လူပေကိုး။ မုန့်များများမှာရင် ဟင်းရည်နည်းမှာပဲ။ နည်းပါစေ။ စားသမျှ အဖတ်ဖြစ်စေချင်လို့ကိုး။

အဲဒီလူ ထွက်သွားပြီး အတော်ဂေးဂေးရောက်မှ မုန့်ဟင်းခါးသည်က 'တစ်မျိုးကြီးပဲနော် ဦးလေး' လို့ပြောတယ်။

'ရှိရမှပေါ့ဟာ၊ ကြံကြံဖန်ဖန် ရေကြောင်လို့ ပြောတဲ့လူတောင် ရှိသေးတာ'

တစ်ခါက ရွာတစ်ရွာမှာ လှတဲ့ မိန်းမပျိုတစ်ဦး ရှိသတဲ့။ အဆင်းသာမက အချင်းပါရှိတဲ့ အတွက် အကြောင်းဆက်ပေါင်းဖက်ချင်သူတွေ များပြားတယ်၊ ကိုယ်တိုင်လာလို့ တစ်မျိုး၊ လူကြီးမိဘကိုယ်တိုင် တစ်သွယ်ပေါ့။

ဖခင်က သမီးလိမ္မာကို 'သမီးဆီကိုယ်တိုင်လာတဲ့ လူတွေဘာပြောသွားတယ်ဆိုတာ သေသေချာချာ မှတ်သားပြီး အဖေ့ပြန်ပြော'လို့ မှာထားတယ်။

တစ်နေ့တော့ လူရည်သန့်သန့် လူချောတစ်ယောက်ရောက်လာတယ်၊ မိန်းမပျိုလဲ ထုံးစံရှိတဲ့အတိုင်း နေရာ ပေးပြီး ကွမ်း၊ ဆေး၊ လက်ဖက်ရည်တည်တယ်။ လူချောကထိုင်မိပြီး မကြာခင်မှာ ကြမ်းပေါ် ခင်းထားတဲ့ ကျားရေကြီး ကြည့်ပြီး. . .

'နှမရယ်၊ နှမတို့အိမ်မှာ ခင်းထားတဲ့ ရေကြောင်ကြီးကတော့ အလွန်ယဉ်၊ အလွန်ကျက်သရေရှိပါပေတယ်'

မိန်းမပျိုက စဉ်းစားတယ်။





'ပင်လယ်နဲ့မနီးတဲ့ ဟိုအထက်အညာရပ်သား ဖြစ်ရင်လဲ ကျားရေကို ကောင်းကောင်း သိမှာပါ။ ကျားရေကို မသိလို့ပင်လယ်နဲ့နီးတဲ့ အောက်အရပ်၊ မြစ်ချောင်းပေါတဲ့ အောက်အရပ်သား ဆိုရင်လဲ မိချောင်းရေနဲ့ မှားချင်မှားပေ့ါ၊ အခုတော့ရေကြောင်တဲ့၊ ဘယ်အရပ်သားပါလိမ့်'

ကိုလူချော ပြန်သွားသော်လဲ မိန်းမပျိုမှာ တွေးတောဆင်ခြင်လို့မရတဲ့ အတွက် သူ့အဖေကို အကြောင်းစုံပြန်ပြောပြဟာပေ့ါ။ ဖခင်လဲ သေသေချာချာ စဉ်းစားပြီးတော့မှ. . .

'ပင်လယ်နဲ့ နီးရင်လဲ မိကျောင်းရေလို့ထင်ရမယ်၊ တောတောင်နဲ့ နီးရင်လဲ ကျားရေကို သိရမယ်၊ အခုတော့ ကတ်သီးကတ်သတ် ရေကြောင်တဲ့၊ တန်ဟဲ့သမီး နောင်လာရင် စကားလက်ခံ မပြောနဲ့' လို့ သမီးဖြစ်သူကို အမိန့်ပေးသတဲ့။

'အခု မုန့်နည်းနည်း ဟင်းနည်းနည်း သမားလဲ ရေကြောင်ထင်ပါရဲ့'

ဦးလှိုင်မြင့် စကားအဆုံးမှာ မုန့်တ်သည်ရော၊ ဆိုင်ထဲက လူတွေပါ တဝါးဝါး ရယ်မောကြတယ်။

## သူကလဲ တစ်ပြန်စီး

ငန်းစွန်ဘက်မှ ချက်နို့ဆီသမားတစ်ယောက်အနေနဲ့ ဦးလှိုင်မြင့်ဆိုင်ကို နေ့တိုင်းလာပြီး နို့ဆီသွင်းရတယ်။ အခါတိုင်းတော့ကောင်တာမှာထိုင်တဲ့ ဦးလှိုင်မြင့်ပဲစောင့်ကြည့်ပြီး ရေးမှတ်တယ်။ ယမန်နေ့က ကြွေးဟောင်းကို ပေးချေလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ဧည့်သည်နဲ့ စကားပြောနေတဲ့ အတွက် သားကြီးကို တာဝန်ပေးထားလိုက်တယ်။ မကြာပါဘူး။ ငြင်းကြခုံကြတော့တာပါပဲ။ မှတ်တဲ့ လူဘက်က ပုံးနှစ်ဆယ်၊ ပေးသူဘက်က နှစ်ဆယ့်တစ်။

ဆိုင့်ထဲမှာ ပြန်ရေတယ်။ နှစ်ဆယ်။ ကားပေါ်တက်ရှာတယ်။ ပုံးလက်ကျန် မရှိဘူး။ နို့ဆီပို့သူက 'တစ်ယောက်ယောက် အခန်းထဲ သွင်းသွားတာ ဖြစ်ရမယ်' တဲ့။ သားကြီးနဲ့ သာမက အလုပ်သမားတွေနဲ့ပါ စကားများတော့တာပေါ့။

ဟုတ်တယ်လေ၊ တစ်ယောက်ယောက်အထဲကို သွင်းသွားသလားမှ မသိတဲ့လို့ပြောတာဟာ လိမ်လည်တယ်လို့ စွပ်စွဲရာရောက်တာကိုး။ အဲဒီတော့ ဦးလှိုင်မြင့်ရဲ့ဇနီး ထွက်လာပြီးဖျန်ဖြေတယ်။ သူကိုယ်တိုင် လျှောက်ကြည့်တော့ ဒရိုင်ဘာအခန်းထဲက တံခါးနဲ့ ကုလားထိုင်အောက်မှာ တစ်ပုံးတွေ့တယ်။ နောက်ပိုင်းမှာ ခရီးကြုံလူတင်နိုင်အောင် ရှေ့ပို့ထားတဲ့ပုံး။

'ခင်ဗျားဘက်က မှားပြီး ကျွန်တော်တို့ကို အပြစ်ပြောတာ မကောင်းပါဘူး'

ကောင်တာမှာ ထိုင်နေတဲ့ သားကြီးက မကျေနပ်ဘူး။ အဲဒါကြောင့် ဦးလှိုင်မြင့်က ပြောမိတယ်။

'ဆက်မပြောပါနဲ့ သားကြီးရယ်၊ ဝန်မင်းတောင် စောင်မှားသေးတာ'

'ရှင်ကတော့ လုပ်ပြီ၊ ပြောစရာ ဆိုစရာမပေါ်နဲ့ ငေ် ပြီဆိုရင် ဘယ်ပုံတိုပတ်စနဲ့ ဘယ်လို ဆက်စပ်ရပါ့မလဲ စိတ်ကူးနေတာ'





ဦးလှိုင်မြင့်ကတော်က မျက်စောင်းထိုးပြီး ဆိုတယ်။

'ဒါပေါ့ကွာ၊ ဒီလိုပြောတဲ့အတွက် မင်းတောင် တော်တော လို့မှားသွားပြီ'

ဝန်မင်းကြီး စောင်ခြုံမှားတာက သိပ်မဆန်းလှပါဘူး။

ဝန်ကြီးရဲ့နာမည်က ဦးညိုမြတဲ့။ တစ်ခုသော ဆောင်းရာသီမှာ နေခြည်ကလေး ထွက်ပြူလာတော့ ဟိုလှူကြည့်လိုက် နေဆာလှုံနေတယ်။ ဒီလှူကြည့်လိုက် နေဆာလှုံရင်းလုပ်စရာရှိတာ လုပ်နေတယ်။

အဲဒါတွေမြင်တော့ ဝန်မင်းကြီး ဦးညိုမြအနေနဲ့ နေဆာလှုံချင်လာတဲ့အတွက် စောင်ခြုံပြီး ထွက်လာတယ်၊ သို့သော်လဲ သူခြုံလာတာက စောင်မဟုတ်ဘဲ ပိုးကံ့စင်း ထဘီကြီးဖြစ်နေတယ်။

တပည့်လက်သား အိမ်တော်သားတွေက ထဘီကြီးကို မြင်ကြပါရဲ့။ မြင်ပေမယ့် မပြောရဲတဲ့အတွက် တစ်ဖက်ကို မျက်နှာလွှည့်ပြီး ပြုံးနေကြသတဲ့။ အဲဒီအခိုက်မှာ နာခံတော်ဦးစိုးရောက်လာတယ်။ ငယ်သူချင်း ကစားဖော်ကစားဖက်ပေါ့၊ ဒါပေမယ့် ဦးစိုးကလဲနားလည်တယ်၊ တည့်တည့်မပြောဘူး။

'ဝန်မင်းတို့များ ဘုန်းတော်ကြီးဘုရား အသနားတော်ခံ ရတဲ့ ကမ္ဗလာနီကြီး ခြုံပြီး နေဆာလှုံနေပုံက ကျက်သရေ ရှိပါဘိဗျာ'

ဘုန်းတော်ဘုရားထံက တစ်ခါမှ ကမ္ဗလာနီ အသနားရဘဲနဲ့ ဒီလိုပြောတာဟာ ထဘီပဲဖြစ်ရမယ်လို့ တွေးကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



အလွန် မိုက်တဲ့ မိန်းမ၊ ကိုယ့်ထဘီမှ ကိုယ်နေရာကျအောင်မထားဘူး’

အစချီပြီး မနီးမဝေးမှာ ရောက်နေတဲ့ ဝန်ကတော်ကို အော်ငေါက်ပါလေရော။ ဝန်ကတော်ကလဲ မခံပါဘူး။

‘ဩော်. . . ဝန်မင်းနှယ်၊ ကိုယ်ဖျင်းလို့ မှားတာကို သူတစ်ပါးအပေါ် အပြစ်တင် နေရသေးသလား

လို့ ပြန်ပက်တဲ့အတွက် ဦးညိုမြ တိတ်သွားသတဲ့။

‘အေးပေါ့လေ၊ အခုလဲ ဝန်မင်းကြီး ဦးညိုမြ စောင်ခြုံမှားတယ်ပဲ သဘောထားပါတော့ကွာ’

ဦးလှိုင်မြင့်စကား နိဂုံးအချုပ်မှာ ချက်နှီဆီသမားလည်း တဟားဟား ရယ်မောနေတဲ့ အလုပ်သမားတွေကို လိုက်လံ တောင်းပန်နေလေရဲ့။

* * *

## ဟန်ပန်နှင့်လာခါမှ

ဆိုင်ထဲကို ဝင်လာတဲ့ လူသစ်ကို ဦးလှိုင်မြင့် သတိထားပြီးကြည့်နေတယ်။ မိတ်သစ်ကို ဂရုစိုက်ရင် မိတ်ဟောင်းဖြစ်လာနိုင် တဲ့အတွက် အလုပ်သမားတွေကလည်း အရေးတယူ ကြိုဆိုတယ်။

ဒါပေမယ့် လူသစ်က အတက်ချ်ကေ့စ်ကို စားပွဲပေါ်မှာ ဟန်နှင့်တင်တယ်။ အပေါ်အင်္ကျီကို ကုလားထိုင်မှာစွပ်တယ်။





ချုပ်စောင့်နေတဲ့ အလုပ်သမားတွေကို ဘာမှ မပြောသေးဘူး။ ရှပ်အင်္ကျီလက်ကို ခေါက်တယ်။ ပြီးတော့ စီးကရက် ထုတ်ညှိပြီးမှ. . .

‘ဘာလီ ရှိတယ်နော်၊ စစ်ရဲ့လား’

‘စစ်ပါတယ်၊ မစစ်ရင် ပိုက်ဆံမပေးပါနဲ့’

အေး. . . တစ်လုံးပေး’

အလုပ်သမားက ပိုက်တပ်ထားတဲ့ ပုလင်းနဲ့ မုန့်ပန်းကန်တွေ ချပေးတော့ ဖန်ခွက်နဲ့ အထည့်ခိုင်းတယ်၊ ဖန်ခွက်ကို ရိုးရိုး မသောက်ဘဲ နှုတ်ခမ်းကို စက္ကူနဲ့ အပွတ်မှာ ဖန်ခွက်မှောက်ပါလေရော။ တစ်ကိုယ်လုံးရွှဲတယ်။ ဖန်ခွက်ကွဲတယ်။ ချင်ချင်းထပြီး ငွေငါးဆယ်ထုတ်ပေးပြီး ပြန်ဖို့ ပြင်ဆင်တယ်။

အလုပ်သမားတွေက ပိုက်ဆံမယူဘဲ ပြန်ပေးတယ်။ ဦးလှိုင်မြင့်ကလဲ မယူပါရစေနဲ့ပြောတယ်။ ဒါပေမယ့် ကောင်တာပေါ် ပစ်ပေးခဲ့ပြီး ထွက်သွားတယ်။ ဆိုင်ထဲမှာ ရှိနေတဲ့ တခြား ပရိသတ်က ဟားတိုက်ရယ်တယ်။

‘ဟိုသားအမိနဲ့ တူလိုက်တာ’

ဦးလှိုင်မြင့်က ဒါပဲ ပြောပြီး ပြုံးနေတယ်။

သူပြောတဲ့ ဟိုသားအမိဆိုတာ ဟိုရှေးရှေးတုန်းက သားအမိပါ၊ အဲဒီသားအမိအနေနဲ့ ရွာကြီးတစ်ရွာမှာ နေတယ်လေ။ သမီးက ချောလဲချော လှပယဉ်ကျေးခြင်းလဲ ရှိတဲ့အတွက် မိခင်မှာ ဘဝင်မြင့်ကြီး မြင့်ပြီးတော့ ဟိုလူနဲ့လဲ မတန်ဘူး။ ဒီလူနဲ့မတန်ဘူး၊ ပြောပြော လွှတ်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ထဲရွာထဲက သူကြီးသား၊ ပွဲစားသား၊ ကုန်သည်သားများကို အဖက် မတန်၊ အရာမဟုတ်။ ရွှေမြို့တော်ကြီးမှာ မင်းကတော်၊ စိုးကတော် ဖြစ်ရစေမည် ရည်မှန်းထားတယ်။ အဲ့ဒါကြောင့် ငါ့သမီး လှပပုံ၊ ယဉ်ကျေးပုံကို ရွှေမြို့တော်နေ မင်းစိုးရာဇာအပေါင်း တွေ့မြင်ပြီး ဥမ္မာဒန္တီကို မြင်ရတဲ့ သိဝိမင်းကြီးလိုဖြစ်ရစေ့မယ် ကြုံးဝါးသတဲ့။

ကြုံးဝါးချက်ညီအောင် ချစ်သမီးကို ကျကျနနပြင်ဆင်၊ အကောင်းဆုံး၊ အညွန့်ဆုံးအဝတ်တွေ အဝတ်ခိုင်းပြီး ရွှေမြို့တော်ကို ခေါ်သွားသတဲ့။ ရွှေမြို့တော်ကိုသွားရာမှာ လှပစွာပြင်ဆင်ထားတဲ့ ခြောက်ဒေါင်လှည်းယာဉ်ကျော့နဲ့ပေ့ါ။ ကံမကောင်းချင်တော့ ရွှေမြို့တော်အလယ် လူစည်ကားတဲ့အရပ်ကို အရောက်မှာ နွားလန့်ပြီးပြေးတဲ့အတွက် လှည်းမှောက်သတဲ့။

သမီးချောမှာ လွင့်စဉ်သွားပြီး ခါးဝတ် ပြေပြုတ်နေချိန် မှာ လေပွေကြီးလာတဲ့အတွက် လေထဲမှာ ထဘီပါသွားတယ်။ မိခင်ဖြစ်သူမှာ သမီးကိုယ်ခန္ဓာ ဗလာဖြစ်နေတာ မြင်တော့ ကြံရာမရဖြစ်ပြီး ခါးဝတ်ချွတ်ပြီး ကာထားသတဲ့။

သမီးဖြစ်သူမှာ ကိုယ်တုံးလုံးဖြစ်လို့ လုံးလုံးကြီး အရှက်ရစဉ်မှာ မိခင်ကပါ ဗလာကျင်းပြန်တော့ နှစ်ယောက်လုံးအရှက်ကွဲရတာပေ့ါ။ တဘက်နဲ့ ပတ်ရင် ဖြစ်ပါလျက်နဲ့ စောင်နဲ့ဖုံးရင် လုံပါလျက်နဲ့ လုံချည်ချွတ်ပြီး ကာမိတာကိုး။

ဦးလှိုင်မြင့်အနေနဲ့ အဲဒီလိုပြောအပြီးမှာ မှတ်ချက်ချလေ့ရှိပေမယ့် အခုတစ်ခါမှာတော့ သူ့ဆိုင်ထဲမှာ ကသိကအောင့်





ဖြစ်သွားတဲ့လူအတွက် ဘာမှ မှတ်ချက်မပေးဘူး။ တခြားလူတွေကပဲ ရယ်မောနေကြတယ်။

✹ ✹ ✹

## အဲဒါပဲ ကျန်သဗျို့

ဦးလှိုင်မြင့်ရဲ့သား မောင်နံပါတ်တူးအနေနဲ့ ပညာကို ဆုံးခန်းတိုင်အောင် မသင်ပါဘူး။ ကျောင်းစရိတ်မရှိလို့ သတင်းစာပို့ရင်း ကျောင်းတက်ရတဲ့ ကလေးတွေ၊ ဈေးရောင်းရင်း ကျောင်းတက်ရတဲ့ကလေးတွေကို သူမမြင်ပါဘူး။ ကျောင်းကို အေးအေးဆေးဆေး တက်ပြီး ပညာကို တဝကြီး ရှာနိုင်တဲ့ အခွင့်အရေး သူ့မှာရှိပေမယ့် တစ်ဝက်တစ်ပျက်နဲ့ ကျောင်းထွက်တယ်။

အဲဒီနောက် တေးသံရှင်လိုလို၊ တေးထုတ်လုပ်သူလိုလို၊ ဂီတသမားလိုလို လုပ်ပါတယ်။ မိဘထုတ်ပေးတဲ့ အရင်းအနှီး ကုန်ပါတယ်။ အပေါင်းအသင်း စုံတဲ့အတွက် အရက်သောက်လာတယ်။ ဆေးလိပ်သောက် တတ်လာတယ်။ ဘာမှ မလုပ်တော့ဘူးဆိုပြီး လက်မြှောက်ပြီး ခြေမြှောက်ပြီး မိဘထံပြန်လာချိန်မှာ စီးကရက်စွဲတဲ့ ဝေဒနာနဲ့ ချောင်းဆိုးသွေးပါ ရောဂါပါ ပါလာတယ်။

မိခင်ကတော့ ကရုဏာဒေါသောနဲ့ မကျေမနပ် မြည်တွန် တောက်တီးတယ်။ ဦးလှိုင်မြင့်ကတော့ 'ကျွန်တော့် ...ခန်းသား ငနဲ့မှာ ငရဲသာ ကျန်ရစ်ပါသဗျို့ ဆိုတာလို ...ဲ့သာပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်သောက်နေတဲ့ လူအချို့အနေနဲ့ ဦးလှိုင်မြင့် ဘာပြောပါ့မလဲ စောင့်နေတာကလား။ ဦးလှိုင်မြင့် ပါးစပ်ပိတ်နားထားလို့ ဘယ်ရမလဲ။

ပခန်းဘက်မှာ လူထွက် တစ်ယောက်ရှိသတဲ့။ အိမ်ရာထောင်ပြီးတဲ့နောက်မှာ သားကျွေးမှု မယားကျွေးမှု အတွက် ဆီလည်ပြီး ရောင်းရှာတယ်။ မတတ်သာလို့ အရပ်တကာ လည်ပြီး ဈေးရောင်းရပေမယ့် လူထွက်ပီပီ အရှက်ကြီးတယ်။ မဟုတ်တာ မမှန်တာ မပြောဘူး။

ဈေးဝယ်လာသူများကလဲ အရင်းတစ်ကျပ်ကျတာကို 'အရင်းကိုကငါးမတ်ပါအစ်မရယ်။ တစ်ပဲအရှုံးခံပေးပါ့မယ်၊ တစ်ကျပ်သုံးပဲနဲ့ယူပါ' တော့လို့ ပြောမှ သဘောကျသူလဲရှိတယ်။

'ကျုပ်နှမမို့ ပိုပိုသာသာပေးတာပါ။ ဒီလိုသာ လူတိုင်းကို ပေးရရင် မွဲရချည့်၊ ကဲယူပါယူပါ' ပါးစပ် ပြောချိုပြီးခွက်လိမ်မှ၊ အလေးချိန်ခွင် မမှန်မှ ကြိုက်တဲ့ ဈေးဝယ်များကလဲ ရှိကြပြန်တယ်။

ဒါပေမယ့် ဣန္ဒြေသိက္ခာရှိရှိနဲ့ မှန်ကန် ကောင်းမွန်စွာ ရောင်းတော့ လူကြိုက်နည်းတယ်လေ။ လူကြိုက်နည်းတော့ အရောင်းအဝယ် မဖွံ့ဖြိုးဘူး။ ငွေကြေး မပြေလည်တော့ မယားက ဆဲတာပေါ့။

မယားဆဲလဲ ဆဲချင်စရာပဲလေ၊ ပိုက်ဆံ များများစားစား မရဘဲကိုး။ ဒါလောက် ငရဲကြောက်ရင် ဘာပြုလို့ လူ့ဘောင်ကိုလာရသေးလဲဆိုတဲ့စကားကို နေ့တိုင်းပြောတဲ့အတွက် ဆီသည်ရဲ့စိတ်ထဲမှာ မကောင်းတာတွေ ဝင်လာခဲ့တယ်။





အဲဒါကြောင့်ဆီတွေဝယ်ယူပြီး အောက်မြို့ကျေးရွာတွေကို သွားရောက် ရောင်းချသတဲ့။ မယားစကားက ဝင်နေတော့ အလေးစည်းလဲ ချိန်ခွင်စည်းလဲ ရောင်းဖို့လဲ မရှက်တော့ဘူး။ ဆီထဲမှာ ဟိုဟာဒီဟာ ထည့်ရမှာလဲမရွံ့တော့ဘူး။ မဟုတ်မမှန် လီဆယ် ပြောဖို့လဲ မကြောက်တော့ဘူး။

သုံးလလောက် အကြာမှာ ပါသွားတဲ့ ဆီတွေ ကုန်တဲ့ အတွက် ငွေထုပ်ပိုက်ပြီး ပြန်အလာမှ လေပြင်းမိပြီး လှေမှောက် တယ်။ လေငြိမ်တဲ့ အခါကျတော့ လှေမှောက်တဲ့ နေရာမှာ ရေငုပ်ပြီး ရှာဖွေပေမယ့် ဆီသည်ရဲ့ငွေကို မတွေ့ဘူး။

အဲဒါကြောင့် အကြိမ်ကြိမ် ရေငုပ်လို့ရှာဖွေပြီး နောက်ဆုံး လက်လျှော့တဲ့အနေနဲ့ ရေပေါ်ကို ပေါ်လာတဲ့ အခါမှာ ဆီသည်မှာ ဝမ်းနည်း ပန်းနည်း အော်တာက. . .

'ကျွန်တော် ပခန်းသားငနဲမှာ ငရဲသာကျန်ပါတော့သတဲ့' တဲ့။ ပါးစပ်ဟာပြီး နားထောင်သူတွေ ဝေါခနဲ ပွဲကျသွားပေမယ့် ဦးလှိုင်မြင့်က. . .

'ကျွန်တော် သားမှာလဲ တီဘီရောဂါပဲ ကျန်ပါတော့သတဲ့ ဖြစ်သွားပြီပေါ့ဗျာ၊ ဟား. . . ဟား. . . ဟား'

ဆက်ပြောအပြီးမှာ တအားအော်ဟစ်ရယ်မောကြလေရဲ့။

□□□

www.burmeseclassic.com

www.burmeseclassic.com

# ရွှေပန်းသား နှင့် ပုတောသား

BURMESE CLASSIC .com

ဟာ
သ
မျိုး

www.burmeseclassic.com